# [illegible]

## မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ

## ရွှေဥဒေါင်း

ဒုတိယအကြိမ်

mgyoe.com

# ဂံနီးကြိုသာ

မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ

## ရွှေဥဒေါင်း



SOD0021

2,700.00 KS

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘုံနန်းရိပ်သာ
## မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ
## ရွှေဥဒေါင်း

စုံထောက်ဦးစံရှား၊ မောင်စံရှား ပေါင်းချုပ်များတွင်
ပါဝင်ပြီးဖြစ်သော်လည်း
မဂ္ဂဇင်းဝတ္ထုရှည်များကိုချည်း သီးခြားဖတ်ရှု အရသာခံနိုင်ရန်
ရွေးချယ်စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။
စုစုပေါင်း ၁၁ ပုဒ်ရှိရာ 'တစ်ကျွန်းပြန်' နှင့် 'ဘုံနန်းရိပ်သာ' ဟူ၍
၂ အုပ် စီစဉ်ထုတ်ဝေထားသည့်မူကို ပြန်လည်ရိုက်နှိပ်ပါသည်။

ဒုတိယအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com

ဘုံနန်းရိပ်သာမဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၉၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ စိတ်ကူးချိုချို၏ ပထမအကြိမ်ပြန်လည်စီစဉ်သည်မှု၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

၁။ ဘုံနန်းရိပ်သာအိမ်ကြီး

၂။ ဘောင်ဒရီလမ်းလူသတ်မှု

၃။ အာဇာနည်အသင်းအမှု

၄။ မောင်စံရှားသည် အဘယ်ကြောင့် လူပျိုကြီးလုပ်၍ နေပါသနည်း

၅။ နန်းစဉ်ပတ္တမြားအမှု

mgyoe.com


mgyoe.com

mgyoe.com



mgyoe.com

# ဘုံနန်းရိပ်သာအိမ်ကြီး နှင့် ပတ်သက်သော အမှု



mgyoe.com



mgyoe.com

mgyoe.com

## ဘုံနန်းရိပ်သာအိမ်ကြီးနှင့် ပတ်သက်သောအမှု

ယခင် အင်္ဂလိပ်အစိုးရလက်ထက်က ကျွန်တော်၏ မိတ်ဆွေကြီး ဦးစံရှားနှင့် ပတ်သက်သော မှတ်တမ်းများကို ပြန်လည်ဖတ်ရှုသောအခါတွင် ထိုစဉ်က ပူပူနွေးနွေး ရှိနေသေးသဖြင့် ရေးသားဖော်ပြရန် မလျော်သေးသည့်အတွက်ကြောင့် ချန်လှပ်ထားခဲ့ရသော အဖြစ်အပျက်တစ်ခုကို တွေ့ရှိရာ ယခုအခါတွင် ကာယကံရှင်များ ကွယ်လွန်ကြသည်မှာ အတန်ကြာပြီဖြစ်၍ 'ဘုံနန်းရိပ်သာ' တိုက်အိမ်ကြီးနှင့် ပတ်သက်သည့် အောက်ပါအခြင်းအရာများကို ဖော်ပြလိုက်ပေသည်။

မကြုံစဖူး အထူးအေးချမ်းလှသည့် တစ်ခုသော ဆောင်းဥတုရာသီ ဒီဇင်ဘာလ၌ အဟုတ်တကယ် ချမ်းအေးခြင်းနှင့် မကြုံဖူးကြသော ရန်ကုန်မြို့သူမြို့သားများမှာ အထက်မြစ်ညာဒေသ၏ ဥတုမျိုးနှင့် ရုတ်တရက် ကြုံတွေ့ကြရသည် ဖြစ်သောကြောင့် 'ချမ်းလှချည့်၊ အေးလှချည့်' နှင့် တညည်းညည်း တညူညူ ရှိနေကြသည့်အတွင်း နေမင်းသည်လည်း မိုးတိမ်များဖုံးအုပ်ထားသဖြင့် အပူငွေ့ မပေးနိုင်ဘဲ ရှိနေရသည့်ပြင် မိုးကလေးလည်း တစိမ့်စိမ့် တဖွဲဖွဲ ထပ်ကာတလဲလဲ ရွာသွန်းလျက်ရှိသည် ဖြစ်သောကြောင့် စည်းစိမ်ရှင်များမှာ အိမ်ပြင်သို့ထွက်ဖို့ စိတ်မကူးကြဘဲ စောင်ခြုံထဲတွင် ပိုးဆေးလုံးကောင်များနှင့် တုပြိုင်ကာ ဒူးနှင့်မေးစေ့ ထိလုမတတ်ရှိအောင် တကွေးတည်း ကွေးလျက် ရှိကြလေတော့သည်။

ကျွန်တော်မှာ စည်းစိမ်ရှင် မဟုတ်သော်လည်း ထိုနေ့အဖို့ အပြင်သို့ထွက်ရန် အလုပ်ဝတ္တရား မရှိသည့်အတူတူ အထူဆုံးသော အဝတ်အစားများနှင့် ဆိုဖာပေါ်တွင် ဆေးပေါ့လိပ်ကြီးကို မှိန်း၍ ဖွာလျက်ရှိသော်လည်း ဦးစံရှားမှာမူကား နေ့လယ်လောက်က ရရှိထားသော ကြေးနန်းတစ်စောင်အတွက် စာရွက်ပေါ်တွင် ပြန်စာရေးလျက်ရှိလေ၏။

mgyoe.com

mgyoe.com

ဦးစံရှားသည် ကြေးနန်းစာရွက်ကို ကြေးနန်းရုံးသို့ ပို့လိုက်ပြီးနောက် စကားတစ်ခွန်းမျှ မပြောဘဲ ထိုအကြောင်းကိုပင် ဆက်လက် စိတ်ကူးနေသည့် လက္ခဏာနှင့် ဆေးတံကိုဖွာရင်း မျက်နှာကြက်သို့ တက်သွားသော မီးခိုးများကို အတန်ကြာအောင် စိုက်ငေး မော့ကြည့်နေပြီးမှ–

ရှား။ ။ "ထူးဆန်းသော ဆိုတဲ့စကားကို ဝိသေသနပုဒ်ထည့်ရင် ဘယ်လိုထည့်မလဲဗျာ ကိုသိန်းမောင်"

ကျွန်။ ။ "အလွန်ထူးဆန်းသော၊ အံ့သြဘနန်း ထူးဆန်းသောပေါ့ခင်ဗျာ"

ရှား။ ။ "ဒို့ပြင်ကောဗျာ"

ကျွန်။ ။ "အလွန်အမင်း"

ရှား။ ။ "တော်စမ်းပါဗျာ ကိုသိန်းမောင်၊ စိတ်ကူးဉာဏ် သုံးစမ်းပါဦး။ အလွန်ဆိုရင် အလွန်တရာတို့၊ အလွန်အမင်းတို့၊ အလွန့်အလွန်တို့ ပါကုန်ရောပေါ့ဗျ။ ဒို့ပြင်ကောဗျ"

ကျွန်။ ။ (စိတ်ခပ်တိုတိုနှင့်) "ပြောတတ်ဘူးဗျာ"

ရှား။ ။ (ကျွန်တော်၏မျက်နှာကို လှမ်းကြည့်လျက်) "စာရေးဆရာလုပ်မယ်ကြံရင် စကားအသုံးအနှုန်းမှာ စိတ်ကူးဉာဏ်သုံးမှပေါ့ ကိုသိန်းမောင်ရဲ့။ အလွန်တရာဆိုတဲ့ ဝိသေသနမျိုးဟာ စိတ်ကူးဉာဏ်မထုတ်ချင်တဲ့ လူပျင်းစာရေးဆရာတွေ သုံးတာဗျ"

ကျွန်။ ။ "ဝိသေသနလောက်ကို အချိန်ကုန်ခံပြီး စိတ်ကူးမနေနိုင်ပေါင်ဗျာ"

ရှား။ ။ "အဲဒါ ခင်ဗျားတို့ မှားတာပဲ။ ကဲလွန်တဲ့ ဂုဏ်အခြင်းအရာကို ဖော်ပြတဲ့အခါမှာ အလွန်ဆိုတာမျိုးဟာ ပြီးလွယ်စီးလွယ် ကလေးသူငယ်များသုံးတတ်တဲ့စကားမျိုးဗျ။ ဘယ်လောက်ကြီးတယ်ဆိုတာ ပြောမပြတတ်တော့ 'ရောမဟာကြီး' ဆိုတာမျိုးလိုပဲ"

ကျွန်။ ။ "ခင်ဗျား စာရေးရင်တော့ သိပ်စေ့စပ်မှာပဲဗျို့"

ရှား။ ။ "ဘာပြောကောင်းမလဲဗျာ။ ကြီးတယ်ဆိုရင် ကျုပ်က အတိုင်းအထွာပါမှ ကြိုက်တယ်။ ဒါထက် ထူးဆန်းသောဆိုတဲ့ စကားကို ဒို့ပြင် ဝိသေသန တွေးပါဦးဗျ"

ကျွန်။ ။ "ခက်နေပါပြီဗျာ။ ချမ်းအေးရတဲ့အထဲမှာ ခင်ဗျားက အလုပ်ပေးလိုက်တာဗျာ။ ကဲဗျာ...မယုံနိုင်လောက်အောင် ထူးဆန်းသော ဆိုရင်ကောဗျာ"

ရှား။ ။ (ကျွန်တော်၏လက်ကို ဆွဲကိုင်လှုပ်ယမ်းလျက်) "ဒီလိုမှပေါ့ ကိုသိန်းမောင်၊ ကျုပ်ရထားတဲ့ ကြေးနန်းထဲမှာ သုံးထားတဲ့ စကားလုံးနဲ့ ကိုက်နေတော့တာပဲ။ ရော့...ဒီမှာ ကြည့်စမ်း"

mgyoe.com

mgyoe.com

ကျွန်တော်သည် ဦးစံရှားလှမ်းပေးသော ကြေးနန်းကို ဖတ်ကြည့်ရာ အောက်ပါ အဓိပ္ပာယ်အတိုင်း တွေ့ရှိရလေသည်။

မယုံနိုင်လောက်အောင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ နေရပါသည်။ ဦးစံရှားကို တွေ့နိုင်ပါသလား။

ဦးအောင်မင်း

ကျွန်။ ။ (ကြေးနန်းစာရွက်ကို ပြန်ပေးရင်း) "လူကတော့ဖြင့် တော်တော် ဟန်ကြီးပန်ကြီးထဲကနဲ့ တူတယ်ဗျို့။ ကြေးနန်းထဲမှာတောင် သူ့နာမည်ကို 'ဦး' တပ်ပြီး ရိုက်ထားတယ်။

ရှား။ ။ "ဟုတ်ကဲ့၊ ရှေးခပ်ကျကျထဲကနဲ့ တူပါရဲ့ဗျ"

ကျွန်။ ။ "ခင်ဗျားက ဘယ့်နှယ် ပြန်ရိုက်လိုက်သလဲ"

ရှား။ ။ "မေးနေဖို့ လိုသေးသလား ကိုသိန်းမောင်၊ ခုတလောမှာအမှုပါး ရတဲ့အထဲ မိုးကအေး၊ မြောက်လေကလည်း မှန်လွန်းလို့ မချမ်းစဖူး ချမ်းအေး နေလေတော့ ဆိုဖာပေါ်မှာ ဘိန်းမှိန်းသလို မှိန်းနေချင်တာလောက် ရှိတော့တာပဲ။ ခုလို အမှုကလေး ထူးထူးဆန်းဆန်း ပေါ်ပေါက်လာမှ လှုပ်လှုပ်ရှားရှား သွား သွားလာလာ လုပ်ချင်တော့မှာမို့ ကျုပ် သိပ်ဝမ်းသာနေတာပဲ"

ထိုနေ့ညနေ၌ ကျွန်တော်တို့၏အမှုသည် ဦးအောင်မင်းသည် တိုက်ပေါ်သို့ တက်လာလေရာ ပုဆိုးတောင်ရှည်၊ ကျားပါးစပ်ဖိနပ်၊ ငွေသပ်တုတ်ကောက်၊ တာဖတာ ရင်ဖုံးအင်္ကျီ စသည်တို့ဖြင့် သိုက်မြိုက်ခံ့ညားစွာ ဝတ်ဆင်ထားသည့်ပြင် အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် နှုတ်ခမ်းမွေးကောင်းသူတစ်ယောက် ဖြစ်သောကြောင့် အသက်အရွယ် ၄၀ နှင့် ၅၀ ကြားတွင်ရှိသော်လည်း လူကြီးဂိုက် ဖမ်းထားသည့်အတွက် အသက် ၅၀ အထက်ဟူ၍ ခန့်မှန်းလောက်ပေ၏။ အလွန်အမင်း ဉာဏ်ထက်မြက်ဟန်မရှိသော်လည်း တည်ကြည်သောမျက်နှာနှင့် ခံ့ညားသော ကိုယ်ဟန်အမူအရာတို့ပြင် သိုက်မြိုက်သော ဝတ်ပုံစားပုံတို့ကို မြင်ရခြင်းအားဖြင့် ဗရွတ်ရွတ်တ ပြောတတ် လုပ်တတ်မည့် လူတစ်ယောက် မဟုတ်ဟူ၍ တစ်ခါတည်း ဆုံးဖြတ်ချက်ချနိုင်လောက်ပါပေ၏။

စင်စစ်မှာ ထိုသူ၏ ကိုယ်လုံးအမူအရာ မျက်နှာထားနှင့် အဝတ်အစားတို့ တွင် ကလေးကလားရှိခြင်း၊ သိမ်ဖျင်းသေးနုပ်ခြင်းတည်းဟူသော အခြင်းအရာမျိုး တစ်ခုမျှမပါရှိချေ။ သို့ရာတွင် ထိုလူကြီး၏ မျက်နှာသည် တည်ကြည်သော ဣန္ဒြေရှိသည်ဆိုသော်လည်း စိတ်ကို အတော်အတန် ထိခိုက်သည့် အခြင်းအရာ တစ်စုံတစ်ခုနှင့် ကြုံတွေ့ထားရသည့် လက္ခဏာနှင့် ယောက်ယက်ခတ်ဖြစ်နေသော အမူအရာမျိုးမှုကား စေ့စပ်စွာ ကြည့်ရှုသောအခါတွင် တွေ့မြင်နိုင်ပေတော့သည်။

mgyoe.com

mgyoe.com

နေရာထိုင်ခင်းပေး၍ ကုလားထိုင်ပေါ်တွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ထိုသူသည် မိမိ၏ အဖြစ်အပျက်ကို စတင် ပြောပြလေတော့၏။

မင်း။ ။ "တစ်သက်မှာ တစ်ခါမှမကြုံဖူးအောင် ထူးထူးဆန်းဆန်း လာတွေ့နေရပါတယ် ဦးစံရှားခင်ဗျာ။ ဘယ်လိုဟာမျိုးရယ်လို့ ကျွန်တော်ဖြင့် ပြောပဲမပြောတတ်အောင် ဖြစ်နေပါပြီခင်ဗျာ"

ရှား။ ။ "ကျွန်တော့်ဆီကို ခင်ဗျား ဘာကြောင့်လာတာလဲ"

မင်း။ ။ "ဒီလိုပါခင်ဗျာ။ ကျွန်တော် ကြုံတွေ့ရတဲ့ ကိစ္စဟာ ပုလိပ်နဲ့ သက်ဆိုင်တယ်လို့ မဆိုနိုင်ပါဘူး။ ကျွန်တော်ပြောပြတော့ သိကြရပါလိမ့်မယ်။ အရေးမယူဘဲ ဒီအတိုင်းပစ်ထားလို့လည်း မဖြစ်နိုင်အောင် ရှိနေပါတယ်။ အမှန်ပြောရရင် ကျွန်တော်က ပုလိပ်နဲ့ဆက်ဆံချင်တဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး။ သို့သော် ဦးစံရှားအကြောင်းတော့ ကျွန်တော် ကြားဖူးတာနဲ့..."

ရှား။ ။ "မှန်ပါတယ်၊ မှန်ပါတယ်။ ဒါထက် ကျွန်တော့်ဆီကို ဘာကြောင့် ချက်ချင်းမလာသလဲ"

မင်း။ ။ (အံ့ဩသော မျက်နှာထားနှင့်) "ဘယ်လိုပြောတာလဲခင်ဗျာ"

ရှား။ ။ "ကျွန်တော့်ဆီကို ခင်ဗျား ကြေးနန်းရိုက်လိုက်တော့ နာရီပြန် တစ်ချက်ရှိပြီ။ ခင်ဗျား ကြည့်ရတာတော့ ဒီမနက်ကတည်းက တုန်လှုပ်ချောက်ချားနေတဲ့ လက္ခဏာ တွေ့ရတယ်"

မင်း။ ။ (မရိတ်ခဲ့ရသေးသဖြင့် မည်းလျက်ရှိသော မေးစေ့ကိုစမ်းလျက်) "မှန်ပါတယ်ဗျာ။ ရိတ်နေကျ မုတ်ဆိတ်ကိုတောင် ကျွန်တော် မရိတ်နိုင်အောင် မနက်မိုးလင်းကတည်းက နေမထိထိုင်မထိ ဖြစ်နေပါတယ်။ အမှန်အတိုင်းတော့ ဦးစံရှားဆီ ကြေးနန်းရိုက်ပြီး မမေ့မီ စုံစမ်းစရာရှိတာကလေးတွေ စုံစမ်းနေမိပါသေးတယ်။ ဦးထွန်းကျော်နေတဲ့ အိမ်ရှင်ကို ကျွန်တော် သွားမေးကြည့်တော့ အိမ်လခလည်း မှန်မှန်ရပါတယ်လို့ ပြောလိုက်ပါတယ်"

ရှား။ ။ (ရယ်မောလျက်) "ဦးအောင်မင်းက ဟောဒီက ကိုသိန်းမောင်လို ဖြစ်နေပါပြီကော။ ပြောစရာရှိတာကို အစက စပြီးမပြောဘဲ အဖျားဆွတ် ပြောလို့ နားထောင်တဲ့လူက ဘယ်မှာနားလည်နိုင်ပါ့မလဲဗျ။ ဖြစ်ပုံပျက်ပုံအလုံးစုံကို အစကစပြီး အဆုံးတိုင် စီကာပတ်ကုံး ပြောပြဦးမှပေါ့ ဦးအောင်မင်းရဲ့။ ဦးထွန်းကျော်ဆိုလို့ ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲခင်ဗျ"

မင်း။ ။ "မှားပါတယ်ခင်ဗျာ၊ ကျွန်တော် ဝန်ခံပါတယ်။ တစ်သက်လုံး ခပ်အေးအေးနေလာတဲ့ လူတစ်ယောက်မှာ ခုလို ထူးထူးဆန်းဆန်း လာကြုံတော့ ကယောင်ချောက်ချား ဖြစ်ကုန်တော့တာပါပဲခင်ဗျာ။ ကိုင်း...ကျွန်တော် ပြောပြ

mgyoe.com

mgyoe.com

ပါတော့မယ်။ ဦးစံရှားတို့ ကျွန်တော့်စကားကို ကြားပြီးတဲ့အခါကျတော့ ဘယ်လို ကြောင့် ကျွန်တော် ကယောင်ချောက်ချား ဖြစ်နေတယ်ဆိုတာကို နားလည်ကြပါ လိမ့်မယ်"

ဦးအောင်မင်းသည် ကျွန်တော်တို့အား ပြောပြမည်ဟု စကားခင်းလိုက်သည် နှင့် တစ်ပြိုင်နက် အခန်းတံခါးကို ခေါက်သဖြင့် ဖွင့်ပေးလိုက်သည်တွင် ပုလိပ် အရာရှိ နှစ်ယောက်တို့သည် အခန်းထဲသို့ ဝင်လာကြလေ၏။ တစ်ယောက်သော သူမှာ ကျွန်တော်တို့နှင့် ကြိမ်ဖန်များစွာ အလုပ်လုပ်ခဲ့ဖူးသည့် အင်စပက်တော် ကိုအုန်းဖေပင် ဖြစ်လေရာ ထိုသူသည် ဦးစံရှားနှင့် နှုတ်ဆက်ပြီးနောက် သူ၏ အဖော်မှာ မော်ဘီမှ ဌာနာအုပ် ဦးဘသောင်းဖြစ်သည်ဆို၍ မိတ်ဆက်ပေးလေ၏။ ကိုအုန်းဖေမှာ တွေ့နေကျ လူတစ်ယောက်ဖြစ်၍ သိပြီးသော်လည်း ဦးဘသောင်း ၏ ရုပ်လက္ခဏာမှာ ကျယ်ပြန့်သောနဖူးနှင့် ကြည်လင်ထက်မြက်သော မျက်လုံး များ ရှိသည်ဖြစ်သောကြောင့် မညံ့သောအရည်အချင်း ရှိရမည်ဟု ကျွန်တော် အကဲခတ်မိပေသည်။

**သောင်း**။ ။ (ဦးစံရှားနှင့် လက်ဆွဲနှုတ်ဆက်ပြီးနောက်) "ကျွန်တော်တို့ နှစ်ယောက် ခြေရာကောက်ပြီး လိုက်လာကြတာ ဦးစံရှားအိမ်မှာ ခြေရာဆုံးသွား တာ တွေ့လို့ တက်လာခဲ့ကြရခြင်း ဖြစ်ပါတယ်။ ဒါထက် ဒီမိတ်ဆွေက မော်ဘီက ဦးအောင်မင်း မဟုတ်ပါလားခင်ဗျာ"

**မင်း**။ ။ "မှန်ပါတယ်"

**သောင်း**။ ။ "ဒီကနေ့ တစ်မနက်လုံး ခင်ဗျားကို ကျွန်တော်တို့ လိုက်ရှာနေ တာ ခုမှ တွေ့ရပေတော့တယ်ခင်ဗျာ"

**မင်း**။ ။ "ခင်ဗျားတို့က ကြေးနန်းကို အခြေခံပြီး ခြေရာကောက် လိုက်ကြတယ်မဟုတ်လား"

**သောင်း**။ ။ "မှန်ပါတယ် ဆရာကြီးခင်ဗျာ။ ကြေးနန်းရုံးမှာ သူ့ကြေးနန်း ကို တွေ့လို့ ဒီမှာရောက်နေမှာပဲဆိုပြီး လိုက်လာကြပါတယ်"

**မင်း**။ ။ "ခင်ဗျားတို့က ဘယ်အတွက်ကြောင့် ကျွန်တော့်နောက်ကို လိုက်နေကြရတာလဲ"

**သောင်း**။ ။ "လိုက်ဆို ဒီလိုပါခင်ဗျာ။ တိုက်ကြီးမြို့က ဦးထွန်းကျော်ဟာ မနေ့ညတုန်းက သေဆုံးလေတော့ ဘယ်လိုကြောင့် သေဆုံးရတယ်ဆိုတာကို ဦးအောင်မင်း သိမလားလို့ ကျွန်တော်တို့ လိုက်လာရခြင်း ဖြစ်ပါတယ်"

ထိုစကားကို ကြားရသောအခါ ဦးအောင်မင်းမှာ အလွန်အံ့သြသော အမူ အရာနှင့် ဆတ်ခနဲ တည့်မတ်စွာ ထိုင်လိုက်လေ၏။

mgyoe.com

mgyoe.com

မင်း။ ။ "ဘာပြောတယ်ဗျာ။ သေရာပြီတဲ့"

သောင်း။ ။ "ဟုတ်ကဲ့၊ သေရာပြီဗျာ"

မင်း။ ။ "ဘယ်ပုံသေတာလဲခင်ဗျာ။ မတော်တဆလား"

သောင်း။ ။ "မတော်တဆဆို သူတစ်ပါးသတ်လို့ သေရတာပေါ့ဗျာ"

မင်း။ ။ "ဩော်...ဖြစ်မှဖြစ်ရလေခင်ဗျာ။ ဒါထက်ခင်ဗျားတို့က ကျွန်တော့်ကို မသင်္ကာဘူးလို့ ဆိုချင်တာလားခင်ဗျာ"

သောင်း။ ။ "ဒီလိုလည်း တပ်အပ် မစွပ်စွဲလိုသေးပါဘူး။ ဒါပေမဲ့ သူ့အင်္ကျီအိတ်ထဲမှာ ခင်ဗျားရေးပို့လိုက်တဲ့ စာတစ်စောင် တွေ့ထားတယ်။ အဲဒီစာအရဆိုရင် မနေ့ညတုန်းက သူ့အိမ်မှာ ခင်ဗျားအိပ်တယ်လို့ ကျွန်တော်သိရတယ်"

မင်း။ ။ "မှန်ပါတယ်။ ကျွန်တော် အိပ်ခဲ့ပါတယ်"

သောင်း။ ။ "ဩော်...ခင်ဗျား အိပ်ခဲ့တယ်ဆိုတာကို မငြင်းဘူးပေါ့လေ"

ဦးဘသောင်းသည် မှတ်တမ်းစာအုပ်ကို ထုတ်၍ ရေးမှတ်လေ၏။

ရှား။ ။ "နေကြစမ်းပါဦး မိတ်ဆွေတို့။ ခင်ဗျားတို့ လိုချင်တာက ဦးအောင်မင်း ထွက်ဆိုချက်ကို လိုချင်ကြတယ်မဟုတ်လား"

သောင်း။ ။ "မှန်ပါတယ်။ ဒါပေမဲ့ သူ အခုထွက်ဆိုသမျှကို ရုံးတော်မှာ တင်ပြရလိမ့်မယ်ဆိုတာကို သတိပေးလိုပါတယ်"

ရှား။ ။ "ဦးအောင်မင်းက သူ့အဖြစ်အပျက်ကို ပြောပြမယ်လုပ်နေတုန်း ခင်ဗျားတို့ ရောက်လာကြတာပဲ။ ကိုင်း...ဦးအောင်မင်း၊ ဒီက ပုလိပ်အရာရှိများလည်း ကြားကြရအောင်ဟာ မင်ဗျား ပြောစရာရှိတာကို ပြောပြစမ်းပါဦး ခင်ဗျာ"

ဦးအောင်မင်းသည် ရေတစ်ခွက်ကို တောင်းယူ၍ သောက်ပြီးနောက် သူ၏ ကိုယ်တွေ့အဖြစ်အပျက်များကို အောက်ပါအတိုင်း ပြောပြလေ၏။

မင်း။ ။ "ကျွန်တော်က မိန်းမသေဆုံးပြီးတဲ့နောက် သားမရှိ၊ သမီးမရှိ မုဆိုးဖိုကြီးအဖြစ်နဲ့ နေထိုင်လာခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အလုပ်အကိုင်ကတော့ အင်္ဂလိပ်ကျောင်းဆရာအဖြစ်နဲ့ အသက်မွေးလာခဲ့ရာမှာ ပထမပတ်သိန်းထီဖွင့်တုန်းက ငါးသောင်းဆုပေါက်တာနဲ့ စောစောစီးစီး ပင်စင်ယူပြီး လယ်မြေကလေးဝယ်၊ ငွေတိုးကလေးချေးပြီး ခပ်အေးအေး နေလာခဲ့ပါတယ်။ တစ်နေ့တော့ ကျွန်တော့်မိတ်ဆွေ ကျောင်းအုပ်ကြီး ဦးဘသင်အိမ်မှာ ဦးထွန်းကျော်ဆိုတဲ့လူနဲ့ တွေ့လို့ စကားလက်ဆုံဝင်ကြပြီး တစ်ယောက်နဲ့တစ်ယောက် အတော် အကျွမ်းတဝင် ဖြစ်ခဲ့ကြပါတယ်။

mgyoe.com

mgyoe.com

"လူက နှုတ်သွက်၊ ရုပ်ချော၊ ဗဟုသုတလည်း အတော်ပြည့်စုံပြီး လူပေါင်းအမတန်ကောင်းလေတော့ ကျွန်တော်က မြင်မြင်ချင်းဆိုသလို သဘောကျမိပါတယ်။ စကားပြောပုံက ခပ်ဝဲဝဲလိုလိုရှိလေတော့ မြန်မာစစ်ပါလေရဲ့လားလို့ ကျွန်တော် အောက်မေ့မိတာ။ သူ့မေးကြည့်တော့ မြန်မာအစစ်ပါလို့ ပြောပါတယ်။ ဒါနဲ့ တစ်ခါ နှစ်ခါ တွေ့မိကြရင်ပဲ တစ်ယောက်နဲ့တစ်ယောက် ခင်မင်သွားကြပြီး ကျွန်တော့်အိမ်ကို သူက လာလည်ပါတယ်။ ကျွန်တော့်ကိုလည်း သူ့အိမ်လာလည်ဖို့ ဖိတ်ပါတယ်။ သူ့မှာလည်း သားမယားမရှိဘူးဆိုလေတော့ လူလွတ်ချင်း ဟန်ကျပြီဆိုပြီး သူဖိတ်တဲ့အတိုင်း သူ့အိမ်ကို သုံးလေးရက်လောက် လည်ရင်းပတ်ရင်း စကားပြောကြဖို့ ကျွန်တော် သဘောတူလိုက်ပါတယ်။

"ဒါနဲ့ မနေ့ညတုန်းက ဦးထွန်းကျော်နေတဲ့ တိုက်ကြီးမြို့ကို ကျွန်တော် သွားလည်ပါတယ်။ သူ့အလုပ်အကိုင်ကတော့ အသက်အာမခံ ကိုယ်စားလှယ်လို့ ပြောပါတယ်။ သူ့အိမ်မှာ ထမင်းချက်တဲ့လူတစ်ယောက်၊ တိုလီမိုလီ ခိုင်းစရာ သူငယ်ကလေးတစ်ယောက်ပဲ ရှိပါတယ်။ အိမ်ကတော့ တိုက်ခံအိမ်ကလေးပါပဲ။ ဝင်းနဲ့၊ ခြံနဲ့၊ မီးဖိုတဲကလေးနဲ့၊ ပန်းပင်ကလေးများနဲ့ တော်တော် သပ်သပ်ရပ်ရပ် ရှိပါတယ်။ ကျွန်တော်က ကိုယ်ပိုင် ဖို့ဒ်ကားကလေးနဲ့ ရောက်သွားတော့ ဦးထွန်းကျော်က ဝမ်းသာအားရနဲ့ ဆီးကြိုပြီး သူငယ်ကလေးက ကျွန်တော့် သားရေအိတ်ကို ကျွန်တော်အိပ်ရမယ့်အခန်းထဲ သွင်းသွားပါတယ်။

"အမှန်ပြောရမှာဖြင့် ဦးထွန်းကျော်ဟာ ကျောင်းဆရာကြီး ဦးဘသင်ရဲ့ အိမ်မှာတွေ့တုန်းကတော့ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်းနဲ့ အင်မတန်လျှာသွက်တဲ့ လူတစ်ယောက်ဖြစ်သော်လည်း မနေ့တုန်း သူ့အိမ်မှာတွေ့ရတော့ တယ်ပြီး မရွှင်လန်းလှဘူးခင်ဗျ။ ညစာ ထမင်းစားကြတော့လည်း ဘာများ စိတ်ကူးနေတယ်လို့ မပြောတတ်ဘူး။ ငိုင်တိုင်တိုင်ဖြစ်နေတာကို တွေ့ရတယ်။ ကျွန်တော့်မှာ ချက်ချင်းလှည့်ပြန်ရင် မကောင်းတတ်လို့သာ ပေနေရတယ်။ စိတ်ထဲမှာတော့ ငါလာမိတာ မှားလေပြီလို့ ခဏခဏ အောက်မေ့မိတယ်။ ဒါပေမဲ့ ကိုယ်လာတဲ့အတွက် ဒီလိုဖြစ်တာ မဟုတ်တန်ကောင်းပါဘူး။ သူ့ကိစ္စနဲ့ သူ တစ်ခုခုဖြစ်လို့ထင်ပါရဲ့ဆိုပြီး ကိုယ့်ဘာကိုယ် ဖြေရတော့တာပခင်ဗျာ။

"ဒါနဲ့ ထမင်းစားကြ၊ ပြီးကြလို့ ပက်လက်ကုလားထိုင်ပေါ်မှာ စကားပြောကြပြန်တော့လည်း တစ်ခါတစ်ခါမှာ ကျွန်တော်ပြောတာက တစ်မျိုးခင်ဗျ။ သူ ပြန်ပြောက တစ်မျိုးခင်ဗျ။ ဒီအထဲမှာ သူ့လက်သည်းသူကိုက်ပြီး စိတ်ကူးနေတဲ့ အမူအရာမျိုးနဲ့ မျက်တောင်စင်းပြီး ငေးငေးနေလိုက်တာလည်း ခဏခဏ

mgyoe.com

mgyoe.com

ခင်ဗျ။ ဒါထက် ဟိုတုန်းကတော့ အမှတ်တမဲ့နေလိုက်ပြီး အခုမှ ရုတ်တရက် ပေါ်လာတဲ့ အချက်ကလေးတစ်ခု ကျွန်တော်ပြောပြရဦးမယ်။

"ဟိုညက ထမင်းစားကြလို့ ပြီးခါနီးမှာ သူငယ်ကလေးက ဦးထွန်းကျော်ရဲ့ လက်ထဲ စာတစ်စောင်လာထည့်တာ မြင်လိုက်ရတယ်။ ဦးထွန်းကျော်ဟာ အဲဒီစာကို ဖွင့်ဖတ်ပြီးတဲ့နောက် သူ့မျက်နှာထားဟာ တွေဝေတဲ့အမူအရာမျိုး ကျွန်တော်တွေ့တယ်။ စာထဲမှာ ဘာအကြောင်းပါတယ်လို့ ကျွန်ကော့်ကို ပြောလည်း မပြောဘူး။ စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ညှိသောက်ပြီး မျက်မှောင်တကြုတ်ကြုတ်နဲ့ အကြံထုတ်နေတာကိုသာ ကျွန်တော် မြင်ရတယ်။ ဒါနဲ့ ၁၁ နာရီထိုးလောက်မှာ အိပ်ရာထဲ အသီးသီးဝင်ကြတော့ ဒီလိုတွေဝေတဲ့ အိမ်ရှင်မျိုးနဲ့ အဖော်လုပ်ပြီး စကားပြောရတာ ပျင်းစရာကောင်းလွန်းလို့ သူနဲ့ခွဲရတာ ဝမ်းတောင်သာမိပါတယ်။

"ဒီနောက် တော်တော်ကြာတော့ ဦးထွန်းကျော်က ကျွန်တော့်အခန်းတံခါးဝမှာ လာရပ်ပြီး သူ့ကိုခေါ်လိုက်ပါသလားတဲ့...မေးလာတယ်။ ကျွန်တော်က မခေါ်ရကြောင်း ပြန်ဖြေတော့ 'ဒါဖြင့်ကျွန်တော် နားကြားမှားလို့ ထင်ပါရဲ့ဗျာ။ နာရီပြန်တစ်ချက်တောင် ထိုးခါနီးသွားပြီ။ အိပ်ပေတော့' လို့ ပြောပြီး သူ့အခန်းကူးသွားပါတယ်။ ဒီနောက် ကျွန်တော်လည်း အိပ်လိုက်တာ တစ်ခါတည်းပျော်သွားတော့တာပါပဲ။

"ကိုင်း...နားထောင်ကြခင်ဗျ။ အင်မတန်ဆန်းတဲ့နေရာ ရောက်လာပြီ။ ဒါနဲ့ ကျွန်တော်နိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျဲကျဲကြီးလင်းနေရုံမက နာရီကြည့်လိုက်တော့လည်း ၇ နာရီတောင် ထိုးနေပြီ။ ညဦးတုန်းက ကျွန်တော့်ကို ခပ်စောစောနှိုးဖို့ သူငယ်ကလေးကို မှာထားရက်နဲ့ မနှိုးကောင်းလေလားလို့ စိတ်ခပ်ဆိုးဆိုးနဲ့ အိမ်ပေါ်ကဆင်းလာတော့ အိမ်အောက်ထပ်မှာ ဘယ်သူမှ မတွေ့ရဘူးခင်ဗျ။ ခေါ်ကြည့်တော့လည်း ဘယ်သူမှ မထူးဘူး။ မီးဖိုဆောင်ကြည့်လိုက်တော့လည်း ဘယ်သူမှမရှိဘူး။ ဒါနဲ့ တံခါးဖွင့်ပြီး သူ့အခန်းထဲ ဝင်ကြည့်တော့ သူ့အိပ်ရာလည်း ဒီအတိုင်းပဲခင်ဗျ။ အိပ်ရာခင်း တွန့်ခြင်း၊ ခြင်ထောင်ချခြင်းမရှိလေတော့ ညကတည်းက သူ မအိပ်ဘူးဆိုတာ သိရတယ်။

"နောက်ဆုံးတော့ ဒီလိုခင်ဗျ...။ ဦးထွန်းကျော်ရော၊ ထမင်းချက်တဲ့လူရော၊ ကောင်လေးရော ညတွင်းချင်း ကြက်ပျောက်ငှက်ပျောက်⁄ ပျောက်ကုန်ကြရောဆိုပါတော့ခင်ဗျ။ ဘယ်သူမှ အစအန မတွေ့ရတော့ပါဘူး။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့် ကားကလေးနဲ့ ပြန်မောင်းပြေးလာခဲ့ပါရောခင်ဗျာ"

mgyoe.com

mgyoe.com

**ရှား**။ ။ (သဘောကျဟန်နှင့် ရယ်မောလျက်) "ဆန်းပါပေ့ဗျာ။ ကြုံရခဲ့တဲ့ အဖြစ်အပျက်ကလေးပါပေပဲ။ ဒါထက် ဒီနောက် ခင်ဗျား ဘာများ လုပ်သေးသလဲဗျာ"

**မင်း**။ ။ "လမ်းရောက်တော့ မခံချင်စိတ်ပေါ်လာတာနဲ့ တစ်ခါပြန်လှည့်ပြီး ဒီအိမ်ရှင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို စုံစမ်းတယ်။ ချစ်တီးတစ်ယောက် ပိုင်တယ်ဆိုလို့ သူ့အိမ်သွားပြီး သူ့အိမ်ငှားသမားတွေ အိမ်လခမပေးဘဲ ထွက်ပြေးကုန်ကြပြီလို့ ကျွန်တော်က သတင်းပေးခဲ့သေးတယ်။ ဒီတော့ ချစ်တီးက တစ်လအတွက် ကြိုတင်ပေးထားပြီးလို့ ကိစ္စမရှိကြောင်း ပြောရာမှာ ကျွန်တော့်အဖို့ သာပြီး မတွေးတတ်အောင် ဖြစ်သွားတယ်။

"အိမ်လခတွေ ပေးစရာရှိလို့ တိတ်တဆိတ် ထွက်ပြေးတယ်ဆိုတဲ့ တွေးလုံးဟာလည်း မကိုက်အောင် ဖြစ်သွားပါရောခင်ဗျ။ နောက်ဆုံးတော့ မော်ဘီပြန်လာခဲ့ပြီး ကျောင်းအုပ်ကြီး ဦးဘသင်ကို ဒီအဖြစ်အပျက် ပြောပြပါတယ်။

"ဦးဘသင်ကလည်း ဦးထွန်းကျော်ကို သူ ကောင်းကောင်း မကျွမ်းနိုးပါဘူးတဲ့။ မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးတာနဲ့ သူ့အိမ်ကို နှစ်ခါသုံးခါလာလို့ တွေ့ဖူးတာပါပဲတဲ့။ ဒီတော့ ဦးစံရှားဆီကို ကြေးနန်းရိုက်မေးပြီး ဦးစံရှားက လာနိုင်တယ်ဆိုလို့ ကျွန်တော် လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော် သိသလောက်တော့ဖြင့် ဒါပါပဲ။ ဦးထွန်းကျော် သေပြီဆိုတဲ့အကြောင်းကိုလည်း ခုနက အင်စပက်တော်မင်းပြောလို့ ကျွန်တော် ကြားရပါတယ်။ ကျွန်တော်ပြောသမျှတွေဟာ အမှန်ချည်းပါပဲ။ အပိုတစ်လုံးမှ မပါရပါဘူး"

**သောင်း**။ ။ "ယုံကြည်ပါတယ်၊ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ခင်ဗျား ပြောခဲ့သမျှတွေဟာ ကျွန်တော်တို့ စုံစမ်းသိရှိထားတာတွေနဲ့ အားလုံး ကိုက်ညီနေပါတယ်။ ဒါထက် နေပါဦးခင်ဗျ။ မနေ့ညတုန်းက ဦးထွန်းကျော်ဟာ ထမင်းစားနေတုန်းမှာ စာတစ်စောင်ရလို့ ဖတ်ပြီးတဲ့နောက် အဲဒီစာကို ဘယ့်နှယ်လုပ်လိုက်သလဲခင်ဗျာ"

**မင်း**။ ။ "ကျွန်တော်ထင်တာတော့ စားပွဲအံဆွဲထဲကို ထိုးထည့်လိုက်လေသလား။ ဩော်...မဟုတ်ဘူးခင်ဗျားရေ့...။ ကျွန်တော် သိပြီ။ အပိုင်းပိုင်းအစိတ်စိတ်ဖြစ်အောင် ဆုတ်ပြီးမှ အံဆွဲထဲ ပစ်ထည့်လိုက်တယ်ခင်ဗျ"

**ဖေ**။ ။ "ဘယ့်နှယ်လဲ ဦးဘသောင်း"

ထိုအခါ ဦးဘသောင်းသည် စက္ကူစုတ်ကလေးများ ကပ်ထားသည့် စာရွက်ကို အိတ်ထဲမှထုတ်၍ ကျွန်တော်တို့အား ပြလေရာ အောက်ပါအတိုင်း ရေးသား

mgyoe.com

mgyoe.com

ထားသော စာလုံးများကို တွေ့ကြရလေ၏။

အစိမ်းနှင့် အဖြူ၊ အစိမ်း ဖွင့်၊ အဖြူပိတ်။ တတိယ အထပ်။ သက္ကလတ် ခန်းဆီး အစိမ်းရောင်။ အောင်ပါစေ။

သန်း

ယင်းစာလုံးများမှာ စက္ကူအစုတ်ကလေးများပေါ်တွင် တစ်ဖဲ့စီ တစ်ခြမ်းစီ တင်လျက်ရှိသည်ဖြစ်ရာ ယင်းတို့ကို စာတစ်ရွက်ပေါ်တွင် အစီအစဉ်နှင့် ကပ်ထားသဖြင့် ဖတ်ရှုနိုင်ခြင်းဖြစ်ပေ၏။ အခြားစာရွက်တစ်ရွက်တွင်လည်း ထိုနည်းအတူ စက္ကူစုတ်ကလေးများ ကပ်လျက်ပါရှိလေရာ စာလုံးများမှာ–

'ဦးထွန်းကျော်၊ နန္ဒဝန်အိမ်၊ တိုက်ကြီးမြို့' ဟူ၍ ပါရှိသဖြင့် အထက်ပါ စာကို ထည့်ပေးသော စာအိတ်စုတ်ဖင်ဖြစ်ကြောင်း သိနိုင်ပေ၏။ အတွင်းက စာမှာ မိန်းမလက်ရေးနှင့်တူ၍ ခပ်ချွန်ချွန်ရှိသော ဖောင်တိန်နှင့် ရေးသားဟန် ရှိသော်လည်း စာအိတ်မှ စာလုံးများမှာ ခပ်တုံးတုံးရှိသော ကလောင်သွားဖြင့် အခြားတစ်ယောက်က ရေးထားခြင်းဖြစ်သည်ဟု သိနိုင်ပေ၏။

အဘယ်ကြောင့်ဆိုသော် လက်ရေးနှင့်တကွ မင်ကျမင်နတို့မှာ အတွင်းစာနှင့် အပေါ်စာအိတ်တို့ တခြားစီရှိနေသောကြောင့်ပေတည်း။

**ရှား**။ ။ "ခင်ဗျား ဘယ်ပုံ တွေ့ခဲ့သလဲ

**မင်း**။ ။ "ခုနက ဦးအောင်မင်းပြောတဲ့အတိုင်းပါပဲ။ အံဆွဲဖွင့်ကြည့်လို့ စက္ကူစုတ် အစအနကလေးတွေ တွေ့လေတော့ စာရွက်တစ်မျိုးစီဖြစ်နေတာနဲ့ စက္ကူနှစ်ရွက်ပေါ်မှာ တခြားစီ နေရာကျအောင် စီစဉ်ကပ်လာခြင်း ဖြစ်ပါတယ် ဆရာကြီးခင်ဗျား"

**ရှား**။ ။ "တော်တယ်ဗျို့...ဒီလူ။ ဒီလိုမှပေါ့ဗျ။ စာအိတ်ကျောဘက်က ချိပ်တံဆိပ်တွေဘာတွေ နှိပ်လို့ပါကလား"

**သောင်း**။ ။ "ဟုတ်တယ် ဆရာ။ ဝမ်းဘဲဥပုံတံဆိပ်ပဲ ဆရာ။ စာလုံးတော့ မပါဘူး"

**ရှား**။ ။ "ဒါကတော့ မဆန်းပါဘူးဗျာ။ ရုပ်အင်္ကျီလက်ကြယ်သီးနဲ့ နှိပ်ထားတာနဲ့ တူပါတယ်။ ဒါထက် စက္ကူက တစ်ရွက်လုံးမဟုတ်ဘူး။ တစ်ပိုင်း ညှပ်ယူထားတာ တွေ့တယ်ဟုတ်လား။ ညှပ်ထားပုံ ကြည့်လိုက်စမ်း။ ကတ်ကြေး အဖြောင့် မဟုတ်ဘူးဗျ။ ဝိုက်ဝိုက်သွားတာ တွေ့တယ်ဟုတ်လား။ ဒီလောက် စက္ကူတိုတိုကလေး နှစ်ခါတောင် ရွှေ့ညှပ်ရပြီး ကတ်ကြေးရာက ခပ်ဝိုက်ဝိုက် ဖြစ်နေတာကို ထောက်ခြင်းအားဖြင့် ဘိုများ လက်သည်းညှပ်တဲ့ ကတ်ကြေး ကောက်ကလေးမျိုး ဖြစ်ရမယ်လို့ ဆိုနိုင်တယ်ဗျာ"

mgyoe.com

mgyoe.com

**သောင်း**။ ။ "ကိုယ့်ကိုယ်ကို တော်တော် စေ့စပ်လှပြီလို့ အောက်မေ့တာ ဆရာကြီးကိုတော့ မမီသေးပေဘူးခင်ဗျာ။ ဒါကြောင့်လည်း ကျော်ကြားပေတာကိုး ခင်ဗျ"

ထိုအတောအတွင်း၌ ဦးအောင်မင်းသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် ရှိရာမှ ဂနာမငြိမ်ဖြစ်နေလေ၏။

**မင်း**။ ။ "ဒီစာကလေး တွေ့ခဲ့တာဟာ ကျွန်တော်ပြောတဲ့စကားကို ထောက်ခံရာကျလို့မို့ တော်ပါသေးရဲ့ခင်ဗျာ။ သို့သော်လည်း ဦးထွန်းကျော်နဲ့ သူ့အိမ်သားများဟာ ဘယ်နည်းနဲ့ပျောက်သွားကြပြီး ဦးထွန်းကျော်ဟာ ဘယ်ပုံ သေရတယ်ဆိုတာ မကြားရသေးဘူးခင်ဗျာ"

**သောင်း**။ ။ "ဦးထွန်းကျော်မှာတော့ သူ့အိမ်နဲ့ တစ်မိုင်လောက်ကွာတဲ့ နေရာမှာ သူ့အလောင်းကို ဒီကနေ့မနက် တွေ့ရပါတယ်။ သူ့ဦးခေါင်းမှာ သဲအိတ်လိုဟာမျိုးနဲ့ ရိုက်ထားသလို ဒဏ်ရာအထင်အရှားမရှိဘဲနဲ့ အတွင်းကြေ ကြေနေတာကို တွေ့ရပါတယ်။ အလောင်းတွေ့တဲ့နေရာဟာက လူနေအိမ်ခြေ မရှိ၊ တောစပ်ကလေးလို ဖြစ်နေပါတယ်။ လက္ခဏာမှာတော့ သူ့ကို နောက်က စပြီး ပထမတစ်ချက် ရိုက်လိုက်ပြီးတဲ့နောက် လဲနေရာမှာ ထပ်ကာထပ်ကာ ဆင့်ရိုက်ထားတာနဲ့ တူပါတယ်။ ရိုက်ထားပုံ ကြည့်ရခြင်းအားဖြင့် တော်တော် ရန်ငြိုးကြီးတဲ့ လက္ခဏာရှိပါတယ်။ ခြေရာလည်း မတွေ့၊ ဘယ်လိုသဲလွန်စမှ လည်း မတွေ့ရပါဘူး"

**ရှား**။ ။ "ပစ္စည်းများကော လုယူထားတာ တွေ့ရသေးသလား"

**သောင်း**။ ။ "လုလိုတဲ့ အကြံအစည်ရှိဟန် မတူပါဘူး။ လက်ပတ်နာရီရော၊ ပိုက်ဆံအိတ်ကလေးရော အလောင်းမှာ တွေ့ရပါတယ်"

**မင်း**။ ။ "သိပ်ကြောက်စရာကောင်းပါကလားဗျ။ အမှန်အတိုင်းကတော့ ညကြီးသန်းခေါင်မှာ ဦးထွန်းကျော်ထွက်သွားပြီး ရိုက်သတ်ခံရတဲ့အလုပ်ဟာ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူးခင်ဗျာ။ ဒီအမှုမှာ ကျွန်တော်နဲ့ ပတ်သက်တယ်လို့ ခင်ဗျားတို့ ဘာကြောင့် ထင်နေကြရတာလဲ"

**သောင်း**။ ။ "ပတ်သက်ဆို ဒီလိုဗျ။ သူသေမယ့်ညမှာ ခင်ဗျားက သူနဲ့ တွေ့အောင် လာခဲ့ပါ့မယ်လို့ ချိန်းလိုက်တဲ့စာလေးဟာ သူ့အိတ်တဲမှာ တွေ့ထား တာခင်ဗျ။ ခင်ဗျားရေးလိုက်တဲ့စာကို စာအိတ်နဲ့တကွ တွေ့ရလို့မို့ အလောင်း ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မနေရှင်နဲ့ကွ ကျွန်တော်တို့ သိရပါတယ်။ သိရလို့ ဒီကနေ့မနက် ၉ နာရီလောက်မှာ သူ့အိမ်ကို ကျွန်တော်တို့ ရောက်သွား တော့ ခင်ဗျားရော၊ ဒီပြင်အိမ်သားတွေရော တစ်ယောက်မှ ကျွန်တော်တို့ မတွေ့

mgyoe.com

ရပါဘူး။ ကျွန်တော်က ခင်ဗျားကို ရန်ကုန်မှာရှာထားဖို့ ကိုအုန်းဖေဆီ ကြေးနန်း ရိုက်လို့ ကျွန်တော်ကိုယ်တိုင် သူ့အိမ်ကို သေသေချာချာ ဝင်ကြည့်တယ်"

**ဖေ**။ ။ (ထိုင်ရာမှထလျက်) "ကိုင်း...မိတ်ဆွေ စကားပြောနေကြလို့ အလုပ်မပြီးပေဘူး။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ကြရလိမ့်မယ်။ ဒီက မိတ်ဆွေ ဦးအောင်မင်းကလည်း တစ်ဆိတ်လောက် ဌာနာကိုလိုက်ပြီး ပြောစရာ ရှိသမျှကို သေသေချာချာ စာနဲ့ရေးပြီး မှတ်တမ်းတင်ဦးမှ ဖြစ်လိမ့်မယ်"

**မင်း**။ ။ "လိုက်ဆို လိုက်ရပေမှာပေါ့ခင်ဗျာ။ သို့သော် ဒီကမိတ်ဆွေကြီး ဦးစံရှားကလည်း ကျွန်တော့်ကို ပစ်မထားပါနဲ့ခင်ဗျာ။ ကျွန်တော့်ကို အမှုသည် အဖြစ် သဘောထားပြီး ကုန်ကျသမျှစရိတ်အတွက် ကျွန်တော်က အားလုံး တာဝန်ယူပါတယ်ခင်ဗျာ"

**ရှား**။ ။ (ဦးဘသောင်းကို လှမ်းကြည့်လျက်) "ဦးဘသောင်းကလည်း ဒီအမှုမှာ ကျုပ်နဲ့တွဲဖက်ပြီး အလုပ်လုပ်ကြမယ်ဆိုရင် ကန့်ကွက်စရာမရှိပါဘူး ဟုတ်လား"

**သောင်း**။ ။ "မကန့်ကွက်ပါဘူး ဆရာကြီးခင်ဗျာ။ ဧရာမဂုဏ်ကြီးတစ်ခုလို့ ကျွန်တော် ယူဆပါတယ်"

**ရှား**။ ။ "ခင်ဗျား လုပ်ပုံကိုင်ပုံတွေ ကျုပ်တွေ့ရတာ အင်မတန် စနစ် ကကျရှိပြီး ဆိုးဆိုးဆတ်ဆတ် ရှိပါပေတယ်ဗျာ။ ဒါထက် နေပါဦးဗျာ။ ဦးထွန်း ကျော် သေဆုံးတာဟာ ဘယ်အချိန် ဘယ်နာရီလောက်မှာလို့ ပြောနိုင်လောက် တဲ့ သဲလွန်စလေးမျိုး မတွေ့ရပေဘူးလားဗျာ"

**သောင်း**။ ။ "မနေ့ညက နာရီပြန်တစ်ချက်လောက်မှာ မိုးကလေး တဖြောက်ဖြောက်ကျတယ် ဆရာကြီးရဲ့။ အလောင်းအောက်က မြေကြီးမှာ ရေမစိုဘဲ ခြောက်နေတာ တွေ့ရလေတော့ မိုးမရွာမီက သူ့ကိုရိုက်သတ်ထား ကြောင်း ထင်ရှားတယ်။ ဒါကြောင့်မို့ မနေ့ညက နာရီပြန်တစ်ချက် မထိုးမီ ဦးထွန်းကျော် သေတယ်လို့ ကျွန်တော် သိရပါတယ်"

**ရှား**။ ။ "တော်ပြီးရင်း တော်ရင်းကိုးဗျ ကိုယ့်လူက"

**မင်း**။ ။ "မဟုတ်သေးပါဘူး ထင်တယ်ခင်ဗျ။ တစ်ခု မှားနေပါပြီ။ မနေ့ညက ကျွန်တော့်အခန်းမှာ ဦးထွန်းကျော် လာရပ်ပြီး စကားပြောတော့ နာရီပြန်တစ်ချက် ထိုးလုနေပြီ ခင်ဗျားကြီးတို့ရဲ့"

**ရှား**။ ။ (ပြုံးလျက်) "မမှားပါဘူးလေ။ ခင်ဗျားပြောတာလည်း ဟုတ်၊ ဦးဘသောင်းပြောတာလည်း ဟုတ်၊ သိပ်ပြီး ရှုပ်လှတဲ့အမှုမျိုး မဟုတ်ပါဘူး ထင်ပါ့ဗျာ။ သို့သော် ကျုပ်ကိုယ်တိုင်က ထင်မြင်ချက်မပေးမီ သိသင့်သိထိုက်

mgyoe.com

mgyoe.com

တဲ့ အချက်ကလေးတွေကို စုံစုံလင်လင်သိအောင်လုပ်ဖို့ လိုသေးတယ်ဗျ။ ဒါထက် နေပါဦးဗျ ဦးဘသောင်း။ အိမ်ထဲဝင်ရှာတော့ ဒီစာအပြင် ထူးတူးခြားခြား ဘာများ တွေ့ခဲ့ရသေးသလဲဗျာ"

ဦးဘသောင်းသည် မျက်နှာထားတစ်မျိုးနှင့် ဦးစံရှားအား လှမ်းကြည့်ပြီး နောက်–

**သောင်း**။ ။ "ဟုတ်ကဲ့။ အင်မတန် ထူးခြားတာကလေး တစ်ချက်နှစ်ချက် ကျွန်တော် တွေ့ရပါသေးတယ်။ သို့သော် ဌာနမှာ ကျွန်တော့်အလုပ်ကလေး ပြီးစီးတော့မှ ဆရာကြီးကိုယ်တိုင်လိုက်ပြီး ထင်မြင်ချက်ပေးစမ်းပါဦး ဆရာကြီး ခင်ဗျာ"

**ရှား**။ ။ "ကောင်းလှပါပြီခင်ဗျာ"

ဦးအောင်မင်းနှင့် ပုလိပ်အရာရှိနှစ်ယောက်တို့ ဆင်းသွားကြသည့်နောက် ဦးစံရှားသည် ကြေးနန်းတစ်စောင်ကို ရေး၍ သူငယ်ကလေးအား ကြေးနန်းရုံး သို့ စေလွှတ်လိုက်လေ၏။ ထို့နောက် ဦးစံရှားသည် ထုံးစံအတိုင်း ပက်လက် ကုလားထိုင်ပေါ်၌ မှိကာ ဆေးတံကိုဖွာရင်း စဉ်းစားစိတ်ကူးလျက် ရှိလေ၏။ နောက်ဆုံး၌ ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်လျက်–

**ရှား**။ ။ "ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ်လိုထင်သလဲဗျ"

**ကျွန်**။ ။ "ကျွန်တော်ဖြင့် ဘယ်လိုမှ မထင်တတ်သေးပေါင်ခင်ဗျာ"

**ရှား**။ ။ "လူသတ်မှုဆိုတာကော ဘယ်လိုထင်သလဲဗျ"

**ကျွန်**။ ။ "သူ့တပည့်တွေရော ပျောက်သွားကြပုံထောက်တော့ ဦးထွန်း ကျော် သေရတဲ့ကိစ္စမှာ သူတို့ပါဝင်တယ်လို့ ကျွန်တော် တွေးမိတာပဲ"

**ရှား**။ ။ "ဟုတ်ကဲ့။ ဒီလိုတွေးမယ်ဆို တွေးစရာပ။ သို့သော် ခင်ဗျား တစ်ခုစဉ်းစားကြည့်ဖို့က ဦးထွန်းကျော်ရဲ့ တပည့်နှစ်ယောက်ဟာ ဦးထွန်းကျော်ကို သတ်ဖို့ ကြံစည်တယ်ဆိုရင် ဒီ့ပြင်ညတွေမှာ မလုပ်ကြပါဘဲနဲ့ အိမ်မှာ ဧည့်သည် ရောက်နေတဲ့ညမှာမှ လုပ်ကြတယ်ဆိုတော့ နည်းနည်း မထူးဆန်းဘူးလားဗျာ"

**ကျွန်**။ ။ "ဒါဖြင့် ဘာကြောင့် ထွက်ပြေးကြရသလဲဗျာ"

**ရှား**။ ။ "ဟုတ်ပေတယ်။ ဘာကြောင့် ထွက်ပြေးကြရသလဲလို့ မေးထိုက် ပါပေတယ်။ အဲဒီအိမ်မှာ ကျုပ်တို့လူ ဦးအောင်မင်း ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက် တွေကလည်း ခပ်ဆန်းဆန်း။ သို့သော် အစေခံတွေ ပျောက်သွားတာရယ်၊ ဦးအောင် မင်း ကြုံခဲ့တာတွေရယ် အားလုံးညီညွတ်အောင် လူ့ဉာဏ်နဲ့ ကြံဖန်ပြီး စိတ်ကူး နိုင်ကောင်းပါသေးလားဗျာ။ စိတ်ကူးတဲ့နေရာမှာ အတော်ကလေး ဆန်းဆန်း ရေးထားတဲ့စာကိုပါ သူ့နေရာနဲ့သူ နေရာကျအောင် စိတ်ကူးနိုင်ရင်ဖြင့် အတော်

mgyoe.com

mgyoe.com


ဟန်ကျပြီလို့ ဆိုနိုင်ဖို့ရှိတာပဲ။ ဒီနောက် ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ကလေး တွေပါ ချိန်ထိုးကြည့်လို့ အားလုံး ကိုက်ညီနေတာ တွေ့ရတယ်ဆိုရင်ဖြင့် အဲဒီစိတ်ကူးဟာ တကယ့်အဖြေမှန်ပဲလို့ လက်ခံကြရမှာပဲ ကိုသိန်းမောင်"

ကျွန်။ ။ "စိတ်ကူးပုံ အခြေခံလေး လင်းစမ်းပါဦးခင်ဗျာ"

ဦးစံရှားသည် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ မျက်လုံးမဖွင့်တဖွင့် နှင့် ဆေးတံကို တစ်ချက်တစ်ချက် ဖွာလျက်–

ရှား။ ။ "ခိုင်လုံတဲ့ အခြင်းအရာတစ်ခုကို အခြေခံပြုပြီး ကျုပ်တို့ စဉ်းစားကြမယ်ဆိုရင် ဒီကိစ္စဟာ တစ်ယောက်နဲ့တစ်ယောက် ပြောင်လှောင် ကျီစယ်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာတော့ သေသေချာချာ ကျုပ်တို့ ယူဆနိုင်တယ်။ လူတစ်ယောက် သေလောက် ပျောက်လောက်အောင် ကျီစားဖို့ မဖြစ်နိုင်ဘူး။ ဒီအမှုမှာ တော်တော်နက်နဲ တဲ့ ရည်ရွယ်ချက်တစ်ခုရှိကြောင်း ထင်ရှားတဲ့အပြင် ဦးအောင်မင်းကို နန္ဒဝန်အိမ်ရောက်အောင် ဖြားယောင်းခေါ်ယူခြင်းဟာလည်း ဒီကိစ္စနဲ့ပတ်သက်တယ်လို့ ဆိုရလိမ့်မယ်"

ကျွန်။ ။ "ဘယ်ပုံဘယ်နည်း ပတ်သက်တာလဲဗျာ".

ရှား။ ။ "နေဦးဗျာ။ သံကြိုးက ကွင်းဆက်များလို တစ်ကွင်းစီ အဆက် ရှာကြည့်ကြရအောင်။ ပထမအချက်က ကျောင်းဆရာဟောင်း လူရိုးကြီးဦးအောင် မင်းနဲ့ လူသွက်တစ်ယောက်ဖြစ်တဲ့ ဦးထွန်းကျော်နဲ့ ရုတ်တရက် မိတ်ဆက်ဖြစ် ကြတယ်ဆိုတာ တော်တော်ထူးဆန်းတယ်ဗျ။ ဒီအကြံဟာ ဦးထွန်းကျော်ရဲ့ အကြံနဲ့ တူတယ်။ ကျောင်းအုပ်ကြီးအိမ်မှာ သူတို့နှစ်ယောက် ဆုံမိကြပြီးနောက် များမကြာမီအတွင်း ဦးထွန်းကျော်ရဲ့အိမ်ကို ဦးအောင်မင်းက ညဥ့်အိပ်ညဥ့်နေ သွားပြီး လည်ပတ်တယ်ဆိုတာဟာ ဦးထွန်းကျော် ဖလှယ်လိုက်တဲ့ ကိစ္စပဲလို့ ကျုပ်တွေးမိတယ်။ ကောင်းပြီ။ ဒီတော့ကာ ဦးထွန်းကျော်ဟာ ဦးအောင်မင်းနဲ့ ပတ်သက်ပြီး ဘာများ အလိုရှိသလဲတဲ့။ ဦးအောင်မင်းက ဘာများပေးနိုင်ပါသလဲ တဲ့။ ဦးအောင်မင်းဟာ ခင်ဗျားတွေ့ရတဲ့အတိုင်း လူရွှင်ကြီးတစ်ယောက် မဟုတ်လှ ဘူးဗျ။ ခပ်ခြောက်ခြောက် လူထဲက မဟုတ်လား။ အမှန်အတိုင်းဆိုရင် ဦးထွန်း ကျော်လို လူတစ်ယောက်က ဦးအောင်မင်းလို လူတစ်ယောက်ကို လိုက်လိုက် လျောလျောကြီး ပေါင်းသင်းချင်လှမယ် မဟုတ်ပေဘူး။

"ကောင်းပြီ။ ဒါဖြင့် ဦးထွန်းကျော်ဟာ လူတွေအများကြီး ရှိကြတဲ့အနက် က ဦးအောင်မင်းကို ဘာကြောင့် ရွေးထုတ်ပြီး ပေါင်းရသတဲ့လဲ။ ဦးအောင်မင်း မှာ ဘယ်လိုထူးခြားတဲ့အချက် ရှိပါသတဲ့လဲ။ ကျုပ်မျက်စိထဲမှာတော့ ရှိတယ်ဗျ။ ဒီလူဟာ တရားခွင်မှာ သက်သေအဖြစ်နဲ့ တင်ပြလိုက်ရရင် တရားသူကြီးလုပ်တဲ့

mgyoe.com

mgyoe.com

လူက မြင်မြင်ချင်း မဟုတ်တဲ့စကားကိုပြောမယ့် လူတစ်ယောက် မဟုတ်ဘူးလို့ ချက်ချင်း ယူဆလောက်တဲ့ လူတစ်ယောက်ပဲဗျ။ သူ့ရဲ့မျက်နှာနဲ့ ဟန်အမူအရာ ဝတ်စားဆင်ယင်ပုံတို့ကပါ ဘွင်းဘွင်းကြီး သက်သေခံနေကြသလိုဖြစ်နေတဲ့ လူတစ်ယောက်ပဲဗျ။ ဒါကြောင့် ကိုအုန်းဖေရော၊ ဦးဘသောင်းရော ဦးအောင်မင်း ပြောတဲ့စကားကို မယုံသင်္ကာမရှိကြဘဲ တစ်ခါတည်း လက်ခံသွားကြတာကို ခင်ဗျားကိုယ်တိုင် တွေ့လိုက်ရတယ်မဟုတ်လား"

ကျွန်။ ။ "နေပါဦးဗျာ။ ဦးအောင်မင်းက ဘာကို သက်သေခံရမှာလဲဗျာ"

ရှား။ ။ "ခုတော့ သက်သေခံစရာအလုပ်လည်း မရှိတော့ဘူးလေဗျာ။ သို့သော် တစ်နေရာရာမှာ တစ်ခုခုဖြစ်သွားလို့ဟာကိုးဗျ။ ဦးထွန်းကျော် စီစဉ်ထားတဲ့အတိုင်းဆိုရင်တော့ ဦးအောင်မင်းဟာ ရုံးတော်မှာ သက်သေခံစရာ တစ်ခုခု ကေ့စ္စ ရှိရမယ်လို့ ကျုပ် ယူဆထားတယ်"

ကျွန်။ ။ "ကျွန်တော်ရိပ်ပြီဗျို့။ ဒီနေ့၊ ဒီရက်၊ ဒီအချိန်၊ ဒီနာရီမှာ ဦးထွန်းကျော်ဟာ ဦးအောင်မင်းနဲ့ အတူတကွ ရှိနေပါတယ်ဆိုတာမျိုး မဟုတ်လားဗျ"

ရှား။ ။ "အစစ်ပဲ ကိုသိန်းမောင်၊ ဦးထွန်းကျော်က သူလုပ်ချင်တာ လုပ်ခဲ့ပြီး အဲဒီအချိန်မှာ ဦးအောင်မင်းနဲ့ အတူရှိပါတယ်လို့ သက်သေပြချင်လို့ဟာပေါ့ဗျ။ ဥပဒေလိုတော့ အလီဘိုင် ခေါ်တာပေါ့ဗျ"

ကျွန်။ ။ "တော်တော် ကြိုတင်ပြီး ဥာဏ်ဆင်ထားတဲ့ အလုပ်ပါကလား ဗျာ"

ရှား။ ။ "မှန်တယ် ကိုသိန်းမောင်၊ ပြီးတော့ ကျုပ်တို့ တစ်ချက်ထည့်ပြီး စဉ်းစားကြည့်ကြဦးစို့။ ဦးထွန်းကျော်ရဲ့ တပည့်နှစ်ယောက်ဟာ ကြံရာပါများ ဖြစ်တယ် ဆိုကြပါစို့။ သူတို့အကြံဟာ ဘာလဲဆိုတော့ သူတို့လုပ်ရမယ့် အလုပ်ကို မနေ့ညက နာရီပြန်တစ်ချက်မထိုးမီ ပြီးစီးအောင်လုပ်ကြဖို့ စီမံထားဟန် တူတယ်။ ကျုပ်တွေးပုံက ဦးထွန်းကျော်ဟာ နာရီကို တစ်မျိုးတစ်မည် ဖလှယ်ထားပြီး ဦးအောင်မင်းကို အိပ်ရာ ခပ်စောစောဝင်စေဟန်တူတယ်။ အမှန်အတိုင်း ၁၀ နာရီလောက် ရှိသေးပေမဲ့ ၁၁ နာရီထင်အောင် နာရီကို ဖလှယ်ထား ထင်ပါရဲ့။ နောက်ဆုံးမှာ ဦးအောင်မင်းရဲ့ အခန်းဝလာပြီး နာရီပြန်တစ်ချက် ထိုးလုပြီလို့ ပြောသေးဆို မဟုတ်လားဗျ။ အဲဒီတော့ အမှန်အတိုင်းမှာ ၁၂ နာရီလောက် ရှိဦးမလား မဆိုနိုင်ဘူး။ ဒီတော့ တစ်နာရီလောက် အချိန်ဦးထား တဲ့အတွက် ဦးထွန်းကျော်ဟာ သူလုပ်စရာရှိတဲ့ အလုပ်ကို တစ်နာရီအတွင်း

mgyoe.com

mgyoe.com

ပြီးစီးအောင်လုပ်ပြီး ပြန်ရောက်နိုင်ခဲ့လို့ရှိရင် ဦးအောင်မင်းက ဒီအချိန်မှာ ဦးထွန်းကျော်ဟာ သူနဲ့အတူတကွ အိမ်မှာရှိနေပါတယ်လို့ သက်သေခံနိုင်မယ် မဟုတ်ဘူးလားဗျာ”

ကျွန်။ ။ “ဒါတော့ ကျွန်တော် ရိပ်မိပါပြီ။ သို့သော် အစေခံနှစ်ယောက် ပျောက်သွားတာကကောဗျာ”

ရှား။ ။ “အဖြစ်အပျက်ကို စေ့စုံအောင် ကျုပ် မသိသေးဘူးဗျ။ သိရတဲ့အခါကျတော့ ကျုပ် မတွေးတတ်လောက်အောင် ခက်ခဲနက်နဲတဲ့ အချက်ရယ်လို့ ရှိမယ်မထင်ပါဘူး။ အလုံးစုံမသိရသေးမီ ကြိုတင်ပြီး ကောက်ချက်ထုတ်ခြင်းဟာ နည်းစနစ်မမှန်ကြောင်းကို ကျုပ် ခဏခဏ ပြောဖူးတယ်မဟုတ်လား။ အစုံအလင်မသိရသေးဘဲနဲ့ ကောက်နုတ်ချက်ထုတ်ပြီဆိုမှဖြင့် ကိုယ့်တွေးလုံးနဲ့ မကိုက်ကိုက်အောင် အတင်းဆွဲသွင်းနေရတာနဲ့ အလွဲလွဲအချော်ချော် ဖြစ်ကုန်တတ်တယ်ဗျ”

ကျွန်။ ။ “စက္ကူစုတ်ကလေးတွေ ဆက်စပ်ယူရတဲ့ စာကကောဗျာ။ လုပ်စမ်းပါဦး”

ရှား။ ။ “အစိမ်းနဲ့အဖြူတဲ့။ ဟုတ်လား။ ဒါက မြင်းပွဲမှာ ဂျော်ကီဝတ်ထားတဲ့အင်္ကျီနဲ့ ပတ်သက်သလိုလိုပဗျာ။ ‘အစိမ်းဖွင့်၊ အဖြူပိတ်’ ဆိုတာကတော့ အချက်ပေးတာနဲ့ တူပါရဲ့ဗျ။ ‘တတိယအထပ်၊ သက္ကလတ်အစိမ်းရောင်’ ဆိုတာကတော့ တစ်နေရာ ညွှန်းထားတဲ့ သဘောပဲ။ မျောက်မ ထားတဲ့ကိစ္စများဖြစ်နေမလား မသိဘူး။ ‘အောင်ပါစေ’ ဆိုတဲ့ စကားလုံးကို ထောက်ကြည့်ရတော့ အတော်ကြီးခဲယဉ်းတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်ရခြင်းဖြစ်လို့မို့ ထမြောက်အောင်မြင်စေဖို့ ဆုတောင်းတဲ့သဘောပဲ။ ‘သန်း’ ဆိုတာကတော့ ရေးသူရဲ့ နာမည်အတိုကောက်နဲ့ တူရဲ့။ သို့သော် နောက် ထပ်ပြီး သိသင့်သလောက် မသိရသေးဘဲ ဒီအကြောင်းကို သိပ်ပြီး နက်နက်ကြီးတွေးနေလို့ မဟာန်သေးဘူးထင်တယ် ကိုသိန်းမောင်”

* * *

များမကြာမီအတွင်း ဦးစံရှားရိုက်ကြားထားသော ကြေးနန်းနှင့် ပတ်သက်၍ ပြန်ကြားလိုက်သော ကြေးနန်းတစ်စောင် ဆိုက်ရောက်လာလေရာ ဦးစံရှားသည် ကြေးနန်းစာကို ဖတ်ကြည့်ပြီးနောက် ကျွန်တော့်ထံသို့ ပစ်ပေးလိုက်သဖြင့် ဖတ်ကြည့်သည်တွင် အောက်ပါအမည်စာရင်းကို တွေ့ရလေ၏။

စူလတန်မာမွတ်၊ ဈေးအရှေ့ဘက်။

mgyoe.com

mgyoe.com


လင်ရိတ်ချောင်၊ တရုတ်တန်း။
ဒေါ်ခင်ညွန့်၊ ဓိဈေးတောင်ဘက်။
ဦးဘာဘူ၊ ဈေးအနောက်ဘက်။

ကျွန်။ ။ "ဒီဟာတွေက ဘယ့်နှယ်ဟာတွေလဲဗျ"

ရှား။ ။ "ရှာလို့ လွယ်ကူအောင် စာရင်းတောင်းထားလို့ ပြန်ရိုက်လိုက်တဲ့ ကြေးနန်းပဲကိုးဗျ။ ကိုဘသောင်းကတော့ ဟိုအရပ်ကလူမို့လို့ ဒီဟာတွေကို သူသိပြီးသားဖြစ်မှာပဲ"

ကျွန်။ ။ "ကျွန်တော် ကောင်းကောင်း သဘောမပေါက်သေးပါဘူးဗျာ"

ရှား။ ။ "ဒီလို ကိုသိန်းမောင်ရဲ့။ ထမင်းစားတုန်းမှာ ဦးထွန်းကျော် ရတဲ့စာဟာ အညွှန်းသော့လည်းကောင်း၊ တွေ့ဆုံဖို့ ချိန်းလိုက်တဲ့နေရာသော့လည်းကောင်း ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်။ 'တတိယထပ်' ဆိုတဲ့စကားကို ထောက်ခြင်းအားဖြင့် ဒီအဆောက်အအုံဟာ အနည်းဆုံး သုံးထပ်ဖြစ်ရမယ် မဟုတ်လား။ ပြီးတော့လည်း ဦးထွန်းကျော်ဟာ သူစီစဉ်ထားတဲ့အတိုင်းဆိုရင် နာရီပြန်တစ်ချက်လောက်အတွင်း သူ့နေရာကိုသူ ပြန်ရမှာဖြစ်လေတော့ ချိန်းလိုက်တဲ့နေရာဟာ သိပ်အဝေးကြီး မဟုတ်နိုင်ဘူး။ တိုက်ကြီးမြို့အတွင်းမှာပဲ ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်။ ဒါကြောင့်မို့ တိုက်ကြီးမြို့မှာရှိတဲ့ ကျုပ်မိတ်ဆွေ တစ်ယောက်ဆီကို ကြေးနန်းရိုက်ပြီး မေးလိုက်တယ်။ ဒီကြေးနန်းဟာ တိုက်ကြီးမြို့မှာရှိတဲ့ သုံးထပ်တိုက်ရှင်များရဲ့ နာမည်နဲ့ နေရပ်တွေပဲ ကိုသိန်းမောင်ရဲ့။ ဒီတော့ကာ ကျုပ်တို့လူ ဦးထွန်းကျော် သွားလိုတဲ့နေရာဟာ ဒီစာရင်းထဲမှာပါတဲ့ တိုက်ထဲက တစ်တိုက်တိုက် ဖြစ်ရမှာပဲ။ မဟုတ်လားဗျာ..."

* * *

ကျွန်တော်နှင့် ဦးစံရှားတို့သည် ဌာနာအုပ်မင်း ဦးဘသောင်းနှင့်အတူ လိုက်ပါသွားကြ၍ တိုက်ကြီးမြို့သို့ ဆိုက်ရောက်ကြသောအခါ ဌာနာ၌ မတည်းခိုဘဲ တရုတ်လူမျိုးတစ်ယောက် ဖွင့်လှစ်ထားသည့် တည်းခိုဌာနတစ်ခုသို့ ပစ္စည်းကလေးများနှင့် တကွ ရောက်သွားကြလေ၏။ နေရာတကျရှိပြီးသည့်နောက် ကျွန်တော်တို့သည် ဦးဘသောင်းနှင့်အတူ နန္ဒဝန်နေအိမ်သို့ သွားရောက်ကြည့်ရှုကြလေရာ ထိုအချိန်မှာ နေဝင်ရီးရီဖြစ်၍ ချမ်းအေးသော မြောက်လေကလေး တသုန်သုန် တိုက်ခတ်လျက်ရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့သည် အလွန်ချမ်းအေးသော အညာဒေသအတွက် ချုပ်လုပ်ထားသည့် လောင်းကွတ်အင်္ကျီကိုယ်စီ ဝတ်ဆင်ခဲ့ကြရလေ၏။

mgyoe.com

mgyoe.com

နန္ဒဝန်အိမ်မှာ ကျယ်ပြန့်သော ဝင်းကြီးအတွင်း ပိန္နဲပင်များလွှမ်းမိုးထားသည့် တိုက်ခံအိမ်ဖြစ်လေရာ လမိုက်သောရက်ဖြစ်၍ သစ်ပင်ရိပ်တို့သည် မည်းမှောင်နေသော နေအိမ်ကို သာ၍မည်းမှောင်အောင် ဖုံးကွယ်ထားသည်ဖြစ်သောကြောင့် ခပ်လှမ်းလှမ်းမှ မြင်လိုက်ရလျှင်ပင် စိတ်နှလုံးကို ပျင်းခြောက်ငြီးငွေ့ခြင်း ဖြစ်စေနိုင်ပေတော့သည်။ အိမ်၏ လက်ဝဲဘက်၌ရှိသော ပြတင်းပေါက်တစ်ခုမှ စားပွဲတင် မှန်အိမ်တစ်လုံး၏ အလင်းရောင်သည် တရုတ်ကတ်အကြားမှ ပေါ်ထွက်လျက်ရှိသည်ဖြစ်၍ အစင်းစင်းရှိသော ခြံဝင်းကြီး၏ မည်းမှောင်သောအဖြစ်ကို ပို၍ထင်ရှားအောင် ဖော်ပြထားသကဲ့သို့ ရှိလေတော့၏။

**သောင်း**။ ။ "အိမ်ထဲမှာ ပုလိပ်တစ်ယောက် အစောင့်ချထားတယ် ဆရာကြီး" ဟု ပြော၍ အပေါ်သို့တက်ခဲ့ပြီးလျှင် တံခါးကို ဖြည်းညင်းစွာခေါက်လိုက်လေရာ မီးအိမ်အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသော ပုလိပ်သားသည် ရုတ်တရက် ခုန်ထ၍ အလန့်တကြား အသံထွက်စေပြီးနောက် တံခါးပေါက်သို့ လာ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လေ၏။

**သောင်း**။ ။ "ဘာဖြစ်တာလဲကွ ငါ့လူ"

ထိုအခါ ပုလိပ်သားသည် နဖူးတွင်စီလျက်ရှိသော ချွေးဥကလေးများကို လက်ကိုင်ပဝါနှင့်သုတ်ကာ ပင့်သက်ရှူရှုလေ၏။

**လိပ်**။ ။ "ဆရာတို့ရောက်လာတာ ကျွန်တော် ဝမ်းသာလိုက်တာခင်ဗျာ။ ကိုယ့်ကိုယ်ကို တော်တော်သွေးကောင်းတယ်မှတ်တာ။ တယ်မဟုတ်လှဘူး ဆရာရေ့"

**သောင်း**။ ။ "ဘာများ ထူးထူးခြားခြား မြင်ရကြားရလို့လဲကွ ဘသိရ"

**သိ**။ ။ "အိမ်ရှင်သေပြီး လူမနေတဲ့အိမ်ဆိုတော့ သွေးကိုလန့်နေတယ် ဆရာရေ့။ ဆရာက တံခါးခေါက်လိုက်တော့ တစ်ခါလာပြန်ပြီကိုးလို့ အောက်မေ့မိတယ်"

**သောင်း**။ ။ "တစ်ခါလာပြန်ပြီဆိုတော့ စောစောက လာဖူးလို့လားကွ"

**သိ**။ ။ "လာဖူးတယ်ဆရာ"

**သောင်း**။ ။ "ဘယ်သူလာတာတုံး၊ ဘာလာတာတုံးကွ ဘသိရ"

**သိ**။ ။ "တစ္ဆေပေါ့ဆရာ။ ပြတင်းပေါက်က လာခြောက်တယ် ဆရာရဲ့"

**သောင်း**။ ။ "ဘယ်တုံးကလဲကွ"

**သိ**။ ။ "နေဝင်ရီတရောတုန်းက ဆရာရဲ့၊ ကျွန်တော်က ထိုင်ပြီး သတင်းစာဖတ်နေတုန်း စိတ်ထဲက မော့ကြည့်ချင်လွန်းလို့ ပြတင်းပေါက်ဆီ

mgyoe.com

mgyoe.com

လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကိုကြည့်နေတဲ့ မျက်နှာကြီးဟာ ဆရာရယ် မပြောပါနဲ့တော့။ ကျွန်တော်ဖြင့် အိပ်မက်တစ်မက်တည်း မက်နေတော့မှာပါ။ ဒီတော့မှ မဖြစ်ချေဘူးဆိုပြီး ပါလာတဲ့ ရဲဆေးပုလင်းထဲက တစ်ဝက်လောက် မော့ချလိုက်ရတယ် ဆရာ"

**သောင်း**။ ။ "တော်အောင် မပြောပါနဲ့ ဘသီရာ။ မင်းက မူးပြီး မြင်ချင်ရာတွေ မြင်နေတာ ထင်ပါရဲ့ကွာ"

**သီ**။ ။ "သေခြင်းဆိုးနဲ့ သေရပါစေ့ဆရာ၊ တစ်စက်မှ ကျွန်တော် မထိပါဘူး။ မျက်နှာကြီး မြင်လိုက်တော့မှ ကျွန်တော်သောက်တာပါ ဆရာ"

**ရှား**။ ။ "ဘယ်လိုမျက်နှာမျိုးလဲကွယ့်၊ ပြောစမ်းပါဦး"

**သီ**။ ။ "မျက်နှာကြီးဟာ ဆန်ကောလောက်ရှိတယ်ခင်ဗျ။ ဖြူဖြူလည်း မဟုတ်၊ မည်းမည်းလည်းမဟုတ်။ ဘယ်လိုအရောင်ခေါ်ရမယ် ကျွန်တော် မသိဘူး။ မွဲခြောက်ခြောက်ကြီးပဲခင်ဗျ။ မျက်လုံးနှစ်လုံးပြူးပြီး သွားဖြဲပြလိုက်တာ ကျွန်တော်က လန့်ပြီး အော်လိုက်တော့မယ်လုပ်တော့မှ ဖြုန်းဆို ပျောက်သွားတယ်ခင်ဗျ။ ဒီတော့မှ ကျွန်တော်က တောအရက်ပုလင်းကို မော့ချပြီး သူ့နောက်လိုက်ကြည့်သေးတယ်။ ဘာမှမတွေ့ရဘူးခင်ဗျ"

**သောင်း**။ ။ "တန်ပါကွယ် ဘသီရယ်။ ဒီခေတ်ကြီးမှာ တစ္ဆေခြောက်တယ်လို့ မရှိနိုင်ပါဘူး။ မင်းစိတ်က မင်းကို ခြောက်နေတာပါကွာ"

**သီ**။ ။ "ကျွန်တော်လား။ မခြောက်ခင်တုန်းက နည်းနည်းမှ မကြောက်ဘူး။ ယုံလည်း မယုံပါဘူး။ အဟုတ် ခြောက်တော့မှ ကြောက်လာတာပါ"

**သောင်း**။ ။ "အေး…တကယ်မခြောက်တော့ မကြောက်ဘူး။ ခြောက်တယ်ထင်တော့ ကြောက်တယ်။ ငါနားလည်ပါပြီ။ ဘယ်မှာလဲ မင့်သတ္တိ"

**သီ**။ ။ "အမှန်ပြောရမှာဖြင့် ကျွန်တော် မကြောက်ဘူးဆိုတာ တကယ်ခြောက်လိမ့်မယ်မထင်လို့ မကြောက်တာကိုး ဆရာရဲ့"

ထိုအခဏ၌ ဦးစံရှားသည် အပြင်သို့ထွက်၍ လက်နှိပ်ဓာတ်မီးနှင့် ပြတင်းပေါက် အနီးအပါးတစ်ဝိုက်တွင် ထိုးကြည့်ပြီးနောက်"

**ရှား**။ ။ "ဟုတ်တယ် ဦးဘသောင်းရေ၊ နည်းတဲ့ခြေရာကြီးတွေမဟုတ်ဘူး။ ခြေရာနဲ့လိုက်အောင် မျက်နှာကြီးရမယ်ဆိုရင်ဖြင့် ဆန်ကောလောက်ဆိုတာ မများလှဘူးဗျို့။ သို့သော် တစ္ဆေဆိုတာ ခြေရာထင်နိုင်ရဲ့လားဗျာ"

**သောင်း**။ ။ "ဘယ်က ဘယ်ပျောက်သွားသလဲ ဆရာကြီး"

**ရှား**။ ။ "ဟိုဘက်ချုံတွေထဲ ပျောက်သွားတာပဲဗျို့"

mgyoe.com

mgyoe.com

**သောင်း**။ ။ (မျက်နှာပိုးသတ်လျက်) "ကိုင်း...တစ္ဆေပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် အခု သူမရှိတော့ဘူး ဟုတ်လား။ ကျွန်တော်တို့အလုပ် ကျွန်တော်တို့ လုပ်ကြစို့ ဒါထက် ဆရာကြီးကို ဒီအိမ် ကျွန်တော် လိုက်ပြရဦးမယ်။ လာ ဆရာကြီး"

ကျွန်တော်တို့သည် အိမ်အထက်ထပ်နှင့် အောက်ထပ်တို့ကို စေ့စေ့အောင် လိုက်လံကြည့်ရှုကြလေရာ စားပွဲ ကုလားထိုင် စသော အိမ်ထောင်မှုများမှာ အိမ်ရှင်၏ပစ္စည်းဖြစ်၍ အိမ်ငှားသူ၏ ပစ္စည်းဆို၍မူကား စာအုပ်အနည်းငယ်နှင့် တယောတစ်ခု၊ အဝတ်ဟောင်းအချို့တို့ကိုသာ တွေ့ကြရလေ၏။ ဦးဘသောင်း သည် လက်နှိပ်ဓာတ်မီးနှင့် ရှေ့ဆုံးမှ လမ်းပြလျက် ကျွန်တော်တို့သည် အိမ်အပေါ် ထပ်သို့ တက်သွားကြလေရာ နောက်ဖေးချောင်၌ရှိသော အခန်းတွင်း၌ကား ထူးဆန်းသော ပစ္စည်းများကို တွေ့ကြရလေ၏။ အခန်း၏ အရှေ့တောင်ထောင့် တွင် စားပွဲဝိုင်းကလေးတစ်ခု ရှိလေရာ စားပွဲအလယ်၌ကား ငှက်ပျောသီး၊ အုန်းသီးတို့တွင် တံခွန်ကုက္ကားများ ထိုးစိုက်ထားသည့် ကန်တော့ပွဲတစ်ခုရှိ၍ ယင်းကန်တော့ပွဲကို မှီလျက်ရှိသော ဝတ္ထုပစ္စည်းမှာကား သာ၍ပင် ထူးဆန်း လှပေ၏။

ပထမ၌ ကျွန်တော်တို့သည် အရုပ်ကလေးတစ်ခု မှတ်ထင်သဖြင့် အလွယ် တကူ ကိုင်တွယ်ကြည့်ရှုရမည် ပြုမိသေး၏။ သေချာစွာ ကြည့်ရှုကြသောအခါ တွင်မူကား အချိတ်ထဘီ၊ ခါးတောင်အင်္ကျီ စသည်တို့ကို ဝတ်ဆင်ကာ ရင်ဘတ် တွင် ပဝါကလေးစည်းလျက်၊ ဆံပင်ဖားလျားချထားသော မိန်းမရုပ် (လူခြောက် ကလေး) တစ်ခုသည် စားပွဲပေါ်၌ ခြေဆင်းကာ ကန်တော့ပွဲကိုမှီလျက် ထိုင် နေသည်ကို တွေ့ကြရလေ၏။ မျက်နှာနှင့်တကွ တစ်ကိုယ်လုံးမှာ ခြောက်သွေ့ ရှုံ့တွလျက်ရှိသောကြောင့် နက်တက်တက်အရောင် ရှိလေရာ ဆံပင်မှာမူကား နဂိုအတိုင်းမဟုတ်ဘဲ လူတို့ပြုပြင်၍ ကော်နှင့်ကပ်ပေးထားခြင်း ဖြစ်ဟန်တူသည်။ တစ်ခုလုံးမှာ တစ်မိုက်ခန့်ထက် မပိုသော်လည်း မှိတ်ထားသော မျက်လုံးများမှ တစ်ပါး နားရွက်၊ နှာခေါင်း၊ ခြေလက်၊ နဖူး စသော အင်္ဂါများမှာ ထင်ရှား ပီသစွာရှိနေသည်ကို တွေ့ကြရပေ၏။ ဦးဘသောင်းမှာမူ ယင်းအခန်းတွင်းသို့ ဝင်ကြည့်ဖူးသည့် လက္ခဏာနှင့် ကျွန်တော်တို့၏ အံ့သြသော မျက်နှာများကိုသာ လျှင် ပြုံးစိစိနှင့် ကြည့်နေလေ၏။

ထို့နောက် ဦးဘသောင်းသည် စားပွဲအောက်သို့ လက်နှိပ်ဓာတ်မီးကို ထိုးပြ လိုက်ပြန်လေရာ မြင်ရသောအရာများမှာလည်း အံ့ဖွယ်ရာပင်ဖြစ်၏။ အကြောင်း မူကား ဖွေးဖွေးပြူသော ငှက်တစ်ကောင်၏ ခြေထောက်၊ တောင်ပံ၊ လည်ပင်း၊

mgyoe.com

ဦးခေါင်း၊ ရင်အုပ် စသော ကိုယ်အင်္ဂါများမှာ ဓားနှင့် ခုတ်ဖြတ်ထားခြင်းမဟုတ်ဘဲ တစ်ကောင်လုံးကို အရှင်လိုက် တစ်ပိုင်းစီ၊ တစ်ဖဲ့စီဖြစ်အောင် ဆွဲထုတ်ဖျက်ဆီး ထားသည့် လက္ခဏာနှင့် သွေးများသည် ယင်းအင်္ဂါအစိတ်အပိုင်းတို့တွင် အနှံ့ အပြား လူးကပ်လိမ်းကျံလျက်ရှိသည်ကို တွေ့မြင်ကြသောကြောင့်ပေတည်း။

**ရှား။** ။ (ဦးခေါင်းကို ကောက်ယူလျက်) "ဗျိုင်းပဲဗျို့ ဒီဟာ၊ သာယာဝတီ ဗျိုင်းဆိုတာ ဒါပဲဗျို့။ ဆန်းပါပေ့ဗျာ။ တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ အမှုပါပေပဲ"

**သောင်း။** ။ "နေဦး ဆရာကြီးရဲ့၊ ရှိသေးတယ်"

နောက်ဆုံး၌ ဦးဘသောင်းသည် စားပွဲဝိုင်းကလေးအနီး၌ရှိသော ကြွေဇလုံ တစ်လုံးနှင့် စဉ့်အင်တုံတစ်လုံးကို ယူပြလေရာ ဇလုံထဲ၌ သွေးများပြည့်လုမတတ် ရှိ၍ အင်တုံထဲ၌ မီးလောင်ကျွမ်းထားဟန်တူသော အရိုးများကို တွေ့ကြရလေ၏။

**သောင်း။** ။ "ဒီအရိုးတွေကို ဆရာဝန်တစ်ယောက် ကျွန်တော်ပြကြည့်တော့ လူရိုးမဟုတ်နိုင်ဘူးလို့ ပြောတယ် ဆရာကြီးရဲ့"

**ရှား။** ။ "တော်ပါပေ့ဗျာ။ ခင်ဗျား လုပ်ပုံကိုင်ပုံတွေ ကျုပ် သိပ်သဘော ကျတာပဲ။ ရာထူးနဲ့မလိုက်အောင် တကယ်တော်တဲ့ လူတစ်ယောက်ပါပဲဗျာ"

ဦးဘသောင်းမှာ နိုင်ငံကျော်ကြားလျက်ရှိသော ဦးစံရှား၏ ချီးကျူးခြင်း ခံရသည့်အမျှ ဝမ်းမြောက်ဝမ်းသာဖြစ်သည့် လက္ခဏာရှိပေ၏။

**သောင်း။** ။ "တောနယ်က ပုလိပ်အရာရှိဆိုတာ အမှုဆန်း၊ အမှုကောင်း ကြုံရခဲလေတော့ တစ်ခုတလေ ကြုံရတဲ့အခါမှာ နာမည်ကောင်းရအောင် ကြိုးစား နေတာပါပဲ ဆရာကြီး။ ဒါထက် ဒီအရိုးတွေကို ဆရာကြီး ဘယ်လိုသဘော ရပါသလဲ"

**ရှား။** ။ "သိုးရိုးဖြစ်မလား၊ ဆိတ်ရိုးဖြစ်မလား၊ တစ်ခုခုပဲလို့ ကျုပ်တွေး မိတယ်"

**သောင်း။** ။ "ဗျိုင်းကောင်ကကော ဆရာကြီး"

**ရှား။** ။ "ဆန်းပါ့ဗျာ၊ သိပ်ဆန်းတာပဲ။ ဒါမျိုး ဒီတစ်ခါပဲ ကျုပ် ကြုံ ရဖူးတယ်"

**သောင်း။** ။ "ဟုတ်တယ် ဆရာကြီးရဲ့။ တော်တော်ဆန်းကြယ်တဲ့လူတွေ နေသွားတဲ့အိမ်ပဲ။ သူတို့အထဲက တစ်ယောက်တော့ သေရှာပြီ။ သူ့တပည့်များ ရဲ့ လက်ချက်ပဲလားတော့ မဆိုနိုင်ဘူး။ ဟုတ်ခဲ့လို့ရှိရင် သူတို့ကိုရှာဖို့ သိပ် မခဲယဉ်းတန်ပါဘူး။ သို့သော် ကျွန်တော့်အယူအဆနဲ့တော့ သိပ်မကိုက်လှဘူး ဆရာကြီးရဲ့"

mgyoe.com

mgyoe.com

ရှား။ ။ “ဒါဖြင့် ခင်ဗျားမှာ တွေးပြီးသား တစ်ခုခုရှိနေပြီပေါ့လေ”

သောင်း။ ။ “ဆိုပါတော့ ဆရာကြီး။ သို့သော် တပည့်ကြီးလည်း ကိုယ့်နည်းကလေးနဲ့ကိုယ် လုပ်ပါရစေ။ ဆရာကြီးမှာတော့ နာမည်ရပြီးဖြစ်လို့ သိပ်အရေးမကြီးပေမဲ့ နာမည်မရသေးတဲ့ ကျွန်တော်တို့လို ပါမွှားတော့ ကြိုးစားနိုင်မှ ကျော်ကြားနိုင်မှာကိုး ဆရာကြီးရဲ့။ ဒါကြောင့် ဆရာကြီးရဲ့ အကူအညီမပါဘဲ ကျွန်တော့်နည်းနဲ့ ကျွန်တော် အလုပ်လုပ်လို့ အောင်မြင်တယ်ဆိုတဲ့ နာမည်တွက်လာဖို့ မျှော်လင့်နေပါတယ်ခင်ဗျာ”

ရှား။ ။ (ကျေနပ်သောအမူအရာနှင့် ရယ်မောလျက်) “ဟုတ်ပေတာပလေဗျာ။ နာမည်မရချင်တဲ့လူရယ်လို့ ဘယ်မှာရှိမလဲ။ ဒီလိုသဘောထားပြီး ကြိုးစားမှလည်း ကြီးပွားနိုင်မှာပေါ့ဗျာ။ လုပ်ပါလေ။ လုပ်သာလုပ်ပါ။ ကိုယ့်နည်းနဲ့ ကိုယ်ပေါ့။ ကျုပ်ဆီက အကူအညီလိုတဲ့အခါမှာ တောင်းသာတောင်း၊ ကြားလား။ ကျုပ်က တတ်နိုင်သမျှ အကူအညီပေးဖို့ အဆင်သင့်ပဲ။ ကိုင်း ဒီအိမ်မှာတော့ ကျုပ် ကြည့်စရာရှိတာအားလုံး မြင်ရ တွေ့ရပါပေပြီဗျာ။ တော်လောက်ပါပြီ။ ကျုပ်လည်း ကျုပ်နည်းနဲ့ကျုပ် တခြားမှာ အလုပ်ကလေးတွေ ရှိပါသေးတယ်။ ကိုင်း သွားလိုက်ပါဦးမယ် ဦးဘသောင်း”

ကျွန်တော်မှာ ဦးစံရှားနှင့် နှစ်ပေါင်းများစွာ တွဲဖက် ဆောင်ရွက်ခဲ့ဖူးသူတစ်ယောက် ဖြစ်သည့်အတိုင်း ဦးစံရှား၏အမူအရာကို မြင်ရခြင်းအားဖြင့် ဤအမူနှင့် ပတ်သက်၍ သဲလွန်စ ပူပူနွေးနွေးတစ်ခု တွေ့ရှိထားကြောင်း အကဲခတ်မိပေ၏။ အခြားသူများ၏ မျက်စိ၌ ဦးစံရှား၏ အမူအရာမှာ ထူးခြားခြင်း ရှိမည်မဟုတ်သော်လည်း တောက်ပသော မျက်လုံးများနှင့် ဖျတ်လတ်၍ ခပ်ဆတ်ဆတ်ရှိသော ကိုယ်ဟန်အမူအရာကို မြင်ရခြင်းအားဖြင့် ခြေရာကို အနံ့ခံလိုက်သော အမဲလိုက်ခွေးသည် လတ်လတ်ဆတ်ဆတ် ချထားခဲ့သော ခြေရာသစ်တစ်ခုကို တွေ့ရသောအခါ ဦးခေါင်းကို အထက်သို့မြှော်ကာ တစ်ချက်နှစ်ချက် ရှူရှိုက်ပြီးနောက် သွက်သွက်လက်လက် ဆက်လက်၍ လိုက်တတ်ပြန်သည်။

ထိုကဲ့သို့ ဦးစံရှားမှာလည်း အလားတူသော အမူအရာမျိုး ဖော်ပြလျက်ရှိသည်ကို ကျွန်တော် တွေ့မြင်ရပေ၏။ သို့ရာတွင် ဦးစံရှားသည် သူ၏ထုံးစံအတိုင်း မသေချာမီ ဖွင့်ဟပြောဆိုခြင်း မပြုဘဲရှိရာ ကျွန်တော်ကလည်း ကျွန်တော်၏ ထုံးစံအတိုင်း မေးလားမြန်းလား မပြုလုပ်ဘဲ သူ၏အရိပ်အကဲကိုသာလျှင် ကြည့်နေလေ၏။ ဟါးနပ်ကျင်လည်သော လက်ထောက်သည် မေးခွန်းများထုတ်ခြင်းအားဖြင့် သရာကို ဦးနှောက်ရှုပ်အောင် မလုပ်ဘဲ အရိပ်အကဲကိုကြည့်၍

mgyoe.com

mgyoe.com

လိုအပ်သောအကူအညီကို ဖျတ်ခနဲပေးနိုင်အောင် စောင့်နေသကဲ့သို့ ကျွန်တော်သည်လည်း ထိုနည်းအတူ ပြုကျင့်ရလေတော့သည်။

ကျွန်တော်တို့သည် ဧည့်သည်များ တည်းခိုသော တရုတ်ဟိုတယ်ခန်း၌ တည်းခိုကြ၍ ဦးစံရှားမှာ ထွက်ချည်ဝင်ချည်ပြုလျက် ကျွန်တော်ကလည်း သူ့မျက်နှာကဲကိုသာကြည့်က မျှော်လင့်လျက် တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်စေခဲ့ကြသည်ဖြစ်ရာ တစ်နေ့သ၌ ရန်ကုန်ပြန်၍ ဘားနဒ် ပိဋကတ်တိုက်သို့ သွားခြင်းကိုပင် ကျွန်တော့်ကို မခေါ်ဘဲ တစ်ယောက်တည်း ထွက်သွား၍ ပြန်ရောက်လာသောအခါမှ ကျွန်တော် သိရလေသည်။

အခြားသောနေ့ရက်များတွင်လည်း ဦးစံရှားသည် တစ်ကိုယ်တည်း ခရီးရှည် လမ်းလျှောက်ခြင်း၊ နယ်သူနယ်သားများနှင့် အသိအကျွမ်းဖွဲ့၍ ဗဟုသုတ စုဆောင်းခြင်း စသော အလုပ်များဖြင့် အချိန်ဖြုန်းလျက်ရှိရာ ကျွန်တော့်မှာလည်း စာရေးခြင်း၊ စာဖတ်ခြင်းတို့ဖြင့်သာ အချိန်ကုန်လွန်စေခဲ့လေ၏။ တစ်နေ့သ၌–

ရှား။ ။ "မြို့ကြီးသားဆိုတာ တစ်ခါတလေမှာ ဒီလိုမြို့ကလေး လာနေပြီး တောမကျ မြို့မကျသူတို့ရဲ့ အသုံးအနှုန်း၊ အယူအဆ၊ အမူအရာကလေးတွေ ကြည့်ရှုမှတ်သားနေတာဟာလည်း စိတ်ဝင်စားစရာပဲဗျ" ဟု ပြောသော်လည်း ကျွန်တော်ကား သဘောမပေါက်ချေ။ ထို့ကြောင့်–

ကျွန်။ ။ "တမာရွက် ကြိုက်တတ်သူက မန်ကျည်းကြက်ဆူနဲ့ ငါးမြင်း ငါးပိတစ်ကို ခရမ်းချဥ်သီးနိုင်နိုင်နဲ့ချက်ပြီး တို့စားလိုက်ရရင် ထမင်းမြိန်လှတယ်လို့ ပြောပေမဲ့ အခါးမကြိုက်တဲ့ လူအဖို့တော့ သွားရည်မကျလှပါဘူး ဆရာကြီးရယ်" ဟု ပြန်ပြောလိုက်၏။

တစ်ခါတစ်ရံ ဦးစံရှားသည် ကျွန်တော့်ကိုခေါ်၍ အတူတကွ လမ်းလျှောက်ထွက်လာသောအခါများတွင် ဌာနာအုပ် ဦးဘသောင်းနှင့် ဆုံမိတတ်ကြ၏။ ထိုအခါများ၌ ဦးဘသောင်းသည် ရွှင်ပျသော မျက်နှာထားရှိနေသည်ကို တွေ့ရခြင်းအားဖြင့် ထိုအမှုနှင့်ပတ်သက်၍ ခြေရာကောက်မိဟန်တူသည်ဟု ကျွန်တော် အကဲခတ်မိသော်လည်း အမှုနှင့်ပတ်သက်၍မူကား တစ်ယောက်နှင့်တစ်ယောက် များစွာ ဆွေးနွေးတိုင်ပင်ခြင်း ပြုသည်ကို မတွေ့ရချေ။ တစ်နေ့သ၌ ကျွန်တော်သည် သတင်းစာတစ်စောင်တွင် အောက်ပါသတင်းကို တွေ့ရသဖြင့် အံ့သြမိလေ၏။

mgyoe.com

mgyoe.com

## တိုက်ကြီးမြို့ လူသတ်မှုတွင် တရားခံကို ဖမ်းမိခြင်း

ဦးစံရှားသည် ကျွန်တော်ဖတ်ပြသော သတင်းခေါင်းစဉ်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ရုတ်တရက် ခုန်ထ၍

**ရှား။** ။ "အလိုဗျာ၊ ဦးဘသောင်းက တရားခံ မိသွားပြီတဲ့လား"

**ကျွန်။** ။ "ဟုတ်ဟန်တူတာပဲ။ နားထောင်ဗျ"

ကျွန်တော်လည်း အောက်ပါသတင်းကို ဖတ်ပြလေ၏။

"တိုက်ကြီးမြို့ နန္ဒဝန်အိမ်၌ နေထိုင်သော အသက်အာမခံ ကိုယ်စားလှယ် ဦးထွန်းကျော်အလောင်းကို တောစပ်ကလေးတွင် တွေ့ရှိရ၍ လက်သည်မပေါ်ပေါက်ခဲ့ကြောင်းကို ကျွန်ုပ်တို့ သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ထိုညက ဦးထွန်းကျော်၏ အစေခံနှစ်ယောက်တို့မှာလည်း ကွယ်ပျောက်သွားကြောင်းနှင့် ဖော်ပြခဲ့ဖြစ်ကြောင်း၊ ကွယ်လွန်သူ ဦးထွန်းကျော် အဖိုးတန်ပစ္စည်းများရှိ၍ ယင်းတို့ကို ရလိုမှုအတွက် လုပ်ကြံခြင်းဖြစ်သည်ဟု ဌာနာအုပ် ဦးဘသောင်းက မသင်္ကာသည့်အလျောက် အဆိုပါ အစေခံနှစ်ယောက်တို့ကို လျှို့ဝှက်စွာ ခြေရာခံလျက်ရှိကြောင်း၊ ဦးထွန်းကျော်၏ ထမင်းချက်မှာ အလွန်ထွားကျိုင်းသော လူတစ်ယောက်ဖြစ်၍ နန္ဒဝန်နေအိမ်တွင် ပစ္စည်းတစ်စုံတစ်ခု မေ့ကျန်ရစ်သည့်လက္ခဏာနှင့် နောက်တစ်ည၌ ယင်းအိမ်သို့ ပြန်လာသည်ကို ပုလိပ်အမှုထမ်း မောင်ဘသိ ကိုယ်တိုင် မြင်လိုက်ရသည် ဆိုကြောင်း။

ဌာနာအုပ် ဦးဘသောင်းက တရားခံသည် ထိုအိမ်သို့ တစ်ခေါက်လာရိုးမှန်ခဲ့လျှင် နောက်တစ်ခေါက် လာရဦးမည်ဟု တွေးဆသည့်အတိုင်း ယင်းနေအိမ် ပတ်ဝန်းကျင်၌ အစောင့်များချထားကြောင်း၊ ဦးဘသောင်း တွေးဆချက်အတိုင်း တရားခံသည် နန္ဒဝန်အိမ်သို့ ဒုတိယအကြိမ် လာရောက်သဖြင့် ယမန်ညဉ့်က အစောင့်ချထားသော ပုလိပ်များလက်တွင်းသို့ တိုးဝင်မိရာ အလွန်ကြမ်းတမ်းသူတစ်ယောက်ဖြစ်၍ ပုလိပ်သား မောင်ဘသိ၏ လက်မတစ်ချောင်းကိုပင် ကိုက်ဖြတ်လိုက်သေးသည်ဆိုကြောင်း၊ တရားခံမှာ ယခုအခါ အချုပ်ထောင်အတွင်း သွတ်သွင်းထားပြီးဖြစ်ရာ ဦးဘသောင်းက ထုံးစံအတိုင်း ရမန်ခံယူ၍ ဆက်လက်စုံစမ်းပြီးမှ မကြာမီ ရုံးတော်သို့ တင်ပို့စစ်ဆေးလိမ့်မည်ဟု ကြားသိရကြောင်း။"

**ရှား။** ။ "မဖြစ်ဘူးဗျို့ ကိုသိန်းမောင်၊ ဦးဘသောင်းကို ကျုပ်တို့ သွားတွေ့ဦးမှ တော်မယ်။ လာဗျာ၊ လိုက်ခဲ့ဦး"

mgyoe.com

mgyoe.com

ကျွန်တော်တို့သည် ဌာနာသို့ရောက်ကြသောအခါ ဦးဘသောင်းမှာ ဌာနာမှ ထွက်တော့မည်ဟု ပြင်ဆင်လျက်ရှိသည်ကို တွေ့ရလေ၏။

**သောင်း**။ ။ "ဘယ့်နှယ်လဲ ဆရာကြီး၊ သတင်းစာထဲမှာ တွေ့ပြီးပြီလား ခင်ဗျာ"

**ရှား**။ ။ "တွေ့ရပါပြီ။ ဒါကြောင့် ကျုပ်တို့ ချက်ချင်းလိုက်လာတာပဲ။ ကျုပ် တစ်ခုပြောမယ် ဦးဘသောင်း။ ခင်ဗျား စိတ်ဆိုးမှာလား"

**သောင်း**။ ။ "အို၊ ဘယ့်နှယ် ဆရာကြီးရယ်။ ကိုယ့်ဆရာသမားလို နေတဲ့ ပုဂ္ဂိုလ်ကြီးကို ဘယ့်နှယ် စိတ်ဆိုးလို့ဖြစ်မှာလဲခင်ဗျာ။ ဦးအုန်းဖေကိုတောင် ကျွန်တော်တို့က ဆရာတစ်ဆူအနေနဲ့ ဂါရဝထားရပါတယ်။ ဦးထွန်းဖေတို့ ကိုယ်တိုင်က ဆရာကြီးကို ဆရာတင်ထားရတော့ ကျွန်တော်တို့က တပည့်ရဲ့ တပည့်၊ မြေးတပည့်ပါ ဆရာကြီးခင်ဗျား"

**ရှား**။ ။ "ပြောပုံကတော့ သိပ်စကားလှတာပဲ။ ဒီလိုလေဗျာ ဦးဘသောင်းရဲ့၊ ဒီအမှုကို ကျုပ်ကိုယ်တိုင် စိတ်ဝင်စားပြီး လိုက်နေတယ်ဗျ။ ဖွင့်ပြောပြရရင် ခင်ဗျား စီမံထားပုံဟာ တယ်ပြီး ကျုပ် သဘောမကျဘူးဗျာ။ ကိုယ့်ဟာကိုယ် သိပ်မသေချာဘဲနဲ့ ဖမ်းလားဆီးလား လုပ်မိရင် တော်တော်ကြာတော့ လက်လွန်ကုန်ပြီး နာမည်ပျက်တတ်တယ်ဗျ။ အထက်လူကြီးဆိုတာမျိုးဟာ ငယ်သားက နေရာကျရင် သူတို့ကပါ ဝင်ပြီး အချီးမွမ်းခံချင်တတ်တယ်။ တပည့်က လွဲကုန်လို့ ဟန်မရပြီဆိုမှဖြင့် ထမင်းရေ ပူလာတော့ လျှာလွှဲဆိုတာမျိုးရလို့ သူတို့က အသာဖယ်ပြီး ခံစရာရှိတာ တပည့်သာ ခံရတတ်တယ်ဗျ"

**သောင်း**။ ။ "ဆရာကြီးပြောတာတော့ ကျွန်တော် သဘောကျပါတယ်"

**ရှား**။ ။ "ခင်ဗျားကို ကောင်းစေချင်လို့ ကျုပ်က သတိပေးရတာပဲဗျာ"

ဦးဘသောင်းသည် ဦးစံရှား၏ စကားကို နှုတ်ဖြင့်တော်လှန်ခြင်းမပြုသော်လည်း ယင်း၏ အမူအရာမှုကား ပြုံးစိစိရှိသလို ကျွန်တော် ထင်လိုက်မိ၏။

**သောင်း**။ ။ "ဆရာကြီးစေတနာကို ကျွန်တော် နားလည်လို့ လေးစားပါတယ် ဆရာကြီးခင်ဗျား။ သို့သော် ကိုယ့်နည်းနဲ့ကိုယ် အလုပ်လုပ်ကြဖို့ သဘောတူကြပြီး ဖြစ်တဲ့အတိုင်း..."

**ရှား**။ ။ "ကောင်းလှပါပြီဗျာ။ တော်တော်ကြာတော့ သတိမပေးကောင်းလားလို့ ကျုပ်ကို အပြစ်မတင်ပါနဲ့"

**သောင်း**။ ။ "မတင်ပါဘူး ဆရာကြီး၊ ကျွန်တော် ကျေနပ်ပါတယ်။ တောပိုင်းက ပုလိပ်ဟာလည်းပဲ သူ့နည်းကလေးနဲ့သူ ရှိချင်ရှိတတ်ပါတယ် ဆရာကြီးခင်ဗျား"

mgyoe.com

mgyoe.com

**ရှား။** ။ "ဟုတ်ပါပေ့ဗျာ။ ကိုင်း တော်လောက်ပါပြီဗျာ။ ဒီအကြောင်း စကားဖြတ်ကြပါစို့"

**သောင်း။** ။ "ဟုတ်ပါ့မလား ဆရာကြီး၊ ဒါနဲ့ ဒီအကောင်အကြောင်းကို ပြောရဦးမယ်။ ဆိုးလိုက်၊ ကြမ်းလိုက်တဲ့အကောင် ဆရာကြီးရယ်။ ဘသီရဲ့ လက်မကို ကိုက်လိုက်တာ တည်းတည်းကလေး ကျန်တော့တယ်ခင်ဗျ။ ပြတ်လု မတတ်ပဲ။ မေးလို့လည်း ဘာမှမရဘူး။ အံသွားကြီး တကြိတ်ကြိတ်နဲ့ လုပ်နေ တာပဲ"

**ရှား။** ။ "ဒီကောင်က သူ့ဆရာကို သတ်တယ်ဆိုတာ လုံလောက်တဲ့ သက်သေခံရှိသလား"

**သောင်း။** ။ "ကျွန်တော် ဒီလိုမပြောရပါကလား ဆရာကြီးခင်ဗျာ။ ကိုယ့် နည်းနဲ့ကိုယ် ပြောထားတဲ့အတိုင်း အလုပ်လုပ်ကြပါစို့ ဆရာကြီးခင်ဗျာ"

ထို့နောက် ကျွန်တော်တို့သည် ဦးဘသောင်းနှင့် ခွဲခွာခဲ့၍ လမ်းခရီးတွင်–

**ရှား။** ။ "ဦးဘသောင်းဆိုတဲ့ လူတစ်ယောက် ကျုပ် ကောင်းကောင်း နားမလည်ပါဘူးဗျာ။ ကိုယ့်လူတော့ အရှက်ကွဲဖို့ လမ်းခင်းနေတာနဲ့ တူတာပဲ။ သို့သော် သူ့စကားအတိုင်း ကိုယ့်နည်းနဲ့ကိုယ်ပေါ့လေဗျာ။ အဆုံးသတ်တော့ ဘယ်လိုသတ်ကြမလဲ ကြည့်ကြသေးတာပေါ့။ သို့သော်လည်း ဒီလူရဲ့အမှုအရာကို ကျုပ် ကောင်းကောင်းကြီး နားမလည်အောင် ဖြစ်နေတယ်ဗျ"

ဟိုတယ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် ကျွန်တော့်အား တိုင်ပင် တော့မည်ဟန်နှင့် ဆေးတံကို ဆေးထည့်၍ မီးညှိလေရာ ကျွန်တော်လည်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လျက် နားစွင့်နေ၏။

**ရှား။** ။ "ကိုင်း ကိုသိန်းမောင်၊ ဒီကနေ့ည ခင်ဗျားအကူအညီ တောင်း ရမှာဖြစ်လို့မို့ ဖွင့်တန်သလောက်ဖွင့်ပြီး တိုင်ပင်ရဦးတော့မှာပဲ။ ဒီအမှုက အမြင် အားဖြင့် သိပ်မရှုပ်လှပေမဲ့ တရားခံကို မိအောင်ဖမ်းဖို့နေရာမှာတော့ အခက် အခဲကလေးတွေ မသေးလှဘူးဗျ။ ကွင်းဆက်လို တစ်ခုနဲ့တစ်ခုဆက်ပြီး စဉ်းစား ထားပေမဲ့ ကောင်းကောင်းကြီး မစပ်မိသေးတဲ့ ကွက်လပ်ကလေးတွေ ကျန် နေသေးတယ်ဗျ။ ဦးထွန်းကျော် သေမယ့်နေ့က သူရတဲ့ စာကလေးအကြောင်း ကို တစ်ခါထပ်ပြီး ဆွေးနွေး ကြဦးစို့ဗျာ။ ဦးထွန်းကျော်ကို သူ့တပည့်များ သတ်တယ်ဆိုတဲ့ ဦးဘသောင်းရဲ့ အယူအဆကို ခဏကလေး ဖယ်ထားလိုက် ကြဦးစို့ရဲ့။ ဘာကြောင့်လဲဆိုတော့ ဦးအောင်မင်းကို ဟိုညတုန်းက သူ့အိမ် လာအိပ်ဖို့ ဖန်တီးတဲ့သူက သူ့တပည့်တွေ မဟုတ်ဘူး။ ဦးထွန်းကျော် ကိုယ်တိုင်

mgyoe.com

mgyoe.com


ဖန်တီးခဲ့တာဗျ။ သူ့တပည့်များက ဦးထွန်းကျော်ကို လုပ်ကြံဖို့ အကြံအစည် မရှိရိုးမှန်ရင် ဦးအောင်မင်းကို ဒီအိမ်လာဖို့ ဖန်တီးတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး"

ကျွန်။ ။ "သူ့တပည့်များက လုပ်ကြံလိမ့်မယ်လို့ ရိပ်မိတဲ့အတွက် ဦးထွန်းကျော်က ဦးအောင်မင်းကို အိမ်မှာလာအိပ်ဖို့ ဖန်တီးတယ်လို့ကော မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။ "ဒါလည်း ယုတ္တိမရှိပေါင်ဗျာ။ ကိုယ့်လုပ်ကြံမယ်ထင်ရင် ဦးအောင်မင်းလိုလူကို ခေါ်ထားလို့ ဘာအကျိုးရှိမှာလဲဗျ။ ပုလိပ်နဲ့ဘာနဲ့ တိုင်ပင်ပြီး စီမံထားရောပေါ့။ ခင်ဗျားဟာက အတွေးခေါင်လွန်းလှပါတယ်။ ကျုပ်ပြောဖူးတဲ့အတိုင်း ဦးထွန်းကျော်ဟာ ဒီအချိန်ဒီအခါမှာ သူ့အိမ်မှာ သူရှိနေကြောင်းကို သက်သေပြလိုတဲ့အတွက် ဟိုညက ဦးအောင်မင်းကို သူ့အိမ်မှာ အိပ်စေဖို့ ဖန်တီးခြင်းဖြစ်ဟန်တူပါတယ်။

"ကျုပ်ယူဆချက်က ဦးထွန်းကျော်ဟာ အဲဒီညမှာ ရာဇဝတ်ပြစ်ဒဏ်မကင်းတဲ့ အလုပ်တစ်ခုလုပ်ဖို့ အကြံအစည်ရှိတဲ့အတွက် ဦးအောင်မင်းကို သူ့အိမ်မှာ ရှိနေအောင် ဖန်တီးထားပြီး အဲဒီအကြံအစည်အတိုင်း ဆောင်ရွက်ရာမှာ အသက်ဆုံးရှုံးခြင်း ဖြစ်တယ်လို့ဆိုတယ်။

"ရာဇဝတ် အပြစ်ဒဏ်မကင်းတဲ့ အကြံအစည်မျိုးဆိုတာက ဘာကြောင့်လဲဆိုတော့ ရာဇဝတ်ပြစ်ဒဏ်မကင်းတဲ့ အလုပ်မျိုးမို့လို့သာ သက်သေတွေဘာတွေပြနိုင်ဖို့ စီစဉ်ရမှာကိုးဗျ။ ဘုရားရှိခိုးသွားချင်တဲ့လူဖြင့် သက်သေပြနေဖို့ ဘာလိုမှာလဲ။ ကောင်းပြီ။ ဒါဖြင့် ဦးထွန်းကျော်ရဲ့အသက်ကို ဘယ်လိုလူက သတ်မလဲတဲ့။ ဦးထွန်းကျော်ကို ကြံစည်တဲ့လူ သို့မဟုတ် သူများကပဲ သတ်တယ်လို့ ယူဆရလိမ့်မယ်။ ဒီလောက်အထိတော့ ကျုပ်တို့အယူအဆဟာ ခိုင်လုံတယ်လို့ မဆိုသင့်ဘူးလားဗျာ"

ကျွန်။ ။ "ဟုတ်ကဲ့၊ ဆိုသင့်ပါတယ်ဗျာ"

ရှား။ ။ "ဒီလိုဆို ဦးထွန်းကျော်ရဲ့တပည့်များ ပျောက်သွားခြင်းဟာ ဦးထွန်းကျော်ကို သတ်မိတဲ့အတွက် သူတို့ဟာ ဦးထွန်းကျော်နဲ့ ကြံဖော်ကြံစည်ဖက်များ ဖြစ်တယ်လို့ ဆိုရပေလိမ့်မယ်။ အကယ်၍ သူတို့ အကြံအစည် ထမြောက်ကဲ့လို့ရှိရင် သူတို့အားလုံး အခြေမပျက်ပြန်လာပြီး ဦးအောင်မင်းရဲ့ သက်သေခံချက်အရ သူတို့အပေါ်မှာ အမှုမပတ်ဘဲ ကွင်းလုံးကျွတ်လွတ်ဖို့ပဲ။ သို့သော် ဘေးအန္တရာယ်မကင်းတဲ့ အလုပ်မျိုးဖြစ်လေတော့ အလုပ်လုပ်ရင်းပဲ ဦးထွန်းကျော် အသက်ဆုံးရဟန်တူတယ်။ နို့ပေမဲ့ မတော်တဆ ဒီလိုဖြစ်ရင် တပည့်များက တစ်နေရာရာမှာ ပုန်းအောင်းပြီး မူလအကြံအစည်ကို ဆက်လက်

mgyoe.com

mgyoe.com

ဆောင်ရွက်ဖို့ စီစဉ်ထားကြသေးသလား မဆိုနိုင်ဘူး။ ကိုင်း၊ အဲဒီလို မဖြစ်နိုင်ပေဘူးလားဗျာ”

ဦးစံရှားက ဤကဲ့သို့ပြောပြသည့်အခါ ကျွန်တော်၏စိတ်ထဲတွင် အဖြစ်အပျက်များသည် ကွင်းကွင်းကွက်ကွက် ရှင်းထွက်လာ၍ ကျွန်တော်ကိုယ်တိုင် အဘယ်ကြောင့် ဤကဲ့သို့ မစဉ်းစားမိဘဲ ရှိရလေသနည်းဟူ၍ပင် ထုံးစံအတိုင်း အံ့သြမိလေ၏။

ကျွန်။ ။ “ဒါဖြင့် ဟိုတစ်ယောက်က ဘာကြောင့် ပြန်လာရသလဲဗျာ”

ရှား။ ။ “ကတိုက်ကရိုက် ထွက်သွားမိလို့ အရေးကြီးတဲ့ပစ္စည်းတစ်ခုခု ကျန်ရစ်ခဲ့တဲ့အတွက် စွန့်စားပြီး ပြန်လာတယ်လို့ ဆိုရမှာပေါ့ဗျာ”

ကျွန်။ ။ “နောက်တစ်ချက်ကကောဗျာ”

ရှား။ ။ “နောက်တစ်ချက်ကတော့ ဦးထွန်းကျော် ရတဲ့ စာအကြောင်းကို စဉ်းစားရုံပဲရှိတာပဲ။ ဒီစာရပုံထောက်ခြင်းအားဖြင့် ဦးထွန်းကျော်နဲ့ ဟိုတစ်ဖက်က လူစုနဲ့ အဆက်အသွယ်ပြုကြရာမှာ ဟိုဘက်လူစုထဲမှာ ဦးထွန်းကျော်ရဲ့ သူလျှိုရှိဟန်တူတယ်။ ဒါကြောင့်မို့လို့ အချက်ပေးလိုက်ဟန်တူရဲ့။ သို့သော် ဟိုဘက်က လူစုဆိုတာ ဘယ်မှာလဲတဲ့။ ကျုပ်ပြောဖူးတဲ့အတိုင်း သုံးထပ်တိုက်ကြီးတစ်တိုက်မှာ ဖြစ်ရမှာပဲ။

“တိုက်ကြီးမြို့မှာ လေးထပ်၊ ငါးထပ်ရှိတဲ့ တိုက်ရယ်လို့ ရှိမထင်ပါဘူး။ သုံးထပ်တောင် ခပ်နည်းနည်းရှိတာပဲ။ ကျုပ်တော့ဖြင့် ဒီမြို့ရောက်ကတည်းက ဒီတိုက်တွေမှာနေတဲ့ လူတွေအကြောင်းကို မနေမနား ကြိုးစားပြီး ထောက်လှမ်းနေတာပဲ။ ဟိုတစ်နေ့ကတည်းက ရသားတဲ့ ကြေးနန်းထဲမှာပါတဲ့ တိုက်ကြီးတွေ အနက် ဈေးအနောက်ဘက်က ဦးဘ.ဘူရဲ့တိုက်မှာနေတဲ့ လူစုကို အထူးမသင်္ကာဘူးဗျ။ သူ့တိုက်က နာမည်တွေဘာတွေနဲ့ဗျ။ ‘ဘုံနန်းရိပ်သာ’ တဲ့။

“အဲဒီတိုက်မှာငှါးနေတဲ့ ပုဂ္ဂိုလ်က ရှမ်းလိုလို၊ တရုတ်လိုလိုနဲ့ အတော်ထိပ်တန်းကျတဲ့ အနေအထိုင်မျိုးနေတဲ့ လူကြီးတစ်ယောက်ဗျ။ နာမည်က ဦးဘာဟိန်တဲ့။ ခပ်ဆန်းဆန်းပဲ။ ကျုပ်က ကိစ္စတစ်ခုနဲ့ ယိုးမယ်ဖွဲ့ပြီး သူ့သွားတွေ့တယ်။ ငုံတော်တော်တန်ခိုးရှိတဲ့ မျက်လုံးမျိုးဗျ။ မျက်တွင်းနက်နက်နဲ့ ဟိုခေါလောင်ထဲကနေကြည့်တဲ့ မျက်လုံးမျိုးပဲ။ ကြည့်လိုက်ရင် စိုက်ခနဲ တန်းခနဲ နေတာပဲဗျ။ လူကလည်း လူပါးကြီးပဲ။

“ကျုပ်ကို မြင်မြင်ချင်း သူ မသင်္ကာဘူးဗျ။ အသက် ၅၀ နီးပါးလောက်ရှိလို့ ဆံပင်နည်းနည်းဖြူစပြုနေသော်လည်း သူ့ရဲ့ ဖျတ်လတ်ပုံ၊ တောင့်တင်းပုံကြည့်ရတာတော့ ၄၀ ကျော်ကလေးလောက် ထင်ရတယ်။ ပြီးတော့ တစ်ခု

mgyoe.com

mgyoe.com

ထူးခြားတာ ရှိသေးတယ်။ လူကတော့ လူကြမ်း၊ လူထက်၊ လူရဲတစ်ယောက်ပဲ။ ထူးခြားတဲ့အချက်ကတော့ ခန့်လိုက်တဲ့လူဗျာ။ ကိုသိန်းမောင်နှယ် ဘာပြောစရာ ရှိမလဲ။ သူ့ကိုယ်သူ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းကို အစိုးရတဲ့ မင်းတစ်ပါး ထင်နေလေရော့သလား မဆိုနိုင်ဘူး။ မာနကလည်း အလွန်ကြီးဗျ။ ထန်လိုက်တာလည်း လွန်လို့။ ကျုပ်မို့လို့သာပ။ တော်တော့်လူဆိုရင်၍ဖြင့် သူ ခေါက်ထုတ်တာနဲ့ ဒူးတုန်ပြီး ဆင်းပြေးခဲ့ရမှာ ဧကန်ပဲ။

"သူ့အနားမှာ အမြဲနေတဲ့ ဦးပန်းဖူးဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ နှုတ်ချိုချိုနဲ့ စကားပြောကောင်းဗျ။ အင်မတန်လည်း လည်ပတ်တယ်။ ဘယ်လိုတော်သလဲတော့ မဆိုနိုင်ဘူး။ ဦးဘာဟိန်က ထန်လေသမျှ အဲဒီလူကြီးက လိုက်လိုက်ပြီး ဖြေဖော်ရတယ်။ ဘာအလုပ်အကိုင်နဲ့ ဘယ်လိုစားသောက်နေကြတယ် မဆိုနိုင်ဘူး။ တိုက်ကြီးတစ်တိုက်လုံးကို ၁၅၀ နဲ့ငှားပြီး သူ့တပည့်တပန်းတွေနဲ့ နေကြတာပဲ။

"ဒီမြို့ရောက်တာတော့ သိပ်မကြာသေးပါဘူး။ တစ်လကျော်ကျော်လောက် ရှိသေးသတဲ့။ တကယ့် မင်းစိုးရာဇာအိမ်ကြီးမျိုး ကျနေတာပဲဗျ။ အိမ်ထောင်မှုပစ္စည်းတော့ သိပ်မများလှဘူး။ သို့သော် သိုက်သိုက်ဝန်းဝန်းနဲ့ နေပုံထိုင်ပုံကတော့ သိပ်ခန့်တာပဲဗျာ။ ကျုပ်စုံစမ်းလို့ သိရှိသလောက်တော့ နန္ဒဝန်အိမ်မှာ ဦးထွန်းကျော် ရောက်တာနဲ့ ဘုံနန်းရိပ်မြုမှာ ဦးဘာဟိန်တို့ ရောက်တာဟာ သိပ်မကွာလှဘူးဗျ။ မရှေးမနှောင်းလို နေတာပဲ။ ဒီတော့ ဦးထွန်းကျော်နဲ့ ဦးဘာဟိန်ဟာ တစ်နည်းနည်းနဲ့ အဆက်ရှိတယ်လို့ ကျုပ် ယူဆတယ်"

ကျွန်။ ။ "ဒီအတိုင်း မှန်ရင်တော့ ထင်လောက်ပါရဲ့ဗျာ"

ရှား။ ။ "ပြီးတော့ ဦးဘာဟိန်မှာ ၁၃ နှစ်သမီးကလေးတစ်ယောက်၊ ၁၁ နှစ်သမီးကလေးတစ်ယောက် ရှိတယ်ဗျ။ ပိုက်ဆံတတ်နိုင်တဲ့လူမို့လို့ မိန်းကလေးတွေကို ကျောင်းမထားဘဲ ဆရာမတစ်ယောက် ငှားပြီး အိမ်မှာပဲ အင်္ဂလိပ်စာရော၊ မြန်မာစာရော သင်ပေးစေတယ်ဗျ။ ဆရာမနာမည်က မနန်းစိန်တဲ့။ အသက် ၄၀ လောက်ရှိပြီ။ ပြီးတော့ လူယုံတော်လုပ်ထားတဲ့ တပည့်တစ်ယောက်လည်း ရှိသေးတယ်။ ဦးဘာဟိန်ဆိုတဲ့လူက ဘယ်လိုလူစားထဲကလဲတော့ ဘယ်သူမှ အမှန်မပြောနိုင်ဘူး။ သို့သော် အရောင်းအဝယ် အလုပ်အကိုင်ရယ်လို့ မပြနိုင်ဘဲ ဟန်တလုံး ပန်တလုံးနဲ့ နေနိုင်တာကတော့ အမှန်ပဲဗျ။

"အထက်ပြည် အောက်ပြည် လှည့်သွားနေတယ်လို့လည်း ပြောကြရဲ့။ ဘာအရာရှိမှန်းလဲ မသိဘူး။ အင်္ဂလိပ်သူလျှိုလို့လည်း ပြောကြတယ်ဗျ။ အိမ်ထောင်မှု ပရိဘောဂတွေကလည်း ခရီးဆောင်ပစ္စည်းမျိုးချည်းပဲဗျ။ ခုနက ပြော

mgyoe.com

ခဲ့တဲ့လူစုအပြင် တိုလီမိုလီ ခိုင်းစရာ ယောက်ျား မိန်းမတွေကလည်း ပြည့်နေတာ ပဲဗျ။ လေးငါးခြောက်ယောက်ထက်တော့ နည်းမယ်မထင်ဘူး။ အိမ်နီးချင်းများ က မြင်ရပုံကတော့ ဘာအလုပ်မှလည်း မလုပ်၊ တဖြုန်းဖြုန်းနဲ့ ချက်ပြုတ် စားသောက်နေကြတာပဲဗျ"

ကျွန်။ ။ "စော်ဘွားလူထွက်များလားဗျာ"

ရှား။ ။ "ပြောတတ်ဘူးလေ။ ဖြစ်တော့ ဖြစ်နိုင်တာပဲ။ မနန်းစိန်က တော့ ရှမ်းနာမည်ဖြစ်နိုင်ရဲ့။ သမီးကလေးတွေကတော့ မြန်မာမျက်နှာကလေး တွေပါဗျာ"

ကျွန်။ ။ "ဒီအကြောင်းတွေကို ခင်ဗျား ဘယ့်နှယ်လုပ် သိခဲ့သလဲ"

ရှား။ ။ "ကိုယ်တိုင်စုံစမ်းတာရော၊ အိမ်နီးပါးချင်းတွေ ပြောတာရော၊ အထူးသဖြင့် ဦးဘာဟိန်ဆီမှာ လုပ်ဖူးတဲ့ ကားဒရိုင်ဘာဘကြူးဆီက သိရတာရော ပေါ့ဗျာ။ ဘကြူးဆိုတဲ့ကောင်က အရက်ကလေး နည်းနည်းမူးပြီး သူ့ဆရာရဲ့ ကားကြီး ခိုးထုတ်စီးမိလို့ ဦးဘာဟိန်သိတာနဲ့ ထုတ်ပစ်လိုက်ဆိုကိုးဗျ။ ကျုပ်က ဒီကောင် တွေ့အောင်ရှာပြီး လက်ဖက်ရည်တိုက်၊ အရက်တိုက်နဲ့ အောက်အစ် ပြီး မေးလိုက်တာ သူသိသလောက်တော့ ကျုပ် အားလုံးသိရတာပဲ။ နို့ပေမဲ့ ဒီကောင်က ဒီမြို့ရောက်မှ အလုပ်ဝင်ရတဲ့ အကောင်ဖြစ်လေတော့ ရှေးဟောင်း နှောင်းဖြစ်တွေတော့ မသိလှဘူးပေါ့ဗျာ။ သို့သော် ဦးဘာဟိန် အိမ်မှာရှိနေတဲ့ အစေခံတွေထဲမှာလည်း ဦးဘာဟိန်နဲ့ မတည့်တဲ့လူ၊ ဘကြူးနဲ့ အကြောင်း အပေါင်းသင့်တဲ့လူ ရှိသေးတယ်ဗျ။ အဲဒီလိုလူများဆီက သူတို့ အိမ်သူအိမ်သား တွေအကြောင်းကို ကျုပ် သိရတယ်"

ကျွန်။ ။ "သိပ်ကံကောင်းဝဲ့လူဗျာ"

ရှား။ ။ "ကံသက်သက် မဟုတ်ဘူး ဆရာကြီးရဲ့။ ဘကြူးဟာ ဒီလို ဒီလို ဖြစ်တယ်ကြားလို့ ကျုပ်က သူ့လိုက်ရှာပြီး စုံစမ်းရတာ ခင်ဗျားကြီးရဲ့။ ဘကြူးက ကျုပ်ဆီလာပြောတာ မဟုတ်ဘူးဗျ။ ဒါထက် ဦးဘာဟိန်တို့ အိမ် သားတွေ နေကြပုံဟာ သိပ်ဆန်းတယ်ဗျာ။ နည်းနည်းဆန်းတာ မဟုတ်ဘူး။ တိုက်သုံးထပ်ရှိတဲ့အနက် အပေါ်ဆုံးထပ်မှာ ဦးဘာဟိန်ရယ်၊ ဦးပန်းဖူးရယ်၊ ဆရာမ မနန်းစိန်ရယ်၊ သမီးကလေး နှစ်ယောက်ရယ် နေကြတယ်။ လူယုံတော် အစေခံတစ်ယောက်ကလွဲပြီး သုံးထပ်ကို ဘယ်အစေခံမှ မတက်ရဘူးတဲ့။ စား စရာတို့ ဘာတို့ကိုလည်း အဲဒီလူယုံတော်ကသာ သယ်ပို့ရသတဲ့။ လှေကားထိပ် ရောက်အောင် တက်တဲ့လူ အလုပ်ဖြုတ်ပစ်မယ်လို့ တစ်ခါတည်း အမိန့်ထုတ် ထားသတဲ့။

mgyoe.com

mgyoe.com

"ဆရာမနဲ့ မိန်းကလေးတွေဟာလည်း တိုက်အောက်ကို မဆိုထားနဲ့၊ ဒုတိယ ထပ်ကိုတောင် မဆင်းကြဘူးတဲ့။ ဦးဘာဟိန်ဟာလည်း တစ်ခါတလေ ကားနဲ့ အပြင်ထွက်ရင် ဦးပန်းဖူးက အမြဲပါသတဲ့။ အစေခံတွေရဲ့ ထင်မြင်ချက်အရတော့ ဦးဘာဟိန်ဟာ ဘေးအန္တရာယ်တစ်ခုခု စိုးရိမ်နေတယ်တဲ့။ သူ့အသက်ကို ဘယ်လိုလူက သေကြောင်းကြံနေတယ် မဆိုနိုင်ဘူးတဲ့။ ဒီတိုက်ရောက်ခါစတုန်းက ဦးဘာဟိန်က ကားပေါ်ကဆင်းလာတော့ တိုက်ရှေ့မှာရပ်ပြီး တိုက်ပေါ်ငေးကြည့်နေတဲ့ ကာလသားတစ်ယောက်ကို တွေ့လို့ ဦးဘာဟိန်က လက်ထဲက တုတ်ကောက်နဲ့ သွားရိုက်မိလို့ ငွေ ၅၀ လျော်လိုက်ရသေးဆိုပဲဗျ"

ကျွန်။ ။ "တကယ့် လူကြီးပါကလား"

ရှား။ ။ "အို၊ အရမ်း ဒေါသကြီးတဲ့ လူကြီးတဲ့။ ကိုင်း ဒီတော့ ဒီလိုဗျာ ကိုသိန်းမောင်၊ ဦးထွန်းကျော်ရတဲ့စာဟာ ဒီတိုက်ကလာတဲ့စာ ဆိုလို့ရှိရင် ဒီတိုက်ထဲက လူတစ်ယောက်နဲ့ စီစဉ်ထားတဲ့ အလုပ်တစ်ခုခုကို ဦးထွန်းကျော်ဟာ ဆောင်ရွက်ဖို့ အချက်ပေး ချိန်းဆိုလိုက်ခြင်း ဖြစ်တယ်လို့ဆိုရမယ်။ ကောင်းပြီ။ ဒီစာကို ဘယ်သူရေးသလဲတဲ့။ မိန်းမလက်ရေးဖြစ်လို့မို့ မိန်းမတစ်ယောက်ယောက် ရေးရမယ်။ ဒီမိန်းမ ဘယ်သူလဲဆိုရင် ဆရာမ မနန်းစိန်ကလွဲလို့ ဘယ်သူ ဖြစ်နိုင်ဦးမှာလဲဗျ။ ကောင်းပြီ။ ဒီတော့ ဒီအချက်ကို အခြေခံထားပြီး စဉ်းစားရင် ဘယ်ဆီရောက်သွားမလဲဆိုတာ စောင့်ကြည့်ကြစို့။

"မနန်းစိန်ဟာ အသက် ၄၀ လောက်ရှိပြီ ဆိုခြင်းအားဖြင့် ကျုပ် တစ်နေ့က တွေးတဲ့အတိုင်း ချစ်ခန်း၊ ကြိုက်ခန်း၊ မျောက်မထားခန်း ကိစ္စမျိုး ဟုတ်မယ် မထင်ဘူး။ တကယ်လို့ ဒီစာကို မနန်းစိန် ရေးရိုးမှန်ရင် မနန်းစိန်ဟာ ဦးထွန်းကျော်နဲ့ ကြံဖော်စည်ဖက် ဖြစ်ရမယ်။ ဒီတော့ကာ ဦးထွန်းကျော် သေတယ်လို့ မနန်းစိန် ကြားသိတဲ့အခါမှာ ဘာလုပ်မတဲ့လဲ။ သူတို့အကြံအစည်ဟာ မတော်မတရားတဲ့ အကြံအစည်မျိုး ဖြစ်ခဲ့ရင်တော့ မနန်းစိန်ဟာ တိတ်တိတ်ကလေး မြုံနေရမှာပဲ။ သို့သော် သူ့လူကို သတ်ပစ်တဲ့ လူစုအပေါ်မှာ မနန်းစိန် မကျေနိုင် မချမ်းနိုင် ဖြစ်သင့်တဲ့အပြင် တတ်နိုင်ခဲ့လို့ရှိရင် လက်စားချေမယ့်လူ ရှိပါက အကူအညီပေးမှာ ဧကန္တပဲ။ ကိုင်း ဒီလိုဆိုရင် မနန်းစိန်ကို ကျုပ်တို့ သွားတွေ့ပြီး သူ့ကို ကျုပ်တို့ အသုံးမချနိုင်ဘူးလားတဲ့။ အဲဒီလို ကျုပ် စိတ်ကူးမိတယ်။

"ဒါပေမဲ့ နောက်ထပ်ပြီး သိရပြန်တာက ဘာလဲဆိုတော့ မနန်းစိန်ဟာ ဦးထွန်းကျော် သေတဲ့ ညကတည်းကစပြီး ပျောက်သွားတယ်တဲ့။ သေလေသလား ရှင်လေသလား မသိရဘူးတဲ့။ ဦးထွန်းကျော်ကို သူက အချက်ပေးခေါ်ပြီး ဦးထွန်းကျော်လိုပဲ ဟိုညက မနန်းစိန် သေလေသလားလည်း မပြောနိုင်ဘူးတဲ့။
mgyoe.com

mgyoe.com

သို့တည်းမဟုတ် တစ်နေရာရာမှာ လှောင်ထားတယ်ဆိုရင်လည်း ဖြစ်နိုင်တယ်။ အဲဒီအချက်ကို ကျုပ်တို့ သဲကွဲအောင် စုံစမ်းကြရလိမ့်မယ်”

ကျွန်။ ။ “ဟုတ်ကဲ့ဗျာ”

ရှား။ ။ “ကျုပ်တို့ တွေ့ကြရမယ့် အခက်အခဲကလေးတွေကို ခင်ဗျား ရိပ်မိပြီမဟုတ်လား။ ဦးဘာဟိန်တို့အိမ်ကို ရှာဖို့ဖြစ်စေ၊ လူကိုဖမ်းဖို့ဖြစ်စေ ဝရမ်းထုတ်လို့ မဖြစ်နိုင်ဘူးဗျ။ အမှုသွားကို တရားသူကြီး ပြောပြလို့ ယုံမယ် မဟုတ်ပေဘူး။ ဦးဘာဟိန်တို့ နေကြထိုင်ကြပုံက ခပ်ဆန်းဆန်းဖြစ်လေတော့ သူတို့အထဲက တစ်ယောက်တလေ ပျောက်နေတယ်ဆိုတာ သိပ်မဆန်းလှဘူး။ ဟိုဟိုဒီဒီ သွားနေတာမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ တစ်အိမ်သားလုံးက ဟိုပြောင်းဒီပြောင်း ဟိုရွှေ့ဒီရွှေ့ လုပ်လာကြတဲ့ လူတွေကိုးဗျ။ ထင်ဖို့ရှိတာကတော့ မနန်းစိန်ဟာ ခုနေအခါမှာ တစ်နေရာရောက်နေပြီး အသက်အန္တရာယ် အတွက် စိုးရိမ်ရတဲ့ အခြေမျိုးလည်း ဖြစ်နိုင်တာပဲ။ ကျုပ်တတ်နိုင်တာကတော့ ဒီတိုက်ကြီး မှာ လူဝင်လူထွက်ကို စောင့်ကြည့်ဖို့ ဒရိုင်ဘာ ဘကြူးကို တာဝန်ပေးထားဖို့ ရှိတာပဲ။ သို့သော် ဒီအတိုင်း ကြာကြာကြီး စောင့်ကြည့်နေလို့တော့ မဖြစ်နိုင်ဘူး။ တရားဥပဒေအတိုင်း လုပ်လို့ မဖြစ်နိုင်ပုံပေါ်ရင် ကျုပ်တို့ကိုယ်တိုင် စွန့်စားပြီး တာဝန်ယူလုပ်ကြဖို့ ရှိတော့တာပဲ”

ကျွန်။ ။ “ခင်ဗျား ဘယ်လိုလုပ်ချင်သလဲဗျာ”

ရှား။ ။ “ဒီလိုဗျာ ကိုသိန်းမောင်၊ အဲဒီတိုက်ကြီးမှာ မနန်းစိန် နေဖူးတဲ့ အခန်းကို ကျုပ် သိခဲ့ရပြီ။ ဟိုဘက်က ကပ်နေတဲ့ နှစ်ထပ်တိုက်ခေါင်မိုးပေါ်က လှမ်းတက်မယ်ဆိုရင် ရောက်နိုင်တယ်။ ဒါကြောင့် ကျုပ်က ဒီကနေ့ည ခင်ဗျားနဲ့ ကျုပ်နဲ့ သွားပြီး သေသေချာချာ သိရအောင် စုံစမ်းချင်တယ်ဗျာ”

ကျွန်တော်သည် ဆောင်ရွက်ရမည့် အလုပ်၏ တာဝန်ကြီးလေးခြင်းကို မစဉ်းစားဘဲ မနေနိုင်ချေ။ ထိုတိုက်ကြီး၌ နေထိုင်လျက်ရှိသော ဦးဘာဟိန်တို့ လူစု၏ ထူးဆန်းသော နေထိုင်ပုံသည်လည်းကောင်း၊ ဦးဘာဟိန်ဆိုသူ၏ ခက်ထန် တင်းမာသော စိတ်နေသဘောထားသည်လည်းကောင်း၊ မရောက်ဖူးသောနေရာမှ စွန့်စား၍ ဝင်ရောက်ကြရမည့် အရေးသည်လည်းကောင်း၊ ဥပဒေကို ချိုးဖောက် ရမည့် တာဝန်ကြီးလေးသော အဖြစ်သည်လည်းကောင်း ကျွန်တော့်အား စိတ်လေး ဆိုင်းတွခြင်း ဖြစ်လေတော့၏။ သို့ရာတွင် ဦးစံရှား၏ စဉ်းစားဆင်ခြင်ပုံများမှာ အလွန်တရာ ရှင်းလင်းပြတ်သားလှသည့်ပြင် သူနှင့်အတူ စွန့်စားရလျှင် ဘယ် ခါမှ ငြင်းခဲ့ဖူးသည်မရှိသောကြောင့် ငြင်းပယ်ဖို့မှုကား စိတ်ကူးမထည့်မိချေ။ ထို့ပြင် ဤနည်းမှတစ်ပါး အခြားသောနည်းလမ်း မရှိသည့်အဖြစ်ကို ဦးစံရှား

mgyoe.com

mgyoe.com

ဆင်ခြင်တိုင်းထွာပြီးလည်း ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်လည်း လေးလံသော စိတ်ကို မောင်းထုတ်၍ ထိုင်ရာမှ ထပြီးလျှင် ဦးစံရှား၏လက်ကို ကိုင်ဆွဲလျက် "ကိုင်း၊ စိန်လိုက်ဗျာ၊ ကျွန်တော်လိုက်မယ်" ဟု ပြောလိုက်လေ၏။

သို့ရာတွင် ကျွန်တော်တို့သည် ဦးစံရှား စီမံထားသည့်အတိုင်း ဆောင်ရွက်ဖို့မလိုဘဲ လုပ်ငန်းစဉ်တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်နှင့် ကြုံကြရလေ၏။ ထိုနေ့ညနေ နေဝင်ရီတရောအချိန်တွင် လူတစ်ယောက်သည် ကျွန်တော်တို့အခန်းသို့ ပျာယီးပျာယာ ပြေးတက်လာ၍–

"သူတို့ သွားကုန်ကြပြီ ဦးရေ၊ မီးရထားနဲ့ လိုက်သွားကုန်ကြပြီခင်ဗျာ။ နို့ပေမဲ့ ဆရာမကတော့ လွတ်ထွက်ပြေးလာလို့ ကျွန်တော် ခေါ်လာခဲ့တယ် ဦးရေ"

"ဟန်ကျလိုက်လေ မောင်ဘကြူးရယ်။ ကိုင်း ကိုသိန်းမောင်၊ ကွင်းဆက်ကလေးတွေ နည်းနည်းလိုနေတာဆိုတာ ဒီတစ်ခါဖြင့် ပြည့်တော့မယ်ဗျို့။ အားလုံးဆက်မိသွားရင် ကျုပ်တို့ အလုပ်ပြီးတာပဲ၊ ဆရာမကို ဘာနဲ့တင်ခေါ်ခဲ့သလဲ မောင်ဘကြူး"

"လန်ချားနဲ့ ဦးရဲ့"

ကျွန်တော်တို့သည် ဟိုတယ်ပေါ်မှ ကတိုက်ကရိုက် ဆင်းလာကြ၍ လန်ချားပေါ်မှ ဆရာမ မနန်းစိန်ကို ကျွန်တော်တို့အခန်းသို့ ခေါ်သွင်းသွားကြရာ မနန်းစိန်မှာ ဒုက္ခအကြီးအကျယ် ကြုံတွေ့ခဲ့သည့် လက္ခဏာနှင့် ညှိုးငယ်သောမျက်နှာနှင့် ကြုံလှီသောအသားအရေရှိသည့်ပြင် ဆေးမိထားသည့်ဟန်ဖြင့် ခြေထောက်များပင် မသယ်ချင်အောင် ရှိနေသည်ဖြစ်သောကြောင့် တွဲသူတွဲ၍ ဖေးမသူက ဖေးမ ခေါ်သွင်းခဲ့ရလေတော့သည်။ ကျွန်တော်မှာ ဘိန်းခွဲ့ထားသော လူနာတစ်ယောက်ကို မြင်ရဖူးသည်ဖြစ်၍ မနန်းစိန်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် ထိုလူနာနှင့် တူလှသောကြောင့် ဘိန်းခွဲ့ထားခြင်း ဖြစ်လေသလောဟု တွေးတောမိရာ အဖြစ်အပျက်ကို ကြားသိရသောအခါ ကျွန်တော် တွေးထင်သည့်အတိုင်း ဟုတ်မှန်နေကြောင်း သိကြရလေ၏။

ကြူး။ ။ "ဦး မှာထားတဲ့အတိုင်း ကျွန်တော် မလှမ်းမကမ်းကနေပြီး သူတို့တိုက်ကို စောင့်ကြည့်နေတာကိုး ဦးရဲ့။ ညနေစောင်းကျတော့ တိုက်ဆီက ကားတစ်စီး မောင်းထွက်လာပြီး ဘူတာရုံဘက် ချိုးသွားတော့ ကျွန်တော် အတင်းပြေးလိုက်ကြည့်တာပေါ့ ဦးရယ်။

"ဆရာမကတော့ သူ့ဘာသာ လမ်းမလျှောက်နိုင်လို့ ဦးပန်းဖူးဆိုတဲ့လူကြီးက တွဲလို့ ဦးရဲ့။ တော်တော်ကြာလို့ မီးရထားဆိုက်လာတော့ သူတို့က ဆရာမ

mgyoe.com

mgyoe.com

ကို ရထားတွဲပေါ် တင်မယ်လုပ်တုန်း ဆရာမက အတင်းရုန်းတယ် ဦးရဲ့။ ဒါပေမဲ့ ဦးဘာဟိန်ကပါ ကူပြီး ဆွဲတင်ပေးလိုက်တော့ တွဲပေါ်ကို ဆရာမ ရောက်သွားသေးတယ် ဦးရဲ့။ ဂတ်ဗိုလ်က အလံပြလို့ မီးရထားထွက်မယ် လုပ်တော့မှ ဖြုန်းဆို ဆရာမက တွဲပေါ်ကလည်း ခုန်ဆင်းလိုက်ရော မီးရထားလည်း ထွက်သွားရော ဦးရဲ့။ ဒီတော့မှ ဆရာမကို ကျွန်တော်က သွားတွဲယူပြီး လန်ချားပေါ် တင်ပေးတော့ ဒုတိယတန်း ရထားတွဲပြတင်းပေါက်က ဦးဘာဟိန်ကြီးက ကျွန်တော့်ကို လှမ်းကြည့်သွားလိုက်ပုံ မျက်နှာထားဟာ ဦးရယ်၊ ကျွန်တော်ဖြင့် ကြက်သီးထမိပါသေးရဲ့။ သိပ်ကြောက်စရာကောင်းတာပဲ ခင်ဗျာ"

ထိုအတောအတွင်း ကျွန်တော်တို့သည် မနန်းစိန်အား ကော်ဖီခါးခါးကြီးကို တစ်ခွက်ပြီးတစ်ခွက် ဆင့်တိုက်ကြသဖြင့် အတော်အတန် စိတ်ကြည်လင်သော အခြေသို့ ရောက်လာခဲ့ရာ ဌာနာအုပ် ဦးဘသောင်းကိုလည်း အခေါ်လွှတ်၍ အဖြစ်အပျက်ကို ပြောပြကြလေ၏။

**သောင်း**။ ။ "နေရာကျလိုက်လေ ဆရာကြီးရယ်။ ကျွန်တော်ကလည်း ဒီဆရာမနောက်ကို လိုက်နေတာပဲ ဆရာကြီးရဲ့"

**ရှား**။ ။ "ခင်ဗျားကလည်း ဦးဘာဟိန်ကို မသင်္ကာနေတာပဲလား"

**သောင်း**။ ။ "အစစ်ပေါ့ ဆရာကြီးရယ်။ ဆရာကြီးက ဘုံနန်းရိပ်မြုံတိုက်ကြီးနားက ချုံတွေထဲမှာ အောင်းပြီး ချောင်းနေတော့ ကျွန်တော်က သစ်ပင်ပေါ်က ဆရာကြီးရဲ့။ ဆရာကြီးကို ကျွန်တော် မြင်သားပဲ။ မနန်းစိန်ကို ဘယ်သူက အရင်တွေ့မလဲဆိုတာလောက်သာ လုပ်နေကြရတယ်။ လမ်းကတော့ တစ်လမ်းတည်း လိုက်နေကြတာပဲ ဆရာကြီး"

**ရှား**။ ။ "ဒါဖြင့် ဟိုကောင်ကို ခင်ဗျား ဘာဖြစ်လို့ ဖမ်းတာလဲဗျာ"

**သောင်း**။ ။ "ဒါကတော့ ပရိယာယ်ပဲ ဆရာကြီးရဲ့။ ဦးဘာဟိန်ဆိုတဲ့ လူကြီးက သူ့ကို ကျွန်တော်တို့က မသင်္ကာဘူးဆိုတာ ရိပ်မိရင် ခြေရာဖျောက်ပြီး အသာကုပ်နေမှာ ဆရာကြီးရဲ့။ သူ့ကို ကျွန်တော်တို့က ဘယ်လိုမှ မအောက်မေ့ဘူးလို့ အထင်ရောက်စေချင်တဲ့အတွက် တခြားသူကို ကျွန်တော် တမင် ဖမ်းထားတာခင်ဗျ။ ဒီလိုဆိုမှ သူလုပ်စရာရှိတာ ရဲရဲလုပ်ပြီး မနန်းစိန်ဆီ ကျွန်တော်တို့ ကပ်နိုင်မှာကိုး ဆရာကြီးရဲ့"

**ရှား**။ ။ (ဦးဘသောင်း၏ ပခုံးကို ပုတ်လျက်) "တော်တယ်ဗျို့ ကိုယ့်လူ၊ ခင်ဗျား ကြီးပွားလိမ့်မယ်။ ပင်ကိုဉာဏ်လည်း ကောင်းတယ်။ စိတ်ကူးလည်း ရှိတယ်"

ဦးဘသောင်းလည်း ဦးစံရှား၏ ချီးမွမ်းစကားကြောင့် နှစ်သိမ့်သော မျက်နှာနှင့် သွားကိုဖြဲလေ၏။

mgyoe.com

**သောင်း**॥ ॥ "ကျွန်တော်ကလည်း အရပ်ဝတ်အရပ်စားနဲ့ ပုလိပ်တစ်ယောက်ကို ဟိုတိုက်ကြီးမှာ အမြဲစောင့်ကြည့်ဖို့ ချထားပြီး ဦးဘာဟိန်သွားရာနောက်ကို တကောက်ကောက်လိုက်ဖို့ အမိန့်ပေးထားတယ် ဆရာကြီးရဲ့။ မီးရထားပေါ်မှာ ကျွန်တော့်လူ ပါသွားမှာပဲ။ မနန်းစိန် ခုန်ဆင်းချရစ်တော့ ကျွန်တော့်လူ အတော်စိတ်ရှုပ်သွားမှာပဲ။ သို့သော် ဆရာကြီးရဲ့လူက ခေါ်လာခဲ့လို့ တော်ပါသေးရဲ့ ခင်ဗျာ။ မနန်းစိန်ရဲ့ အစစ်ခံချက်မရဘဲ ဦးဘာဟိန်တို့လူစုကို ကျွန်တော်တို့ ဖမ်းလို့မဖြစ်နိုင်ဘူး ဆရာကြီးရဲ့။ ဒါကြောင့် မနန်းစိန်ကို ကျွန်တော်တို့ စစ်ကြစို့လား ဆရာကြီး"

**ရှား**॥ ॥ (ပက်လက်ကုလားထိုင်ပေါ်၌ မှိန်းလျက်ရှိသော မနန်းစိန်ကို လှမ်းကြည့်လျက်) "အသက်ရှူကလေး တော်တော်မှန်လာပါပြီဗျာ။ ဒါထက် ဦးဘာဟိန်အကြောင်း လုပ်စမ်းပါဦးဗျ။ ဘယ်ကလူလဲ"

**သောင်း**॥ ॥ "ဦးဘာဟိန်က တခြား ဟုတ်ရိုးလား ဆရာကြီး။ မြန်မာပြည်အနောက်စွန်း နယ်စပ်မှာ ပဒေသရာဇ်ဘွဲ့ယူပြီး အုပ်ချုပ်စိုးစံလာခဲ့တဲ့ 'အောင်ဇေယျတူး' ဆိုတာ သူပေါ့ ဆရာကြီး"

ကျွန်တော်မှာ ယင်းနာမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ထိုသူနှင့် ပတ်သက်၍ ကျွန်တော်ကြားခဲ့ဖူးသမျှသော အခြင်းအရာများသည် ဓာတ်မှန်ကို ဆေးရည်စိမ်လိုက်သောအခါ၌ ရုပ်ပုံများ ပေါ်ထွက်လာခြင်းကဲ့သို့ ကွင်းကွင်းကွက်ကွက် ပေါ်ထွက်လာလေတော့သည်။ အလောင်းမင်းတရားကြီး မွေးဖွားသည့် မုဆိုးဖိုရွာသားတစ်ယောက်ဖြစ်၍ ကလေကဝနှင့် လွင့်စဉ်သွားပြီးနောက် နယ်စပ်သို့ ရောက်သောအခါတွင် ထိုသူ၏ စွမ်းရည်သတ္တိနှင့် ကြံရည်ဖန်ရည်တို့ကြောင့် ဧရိယာ မိုင် ၅၀၊ လူဦးရေ ၃၀၀၀ ခန့်ရှိသော နယ်ပယ်တစ်ခုတွင် စော်ဘွားအဖြစ်နှင့် စိုးမိုးအုပ်ချုပ်ခဲ့ရဖူးလေသည်။

လူစွမ်းလူစနှင့် ကြံရည်ဖန်ရည်ရှိသလောက် အကျင့်စာရိတ္တကောင်းမွန်ပါမူ ထိုသူသည် စော်ဘွားငယ်အဖြစ်မှ စော်ဘွားကြီးအဖြစ်သို့ရောက်၍ ဒါဘာမင်းပွဲများတွင် ဘုရင်ခံနှင့် လက်ဆွဲနှုတ်ဆက်ရသော အခြေအနေသို့ ရောက်ဖို့ရှိ၏။ အင်္ဂလိပ်အစိုးရသို့ အခွန်တော်ထမ်းဆောင်ရသည် ဆိုသော်လည်း နာမည်ခံမျှလောက်ဖြစ်သည့်ပြင် အကြောင်းအပေါင်းသင့်က အစိုးရထံမှ လက်နက်များရ၍ စော်ဘွားအချင်းချင်းအပေါ်တွင် မော်ကြွားနိုင်ခွင့်ပင် ရှိပေသေးသည်။ ထိုသူ စိုးပိုင်သော နယ်ပယ်အတွင်း၌ ရွှေထွက်သော စမ်းချောင်းများပင် ရှိလေရာ ကူလီ မြောက်မြားစွာတို့နှင့် 'ကျင်' ယူသဖြင့် ယင်းအုပ်စိုးရသည့် ဆယ်နှစ်ကျော်

mgyoe.com

mgyoe.com

မျှသော အချိန်အတောအတွင်း ပိသာချိန် တစ်ထောင်ကျော် ရသည်ဟု ပြောကြ၏။

ရွှေချိန်နှင့် ပတ်သက်သော သတင်း ဟုတ်,မဟုတ်ကား မဆိုနိုင်။ ထိုသူ ကြွယ်ဝလာခြင်းမှာ အမှန်ဖြစ်ပေရကား မာနကြီးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ သူတစ်ပါး သားမယားကို အတင်းလုယူ သိမ်းပိုက်ခြင်း စသော မိုက်မဲမှုများ သည် စည်းစိမ်ဥစ္စာတို့၏ တိုက်တွန်းမှုကြောင့် တစ်နေ့တခြား ဆိုးရွားသည်ထက် ဆိုးရွားလာလေတော့၏။ နောက်ဆုံး၌ ယင်းအား ဖိမ့်ဖိမ့်တုန်မျှ ကြောက်ခဲ့ ကြရသော နယ်သူနယ်သားများသည် ထိုသူ၏ ကဲလွန်မှုကြောင့် မခံမရပ်နိုင် အောင် ဖြစ်ကြ၍ တော်လှန်ပုန်ကန်ကြရာတွင် ထိုသူမှာ မယားနှင့် သမီးငယ် နှစ်ယောက်တို့အပြင် မြန်မာပြည်မှ အတူပါသွားသော သူငယ်ချင်း ဦးပန်းဖူး ဆိုသူနှင့် လူယုံတော် အနည်းငယ်ကိုသာ ခေါ်၍ သယ်ယူနိုင်သမျှသော ရွှေများနှင့် ညတွင်းချင်း ထွက်ပြေးခဲ့ရလေတော့သည်။

မယားဖြစ်သူမှာ ပြေးရင်း လွှားရင်း သေဆုံး၍ သမီးငယ်နှစ်ယောက်တို့ မှာ ဆရာမ မနန်းစိန် သွန်သင်ဆုံးမခြင်းဖြင့် ကြီးပြင်းလာကြရလေ၏။ ထို နယ်မှ ထွက်ပြေးခဲ့၍ မြန်မာပြည်တွင်းသို့ ရောက်သော်လည်း အောင်ဇေယျတူး ၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် အခဲမကျေနိုင်သော လူတစ်စု ရှိကြသဖြင့် ထိုသူမှာ တစ်နေရာတည်း၌ ကြာရှည်စွာ ရပ်တည်၍ မနေနိုင်ဘဲ အထက်နှင့် အောက်မြန်မာပြည်ရှိ မြို့များသို့ တစ်လှည့်စီ ပြောင်းရွှေ့ တိမ်းရှောင်၍ ပုန်းလျှိုး ခိုအောင်းနေခဲ့ရလေ၏။ နောက်ဆုံးတွင် တိုက်ကြီးမြို့သို့ရောက်ခါမှ ရန်သူများ က ယခုမည် ဦးဘာဟိန်ကို ခြေရာခံမိကြခြင်း ဖြစ်လေသည်။

ဦးဘာဟိန်အကြောင်းနှင့် ပတ်သက်၍ ဆရာမ မနန်းစိန်က ဆက်လက် ပြောပြသည်မှာ–

**စိန်။** ။ "အမှန်မှာတော့ သူ့ကို ဟိုလူစုက ခြေရာခံမိကြတာ တစ်နှစ် လောက် ရှိသွားကြပါပြီ။ ဒါပေမဲ့ သူက အင်မတန် ပါးနပ်တဲ့အတွက် ဟိုရွှေ့ ဒီပြောင်း လုပ်နေတာနဲ့ ခြေရာခံမိကြရင်း ပျောက်သွားရင်း ဖြစ်ဖြစ်နေခဲ့ပါတယ်။ အထက်မြန်မာပြည် ရမည်းသင်းမြို့မှာတုန်းက သူ့ကို တစ်ကြိမ် သေကြောင်း ကြံကြပါသေးတယ်။ ဒါပေမဲ့ သူ့ကို နတ်ကောင်းများ မစောင့်ရှောက်ပေမဲ့ နတ်ဆိုးများက ဝိုင်းမ, နေကြလေတော့ လွတ်လွတ်သွားပါတယ်။ ဒီမြို့ရောက် တော့လည်း သေထိုက်တဲ့လူက သေ၊ ဦးထွန်းကျော်ကသာ အချောင် အသက်ဆုံး သွားရှာရပါတယ်။ ဒါပေမဲ့ သူ့နောက်လိုက်တဲ့ လူများဟာ မြေကြီးအဆုံးအထိ

mgyoe.com

mgyoe.com


သူ ပြေးနိုင်ရင် မြေကြီးအဆုံးထိအောင် လိုက်ကြဖို့ သစ္စာရေ သောက်ထားကြပါတယ်"

ရှား။ ။ "နေစမ်းပါဦး ဆရာမရဲ့။ ခင်ဗျားက မြန်မာမဟုတ်လား။ မြန်မာ မိန်းမတစ်ယောက်ဟာက တခြားလူမျိုးတွေနဲ့ ပူးပေါင်းပြီး အလုပ်လုပ်နေတာဟာ ဘယ်လိုသဘောလဲဗျ"

စိန်။ ။ "ဘယ်လိုသဘောမှ မဟုတ်ပေါင်ရှင်။ ပါးကိုက်လို့ နားကိုက်ချင်တဲ့ သဘောပါပဲ။ လူကတော့ သူ့ကိုယ်သူ အောင်ဇေယျတူးလို့ မှည့်ထားတဲ့အတိုင်း တကယ့် စွမ်းရည်သတ္တိရှိတဲ့ လူပါပဲရှင်။ နို့ပေမဲ့ သတ္တိရှိသလောက် ဉာဏ်သွားသလောက် ငါကောင်းကြဲပြီး ဘယ်သူ့မှ ထောက်ထားချင်တဲ့လူ မဟုတ်ဘူးရှင့်"

ရှား။ ။ "သူဆိုးသွမ်းပုံ သတင်းတွေကတော့ မြန်မာပြည်ဘက်တောင် လျှံထွက်လာလို့ ကျုပ်တို့ ကြားဖူးပါတယ်။ သို့သော် ဆရာမနဲ့ ဘယ်လို ပတ်သက်တာလဲဗျ"

စိန်။ ။ "ပတ်သက်ဆို ဒီလိုပါရှင်။ ဒီလူကြီးအယူက လူတစ်ယောက်ဟာ ဉာဏ်ရှိတယ်ဆိုရင် သူလိုချည်း တစ်ကိုယ်ကောင်းကြံတတ်တဲ့ သဘောထားမျိုး ရှိလိမ့်မယ်ချည်း ထင်နေပါတယ်။ ဒါကြောင့် သူက သူ့နယ်မှာ ဉာဏ်ပညာရှိတဲ့ လူဆိုရင် သူ့နေရာကို လုမယ့်ရန်သူချည်းပဲလို့ အောက်မေ့တတ်ပါတယ်။ တစ်ခါတုန်းက ရွှေဘိုမြို့ကို အမှတ်တမဲ့ သူရောက်လာပြီး ကျွန်မတို့ လင်မယားကို ကြီးပွားအောင် သူ မ,စပါ့မယ်လို့ ကတိထားပြီး သူ့နယ် ခေါ်သွားပါတယ်။ ကျွန်မယောကျ်ားက သူနဲ့အတူတူ မှုဆိုးဖိုရွာသား အင်္ဂလိပ်ကျောင်းဆရာကြီး။ ကျွန်မက ကျောင်းဆရာမပါ။ ကျွန်မတို့လင်မယားကလည်း တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့ သဘောမျိုးရှိတာနဲ့ သူခေါ်ရာကို လိုက်သွားကြပါတယ်။ ဟိုရောက်တော့ သူ့လက်အောက်မှာ အမတ်ချုပ်ရာထူးခန့်ပြီး လင်မယားနှစ်ယောက်စလုံးက သစ္စာရှိစွာ အမှုထမ်းကြပါတယ်။ ဒါပေမဲ့ ပြည့်ရှင်မင်းရဲ့ နန်းတော်ကြီးမှာသာ မဟုတ်၊ တောကြိုတောင်ကြားက စော်ဘွားရဲ့နယ်မှာလည်း မနာလိုဝန်တိုမှုတွေ၊ ကတုံးကတိုက်လုပ်မှုတွေ အင်မတန်များလို့မို့ တို့မီးရှို့မီး လုပ်ကြပါတယ်။

"နောက်ဆုံးမှာ ကျွန်မယောကျ်ားဟာ သူ့ရာထူးကို လုမယ့်လူပဲလို့ ယုံကြည်ပြီး အမဲလိုက်ထွက်ကြတုန်း တောထဲမှာ မတော်တဆ သေနတ်မှန်တယ်ဆိုပြီး အလောင်းကို ကျွန်မအိမ် ပို့လိုက်ပါတယ်။ ကျွန်မမှာလည်း အပေါင်းအသင်းတွေ

mgyoe.com

mgyoe.com

ရှိလေတော့ ကျွန်မယောကျ်ား သေရခြင်းဟာ မတော်တဆမဟုတ်။ သူသတ်ပစ်လို့ဆိုတာ ကြားသိရပါတယ်"

**သောင်း။** ။ "တယ် ယုတ်မာတဲ့လူဗျာ"

**စိန်။** ။ "ဒီတော့ ကျွန်မမှာ အရိုင်းအစိုင်းတွေနယ်ထဲ ခိုကိုးရာမဲ့ ဖြစ်နေလို့မို့ သနားလှပါတယ်ဆိုပြီး သူ့သမီးနှစ်ယောက်ကို စာသင်ပြဖို့ ဆရာမအလုပ် ပေးထားပါတယ်ရှင်။ နောက်ဆုံး ဟိုနယ်မှာမနေဝံ့လို့ ထွက်ပြေးကြတော့လည်း ကျွန်မပါ လိုက်လာခဲ့ရပါတယ်။ သူ့နောက်ကို ခြေရာခံပြီး ရန်သူတွေက လိုက်နေတယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ကျွန်မကလည်း လင်တစ်ယောက်လုံး ဆုံးရတဲ့အတွက် သူ့အပေါ်မှာ မကျေနိုင်ဘဲ သူ့ရန်သူများကို တတ်နိုင်သမျှ လက်ထောက်ချပေးပါတယ်။ သူကတော့ ကျွန်မယောကျ်ားကို သူသတ်ပစ်တာ ကျွန်မ မသိဘူး ထင်နေလို့ ကျွန်မကိုယုံကြည်ပြီး သူ့သမီးတွေကို လုံးဝ အပ်ထားပါတယ်။ ကျွန်မကလည်း မိန်းကလေးတွေကို ဝတ္တရားအတိုင်း ကောင်းရာကောင်းကြောင်း သင်ပြသော်လည်း သူ့ကို မကျေနိုင်ဘဲ ရန်သူအားပေး လုပ်ခဲ့ပါတယ်။

"ရမည်းသင်းမှာ တစ်ခါ သူ့အသက်ကို ရန်သူများ ကြံစည်ကြလို့ သူရိပ်မိတာနဲ့ ဟိုပြေးဒီပြေး ပြေးပြီး နောက်ဆုံး ဒီမြို့ရောက်လာကြပါတယ်။ သူ ဘယ်ပြေးပြေး ကျွန်မက သတင်းပို့နေလေတော့ ရန်သူတွေက သိပြီးချည်းပဲ။ အခွင့်မသာလို့သာ ကျိတ်ကြံနေတဲ့ ရန်သူပါပဲ။ ဦးထွန်းကျော်တို့ ဆရာတပည့် သုံးယောက်လုံးဟာ သူနဲ့တစ်ရွာတည်း မုဆိုးဖိုရွာသားချည်းပဲ။ သူတို့ကိုလည်း 'အဝေး ခေါ် ထောင်းတယ်' ဆိုတဲ့ စကားလို သူ့နယ် ခေါ်သွားပြီး မတော်မတရားလုပ်ခြင်း ခံရလို့မို့ စိတ်ကြီးတဲ့ ရွှေဘိုနယ်သားပီပီ သူ့နောက်ကို တကောက်ကောက်လိုက်ပြီး ချက်ကောင်း ချောင်းနေတာပဲ။ နေ့အချိန်တော့ သူ့ကို ကြံဖို့ခက်တယ်။ ဒါကြောင့် ညအချိန် သူအိပ်တုန်းမှာ အလုပ်လုပ်ကြဖို့ ကျွန်မနဲ့ တိုင်ပင်ပြီး ကျွန်မကပဲ စာနဲ့ ချိန်းလိုက်တယ်။ အခန်းတံခါးကို ဖွင့်ပေးထားပြီး မီးဖြုံ မီးစိမ်းနဲ့ ကျွန်မက အချက်ပေးဖို့ပေါ့ရှင်"

**ရှား။** ။ "အချက်ပေးလိုက်တဲ့စာကို သူတို့ သိသွားရောလား"

**စိန်။** ။ "ဟုတ်ကဲ့ရှင်။ ကျွန်မက ဦးထွန်းကျော်ဆီပေးဖို့ စာကလေး ရေးနေတုန်း ဦးပန်းဖူးက နောက်က လာချောင်းကြည့်ပြီး ဆတ်ခနဲဆို လုယူ၊ ကျွန်မကို အခန်းထဲဆွဲခေါ်၊ သူတို့ ဆရာတပည့်နှစ်ယောက် တိုင်ပင်၊ ဦးပန်းဖူးက ကျွန်မပါးစပ်ထဲ အဝတ်တွေနဲ့ဆို့၊ ဦးဘာဟိန်က ကျွန်မ လက်တစ်ဖက်ကို နောက်ကနေ လှန်ချိုး၊ ဦးထွန်းကျော်နေတဲ့နေရာကို မေး၊ ကျွန်မက နာလွန်း

mgyoe.com

mgyoe.com

အားကြီးတော့ ပြောရတော့တာကိုးရှင့်။ ဒါပေမဲ့ ဒီလိုပါရှင်။ ဦးထွန်းကျော်ကို သူတို့ သတ်ပစ်မယ်ဆိုတာ ကျွန်မသိရရင် လက်တစ်ဖက် ပြုတ်ထွက်သွားပါစေရှင်၊ ကျွန်မ မပြောပါဘူး။ ဒါနဲ့ ဦးထွန်းကျော်နေတဲ့နေရာကို သိသွားတော့ ဦးပန်းဖူးက စာအိတ်ပေါ်မှာ လိပ်တပ်ပြီး ကျွန်မရေးတဲ့စာကို ထည့်ပို့လိုက်ပါရောရှင်။

"ဦးထွန်းကျော်ကို သူတို့ ဘယ်ပုံဘယ်မည်း သတ်ပစ်တယ်လို့တော့ ကျွန်မ မသိရဘူး။ သတ်တာကတော့ ဦးဘာဟိန်ပါပဲရှင်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ဦးပန်းဖူးက ကျွန်မကို စောင့်ကျန်ရစ်ပါတယ်။ ကျွန်မအထင်တော့ လူပြတ်တဲ့ တောစပ်ကလေးက စောင့်နေပြီး ရိုက်သတ်ပစ်တယ် ထင်တာပဲ။

ပထမတော့ သူတို့က ဦးထွန်းကျော် တိုက်ထဲဝင်လာအောင် စောင့်နေပြီး သူခိုးဆိုတဲ့အနေနဲ့ ရိုက်သတ်ဖို့ စိတ်ကူးကြသေးတယ်ရှင့်။ ဒါပေမဲ့ ဒီလိုဆိုရင် စစ်လားဆေးလား မေးလားမြန်းလားနဲ့ သူတို့တွေဟာ ဘယ်သူဘယ်ဝါတွေပဲ ဆိုတာ လူအများသိသွားမှာစိုးလို့ အဲဒီအကြံကို ပြန်ဖျက်ပစ်လိုက်ကြတယ်ရှင့်"

ကျွန်။ ။ "ဒါလည်း ဟုတ်ပေတာပဲ"

စိန်။ ။ "သူတို့လုပ်ပုံက တော်တော်ဟန်သားပဲရှင့်။ ကျွန်မတစ်ယောက်သာ သိမထားရင် သူတို့ဆီရောက်အောင် ခြေရာကောက်ဖို့ ခဲယဉ်းသားပဲ။ ဒါကြောင့် ကျွန်မကို သူတို့ အဆုံးစီရင်ဖို့ အများကြီးစဉ်းစားသေးတယ်ရှင့်။ ဒီအတောအတွင်းမှာ ကျွန်မကို အခန်းထဲ ပိတ်လှောင်ထားပြီး မသေရုံကလေး ကျွေးထားပါတယ်ရှင်။ နှိပ်စက်လိုက်တာတော့ မပြောပါနဲ့တော့။ အော်မယ်လုပ်တော့လည်း ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး မဖြုတ်ဘဲထားမယ်လို့ ပြောတာနဲ့ မအော်ဝံ့တော့ပါဘူးရှင်။ သူတို့က အလကားလှန့်တဲ့လူတွေ မဟုတ်ဘူး။ လုပ်မယ်ဆို တကယ်လုပ်မယ့်လူတွေရှင့်။ ဒါကြောင့် အချိန်ရှိသမျှ ပါးစပ်မှာ အဝတ်တစ်လစ်နဲ့ အသက်ရှူခက်နေမှာ ကြောက်တာနဲ့ မအော်ဝံ့ဘဲ ကျိတ်ခံနေရပါတော့တယ်ရှင်။

"ကျွန်မကို ခါတိုင်း ဘယ်တော့မှ ထမင်းကောင်းကောင်း မကျွေးကြဘူးရှင့်။ တော်သလိုနဲ့ စားနေရတယ်။ ဒီကနေ့တော့ ဘဲသားဟင်းတွေဘာတွေနဲ့ ကျွေးလို့မို့ ငတ်ငတ်နဲ့ စားလိုက်မိတာ ပြီးပြီးချင်းပဲ အကောင်းကျွေးတာ မဟုတ်ဘူး။ ဆေးခတ်ကျွေးတယ်ဆိုတာ ကျွန်မ ရိပ်မိပါတယ်။ ဒါပေမဲ့ စားပြီးဖြစ်နေလို့ ဘာမှမတတ်နိုင်တော့ဘူးရှင့်။ ဒါနဲ့ မျက်လုံးတွေ မဖွင့်ချင်ဘဲ ငိုင်တိုင်ငိုင်ဆဲဖြစ်နေတုန်းမှာ ကျွန်မကို ကားပေါ်တွဲခေါ်ပြီး ဘူတာရုံရောက်တော့ မီးရထားပေါ်တင်ကြတော့တာကိုးရှင့်။ ဒါနဲ့ မီးရထားလည်း ထွက်မယ်လုပ်ကရော အကြံ

mgyoe.com

mgyoe.com

ရပြီး ဖြုန်းဆို ခုန်ဆင်းလိုက်တာ သူတို့လည်း ပါသွားကြရော။ ဟောဒီ မောင်ရင်ကလေးက ကျွန်မကို လန်ချားပေါ်တင်ပြီး ခေါ်လာပါရောရှင်။ ကံကောင်းပေလို့ သေတွင်းထဲက ကျွန်မ လွတ်လာခဲ့ရပါတယ်ရှင်"

**ရှား**။ ။ "ကိုင်း ဆရာတို့၊ ကျုပ်အဖို့ ပုလိပ်အလုပ်တော့ဖြင့် ပြီးပေပြီ။ သို့သော် ရုံးအလုပ်ကြီးက ကျန်သေးတယ်ဗျ"

**ကျွန်**။ ။ "အစစ်ပေါ့ဗျာ။ ဝတ်လုံနဲ့ ဘာနဲ့ ငှားပြီး ထုချေရင် ဦးထွန်းကျော်ကို သတ်ရခြင်းဟာ ဦးဘာဟိန်က မိမိအသက်ကို မိမိကာကွယ်ရခြင်းအတွက် ပြုရပါတယ်လို့ လျှောက်လဲနိုင်ခွင့် ရှိဦးမှာကိုးဗျ"

**သောင်း**။ ။ "ဒီလိုလည်း မဟုတ်သေးပါဘူးဗျာ။ ကျွန်တော်လည်း ဥပဒေနည်းနည်းပါးပါးတော့ ခေါက်မိပါတယ်။ ကိုယ့်ကိုယ်ကို ကာကွယ်တယ် ဆိုပေမဲ့ လူတစ်ယောက်ကို သွေးဆောင်ခေါ်ပြီးမှ ချောင်းရိုက်သတ်လို့ ဘယ် တရားသူကြီးက ယုံမှာလဲခင်ဗျာ"

* * *

ဦးဘသောင်း ထည့်လိုက်သော တပည့်သည် ဦးဘာဟိန်တို့ လူစုနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားသည် ဆိုသော်လည်း အလွန်ဉာဏ်များလှသော ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့သည် အရပ်ဝတ်နှင့် လိုက်ပါလာသော ပုလိပ်ကို မကြာမီ ရိပ်မိကြ၏။ သို့ဖြစ်၍ ရန်ကုန်သို့ ရောက်ကြသောအခါ မိန်းကလေးများနှင့် လူယုံတော်တစ်ယောက်ကို တစ်နေရာသို့ လွှတ်လိုက်၍ ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့သည် ဟိုတယ်တစ်ခုသို့ ဝင်သွားကြပြီးနောက် ဤနေရာ၌ တည်းခိုလိမ့်မည် ထင်မိသော ပုလိပ်က ခန်းမကြီးထဲ၌ အမောဖြေနေစဉ် ထိုသူနှစ်ယောက်တို့သည် တပိုတပါးသွားမည့်ဟန်နှင့် နောက်ဖေးပေါက်မှ ထွက်သွား ကြလေရကား ပုလိပ်မှာ တမျှော်မျှော်နှင့် စောင့်နေ၍ အချိန်ကုန်မှ ပြန်ထွက်လာခဲ့ရလေတော့သည်။

ထိုနေ့မှစ၍ ဦးဘာဟိန်တို့လူစုသည် ရန်ကုန်မြို့ပေါ်တွင် ခြေရာကောက်မရအောင် ပျောက်သွားကြလေရာ ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါတွင်မှ ကလောမြို့၊ ကလောဟိုတယ်၌ ဧည့်သည်နှစ်ယောက်တို့ အိပ်ခန်းအတွင်း သေဆုံးနေသည်ဟူသော သတင်းတစ်ခု ကြားရလေ၏။ ဧည့်သည်များ၏ အမည်များမှာ တစ်မျိုးတစ်မည် မှည့်ထားသော်လည်း အလောင်းများ၏ ရုပ်ဆင်းသဏ္ဌာန်ကို ဖော်ပြထားပုံမှာ ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့ပင် ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။ ထိုသတင်းကို ကြားရသော ညနေ၌–

mgyoe.com

mgyoe.com

ရှား။ ။ "ဒီတစ်ခါ အမှုကတော့ဖြင့် တော်တော်ရှုပ်တဲ့ အမှုပဲဗျို့ ကိုသိန်းမောင်။ ခင်ဗျားရေးနေကျအမှုမျိုးလို သူ့နေရာနဲ့သူ သေသေဝပ်ဝပ် သပ်သပ်ရပ်ရပ်တော့ ရေးလို့မဖြစ်နိုင်ပေဘူးထင်တယ်။ ဒါပေမဲ့ ဝတ္ထုသဘောမျိုးနဲ့ ဖတ်ကြည့်ရင်တော့ သိပ်မခေလှဘူးပေါ့ဗျာ။ ဒီအမှုမှာ ကျုပ်တို့ စုံထောက်ကြရပုံဟာလည်း အဖြစ်အပျက်တွေ ပြွတ်ကျပ်ပြွတ်သိပ် ပေါများနေတဲ့အထဲက အရေးမကြီးတာတွေ ဖယ်ထုတ်။ အရေးကြီးတာတွေနောက်ကို မျက်ခြည်မပြတ်ရအောင် ကွေ့ကွေ့ကောက်ကောက်နဲ့ ဖွတ်လိုက်ကြရတာကိုးဗျ။ ကိုင်း ဒါထက် ခင်ဗျား မရှင်းလင်းတာများ ရှိသေးလား ကိုသိန်းမောင်"

ကျွန်။ ။ "ထမင်းချက်တဲ့ ငနဲက ဘာလုပ်ပြန်လာတာလဲဗျာ"

ရှား။ ။ "အိမ်ပေါ်က နောက်ဖေးခန်းထဲမှာ ကျုပ်တို့တွေ့ခဲ့တဲ့ လူခြောက်ကလေးကြောင့် ထင်တာပဲဗျ။ ဒီလူခြောက်ဟာ ဆေးနဲ့ စီရင်ထားတာနဲ့ တူတယ်။ တချို့ အယုံအကြည်ရှိတဲ့လူများတော့ သင်္ချိုင်းကုန်းသွားပြီး ဂါထာတွေ၊ မန္တရားတွေနဲ့ တပင်တပန်းကြီး စီရင်ထားရတာ ဖြစ်လေတော့ ဒီလူခြောက်ကို ဘယ်လောက်ပေးလို့မှ မရောင်းနိုင်ဘူးတဲ့ဗျ။ ဒါကြောင့် သူ့ပစ္စည်းကလေးကို နှမြောတာနဲ့ အရဲစွန့်ပြီး ပြန်လာဟန်တူတယ်။ ရွှေဘိုနယ်သားဖြစ်ရတဲ့အထဲမှာ ဟိုနယ်က လူတွေနဲ့ နှစ်ရှည်လများ ပေါင်းသင်းလာခဲ့ရတော့ သူတို့ရဲ့အယူတွေ စွဲကပ်ပြီး ပါလာခဲ့တာထင်ပဗျာ"

ကျွန်။ ။ "ဦးထွန်းကျော် ရိုက်သတ်ခံရတော့ သူတစ်ယောက်တည်းလားဗျာ"

ရှား။ ။ "လက္ခဏာမှာ ဦးထွန်းကျော် ဒီလောက် အရေးကြီးတဲ့အလုပ်ကို တပည့်နဲ့မလွှတ်ဘဲ သူကိုယ်တိုင် ဆောင်ရွက်မယ်ဆိုပြီး တပည့်တွေကို တစ်နေရာမှာ ထားခဲ့ပြီး သူတစ်ယောက်တည်း သွားဟန်တူပါရဲ့။ တချို့လူကလည်း ရန်ငြိုးအင်မတန်ကြီးပြီဆိုမှဖြင့် သူတစ်ပါးသတ်ပေးလို့ မကျေနပ်ချင်။ ကိုယ်တိုင်လက်စားချေရမှ ကျေနပ်တာကိုးဗျ"

❐

ရှုမဝမဂ္ဂဇင်း၊ အမှတ် (၃၈)၊ စက်တင်ဘာလ ၁၉၄၉။

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com



# ဘောင်ဒရီလမ်း

## လူ သ တ် မှု



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဘောင်ဒရီလမ်း လူသတ်မှု

## [ပထမပိုင်း]

## ၁

## လူသတ်မှု အစ

ကျွန်တော်သည် ထိုသူ၏အဖြေကို ကြားရသောအခါ ဦးစံရှား၏ တွေးလုံး မှန်ပါပေသည်ဟု ချီးမွမ်းမိသော်လည်း တမင် 'ချိတ်လုပ်' ၍ ကျွန်တော့်အား နှပ်ခြင်းဖြစ်လေသလောဟု မသင်္ကာသလို ဖြစ်မိသေး၏။ သို့ရာတွင် ကျွန်တော် ကဲ့သို့သော လူတစ်ယောက်ကို တပင်တပန်းခံ၍ နှပ်လောက်အောင် အကြောင်း ကိုမူကား ရှာမတွေ့ချေ။ ကျွန်တော်သည် ဦးစံရှား၏မျက်နှာကို လှမ်းကြည့် လိုက်သောအခါ ဦးစံရှားမှာ ထိုသူ၏စာကို ဖတ်ပြီးပြီ ဖြစ်သဖြင့် စဉ်းစားတွေဝေ ဟန်နှင့် ရှိနေလေ၏။

**ကျွန်တော်**။ ။ "ခုနကလူကို ခင်ဗျား ဘယ်နှစ်ခါ တွေ့ဖူးသလဲ"

**ရှား**။ ။ "ဒီတစ်ခါပဲ တွေ့ဖူးတယ်"

**ကျွန်တော်**။ ။ "ခင်ဗျား တွေးပုံနည်းလမ်း ပြောပြစမ်းပါဦးဗျာ"

**ရှား**။ ။ "နှစ်နဲ့ နှစ်ပေါင်းရင် ဘာကြောင့် လေးဖြစ်တယ်ဆိုတာ ရှင်းပြ စမ်းပါဆိုရင် အဖြေရခက်သလိုပဲ။ ကျုပ်ဟာကလည်း သူတစ်ပါးကို ရှင်းပြဖို့ ခပ်ကျပ်ကျပ်ပဲဗျ။ ဘယ်သူမဆို ဆပ်ကျောင်းမှာနေပြီး သုံးလေးနှစ်လောက် ပုလိပ်လုပ်လိုက်ရင် ကြည့်တတ်တဲ့လူ မျက်စိထဲမှာ ပုလိပ်ဂိုက်ကြီး ထင်ရှားလွန်း လို့ 'ပုလိပ်၊ ပုလိပ်၊ ပုလိပ်' လို့ အော်ပြောနေသလိုပဲဗျ။ ပြီးတော့ သူ့ကိုယ်ဟန်

mgyoe.com

mgyoe.com


အနေအထားရယ်၊ ကြိမ်တုတ်ကလေး ဝင်ပုံရယ် ထောက်လိုက်ပြန်တော့ ပုလိပ်ထဲမှာ တော်တော်ကလေး သြဇာအာဏာပေးခဲ့ရတဲ့ အထဲကပဲလို့ ဆိုရလိမ့်မယ်။ သို့သော် သူ့ကိုယ်မှာဝတ်ထားတဲ့ အဝတ်အစားက ခပ်နွမ်းနွမ်း ခပ်ချာချာဖြစ်လေတော့ ဧကန္တ ရာထူးလက်ကိုင်ရှိတဲ့ ရာဇဝတ်အုပ်တစ်ယောက် မဟုတ်ဘူးလို့ ဆိုရမယ်။ အဲဒါကြောင့် ကျုပ်က ရာဇဝတ်အုပ် လူထွက်လို့ အကဲခတ်လိုက်တာ ဟုတ်နေတာ တွေ့ရတယ်မဟုတ်လား။ သို့သော် ဒီဟာတွေဟာ ခင်ဗျားကို ရှင်းပြနေရတော့ ကြာတယ်ဗျ။ ကျုပ်စိတ်ထဲမှာတော့ ဖြတ်ခနဲဆိုမြင်လိုက်ရင် ဖျတ်ခနဲဆို တွေးပြီးသား ဖြစ်နေတာပဲဗျ။ ဒါ ဘာကြောင့်လဲဆိုတော့ အကျင့်ဗျ"

**ကျွန်တော်**။ ။ "အံ့လောက်ပါပေ့ဗျာ"

**ရှား**။ ။ "ဘာမှ အံ့စရာမရှိပါဘူး။ ကကြီး ခခွေးလောက် ရှိသေးတယ်။ သြော် ဒါထက် ကျုပ်တို့ဆီမှာ အမှုဆန်းဆန်းပြားပြား မရှိဘူးလို့ ကျုပ် ခုနက ပြောမိတာ မှားဟန်ရှိသဗျို့။ ရော့ ဖတ်ကြည့်စမ်း၊ ဟောဒီ စာ"

ကျွန်တော်သည် ဦးစံရှား၏လက်မှစာကို လှမ်းယူဖတ်ကြည့်ရာ အောက်ပါအဓိပ္ပာယ်အတိုင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ကို တွေ့ရလေ၏။

**မိတ်ဆွေကြီး ဦးစံရှား**

ဦးပြားတောရအနီး ဘောင်ဒရီလမ်း 'ကိုး၊ဇီးဗီလာ' ခေါ် အိမ်တွင် ယမန်ညဉ့်က အမှုတစ်ခု ဖြစ်ပွားကြောင်း၊ ညဉ့်နှစ်နာရီအချိန်ခန့်တွင် ထိုအကွက်ဆိုင်ရာ ပုလိပ် ဘတန်းဆင်သည် လူမနေသော 'ကိုး၊ဇီးဗီလာ' အိမ်တွင်းမှ မီးရောင်မြင်သဖြင့် မသင်္ကာသည်နှင့် သွားကြည့်ကြောင်း၊ ပွင့်လျက်ရှိသော တံခါးဝမှ ဝင်သွားသောအခါ အိမ်ထောင်ပစ္စည်းတစ်ခုမျှမရှိသော ရှေ့ခန်း၌ ကြမ်းပေါ်တွင် ဝတ်ကောင်းစားကောင်းနှင့် အလောင်းတစ်လောင်း တွေ့ရကြောင်း၊ အလောင်းမှာ ဘိုလိုဝတ်ထားသော ကုလားလူမျိုး တစ်ယောက်ဖြစ်ရာ အင်္ကျီအိတ်တွင်း၌ 'ဝေသဿက၊ ပါတလိပုတ္တရ၊ ရာဇ ပုတ္တန' ဟူသော စာလုံးများကို အင်္ဂလိပ်လို ရိုက်နှိပ်ထားသည့်ကားချပ်ကလေးများ တွေ့ရကြောင်း၊ အလောင်း၏ လက်ဝဲဘက် လက်သန်းတွင် စိန်လက်စွပ်တစ်ကွင်း၊ လက်တွင် စိန်ကြိုးတပ်ထားသည့် ရွှေလက်ပတ်နာရီ၊ အိတ်ထဲတွင် ငွေစက္ကူ တစ်ဆယ်တန် ငါးချပ်တို့ကို တွေ့ရသောကြောင့် လုယက်ရန် အကြံမရှိကြောင်း ထင်ရှားသည့်ပြင် မည်သည့်နည်းနှင့် သေဆုံးသည်ဟု ခန့်မှန်းနိုင်ရန် ဒဏ်ရာလည်း တစ်စုံတစ်ခုမျှ မတွေ့ရကြောင်း၊ သို့ပါလျက် ကြမ်းပြင်ပေါ်တွင် သွေးစက်များတွေ့ရကြောင်း၊

mgyoe.com

mgyoe.com

ဤသူသည် မည်သို့သော အကြံအစည်နှင့် လူမနေသော ဤအိမ်တွင်းသို့ ဝင်ရောက်နေခြင်းကိုလည်းကောင်း၊ မည်သည့်အတွက် သေဆုံးကြောင်းကို လည်းကောင်း မတွေးတောနိုင်အောင် ဖြစ်နေကြောင်း၊ ၁၂ နာရီ မထိုးမီ မည်သည့်အချိန်မဆို 'ကိုးဇီးဗီလာ' အိမ်သို့ လာရောက်နိုင်ပါလျှင် ကျွန်တော်နှင့် တွေ့မည်ဖြစ်ကြောင်း၊ ဆရာ့ထံမှ သတင်းမကြားရမီ အစစအရာရာကို နဂိုအတိုင်းထားဖို့ အမိန့်ပေးထားပါကြောင်း၊ အကယ်၍ ဆရာကိုယ်တိုင် မလာနိုင်ခဲ့ပါလျှင်လည်း အကြောင်းခြင်းရာကို စုံလင်စွာ ကျွန်တော် ပြောပြ၍ ဆရာ၏ထင်မြင်ချက် ကြားသိရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

သန်းတင်

စာကို ကျွန်တော် ဖတ်ပြီးသောအခါ ဦးစံရှားက–

ရှား။ ။ "အစိုးရစုံထောက်ဘက်မှာတော့ ဒီစာရေးလိုက်တဲ့ ကိုသန်းတင်ဟာ လူတော်ကလေး တစ်ယောက်ပေပဗျာ။ သူနဲ့ ကိုအုန်းဖေနဲ့က ခတ်ဖက်ပေါ့။ နှစ်ယောက်လုံး ထကြွလုံ့လ ဝီရိယကလေးနဲ့ လူသွက်ကလေးတွေပါပဲ။ သို့သော် လမ်းရိုးလမ်းစဉ် တယ်ပြီး လိုက်ချင်ကြတယ်။ ထွင်တတ်တဲ့ စိတ်ကူးဉာဏ် မရှိကြဘူး။ သူတို့နှစ်ယောက်က တစ်ယောက် တစ်ယောက် မနာလိုတတ်လိုက်ကြတာဆိုတာ လွန်ရော။ ဒီအမှုမှာ သူတို့နှစ်ယောက်လုံး စုံထောက်ကြရမယ်ဆိုရင် တော်တော်ကြည့်ကောင်းဦးမယ်"

ဦးစံရှားသည် ဤမျှလောက် အရေးကြီးသောစာကို ရထားပါလျက် ခပ်အေးအေး အမူအရာဖြင့်ထိုင်ကာ စကားပြောနေနိုင်ခြင်းကို ကျွန်တော်က အံ့သြ၍ နှိုးဆော်ပေးလိုသဘောနှင့် "ကိုင်း...ဒါဖြင့် လုပ်လေဗျာ၊ မြင်းရထားနဲ့ သွားမှာဖြင့် ဖိုးထွန်းကို ရထားခေါ်ခိုင်းလိုက်မယ်လေ"ဟု တိုက်တွန်းပေး၏။

ရှား။ ။ "ကျုပ်ကိုယ်တိုင်သွားဖို့ လိုလေမလား မဆိုနိုင်ဘူး။ ကျုပ်လိုပျင်းတဲ့လူလည်း ခပ်ရှားရှားပဲဗျ။ နို့ပေမဲ့ တစ်ခါတစ်ခါ စိတ်ရပြန်တော့လည်း ဖျတ်လတ်သားပဲဗျ"

ကျွန်တော်။ ။ "ခုနတုန်းကတော့ အမှုရှားပါးလွန်းလို့ ပျင်းလှတယ်ဆို။ အမှုပြန်တော့လည်း မလုပ်ချင်ပြန်ဘူးလားဗျ"

ရှား။ ။ "ဘာထူးသလဲ ကိုသိန်းမောင်၊ တကယ်လို့ ကျုပ်သွားပြီး အလုံးစုံ ရှင်းလင်းပေးနိုင်တယ်ဆိုပါတော့၊ နာမည်ရတော့ ကိုသန်းတင်တို့၊ ကိုအုန်းဖေတို့လူစုက အချောင်ရသွားကြမှာဗျ၊ အစိုးရအမှုထမ်း မဟုတ်တာ အဲဒါတွေ နစ်နာတာပဲ"

mgyoe.com

mgyoe.com

ကျွန်တော်။ ။ "ခုနင်တုန်းကတော့ အမှုရှားပါးလို့ ပျင်းလှတယ်ဆို။ အမှုရပြန်တော့လည်း မလုပ်ချင်ပြန်ဘူးလားဗျ"

ရှား။ ။ "အကူအညီတောင်းတာတော့ မှန်တယ်။ ကျုပ်က သူ့ထက် တတ်တယ်ဆိုတာ သူ သိလေတော့ တစ်ယောက်ချင်းတော့ ဝန်ခံပါရဲ့။ နို့ပေမဲ့ ဒီပြင်လူတစ်ယောက် ရှေ့မှာဆိုရင် သူ့လျှာကို သူ လှီးပစ်ရင်သာ ပစ်မယ်။ ဖွင့်လို့တော့ ဝန်ခံမယ်မဟုတ်ဘူး။ သို့သော်လည်း သွားလို့တော့ ကြည့်လိုက်ဦးမှ ထင်ပဗျာ။ ကိုယ့်နည်းနဲ့ကိုယ် အသာကျိတ်လုပ်ပြီး မသင်္ကာရင် သူတို့လုပ်ကိုင်ပုံ တွေ ရယ်ရရင်လည်း မနည်းဘူးပေါ့ဗျာ"

ဦးစံရှားသည် ဝေိုင်ရာမှ ထ၍ ချက်ချင်း သွက်လက်လာသည့် လက္ခဏာဖြင့် အဝတ်အစားများ လဲလှယ်ရာမှ "လုပ်ပါဗျ ကိုသိန်းမောင်၊ အပျင်းပြေ လိုက်ကြည့် လှည့်ပါဦးတော့လား" ဟု ပြောသဖြင့် ကျွန်တော်လည်း အဝတ်များ လဲလှယ်ရ လေ၏။

ကျွန်တော်တို့သည် မြင်းရထားတစ်စီးဖြင့် ဘောင်ဒရီလမ်းဘက်သို့ မောင်းနှင် သွားကြရာ ထိုနေ့မှာ တစ်မိုးလုံး အုံ့မှိုင်းပိတ်ဆိုင်းလျက်ရှိသဖြင့် စိတ်နှလုံး လေးကန် ထိုင်းမှိုင်းစေတတ်သည့် နေ့မျိုး ဖြစ်လေသည်။ ဦးစံရှားမှာမူ ကြည်ရွှင် ပျော်မြူးဟန် လက္ခဏာဖြင့် မြန်မာလုပ် တယောများအကြောင်း၊ အင်္ဂလိပ်လုပ် တယောများအကြောင်းမှ စ၍ ရှေးတယောဆရာကြီးများ၏ တယောဟောင်းများ ရွှေဒင်္ဂါး ၁၀၀၀ မက အဖိုးထိုက်တန်ကြောင်းများကို ကရားရေသွန် ပြောသွား လေ၏။ သူ ထိုးနေသော တယောမှာလည်း အဖိုးငွေ ၃၅၀ ကျပ်နှင့် အင်္ဂလန် ပြည်မှ ဝယ်ယူထားခြင်းဖြစ်ကြောင်း ပြောပြသဖြင့် ကျွန်တော် အံ့သြမိသေး၏။

ကျွန်တော်။ ။ "ခင်ဗျားကြည့်ရပုံက အမှုအကြောင်း ဘာမှ တွေးတော ဆင်ခြင်နေဟန် လက္ခဏာ မရှိပါကလားဗျာ"

ရှား။ ။ "အကြောင်းစုံ မသိရသေးမီ သွားပြီး တွေးလား တောလား လုပ်ရင် လမ်းလွဲချော်သွားပြီး ပြန်မထွက်နိုင်အောင် ဖြစ်တတ်တယ်ဗျ"

ကျွန်တော်။ ။ "အကြောင်းစုံ သိရပါတော့မယ်ဗျာ။ ဟောဟိုက ဘောင်ဒရီ လမ်းပါပဲ"

ရှား။ ။ "ဟုတ်သားဗျို့၊ 'ကိုးဓိးဗိလာ' တောင် ရောက်တော့မယ်။ ဟေး ဂယ်ရီဝါလား၊ ဟိုး"

ကျွန်တော်တို့သည် မြင်းရထားပေါ်မှ ဆင်း၍ ရထားလို လွှတ်လိုက် ပြီးလျှင် ခြေကျင် ဆက်လက်လျှောက်သွားကြလေ၏။ 'ကိုးဓိးဗိလာ' ခေါ် နေအိမ်မှာ တစ်ထပ်အိမ်ကြီးဖြစ်၍ ကျယ်ဝန်းသော ဝင်းကြီး၏ ဗဟိုတည့်တည့်

mgyoe.com

mgyoe.com

တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်ခု ဖြစ်လေသည်။ ဝင်းကြီးအတွင်း၌ ပန်းအိုးနှင့်စိုက်ထားသော ပန်းပင် အမြောက်အမြားရှိသဖြင့် ဥယျာဉ်ကလေးသဖွယ် တင့်တယ်လှပခြင်း ရှိပေရာ အဖြူနှင့် အနက် ဆေးသုတ်ထားသော သစ်သား ဝင်းထရံမှာလည်း ဥယျာဉ်ကလေးနှင့် အလွန်တရာ ပန်ရလှ၏။ ဝင်းပေါက်အနီး၌ကား ကုလားပုလိပ်တစ်ယောက် စောင့်လျက်ရှိရာ အရပ်သား သုံးလေးယောက်တို့သည် အိမ်တွင်း၌ ရှိသည်ဆိုသော အလောင်းကို ဝင်းပြင်မှ အချည်းနှီး ငေးမျှော်ကာ ကြည့်နေကြလေ၏။

ကျွန်တော်၏စိတ်၌ ဦးစံရှားသည် အိမ်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် တစ်ခါတည်း ဝင်သွားလိမ့်မည်ဟု တွေးထင်မိရာ ဦးစံရှားမှာမူ ထိုကဲ့သို့ပြုရန် စိတ်ကူးထဲ၌ ထည့်ဟန်မရှိချေ။ ဦးစံရှားသည် အိမ်ဝင်းတွင်းရှိ လမ်းကလေးပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် မြေကြီးကိုလည်းကောင်း၊ ကောင်းကင်ကိုလည်းကောင်း၊ ဝင်းထရံကိုလည်းကောင်း တစ်လှည့်စီ ငုံ့ချည် မော့ချည် ကြည့်လျက်ရှိ၏။ ထို့နောက် ဦးစံရှားသည် လမ်းကလေးအတိုင်း မလျှောက်ဘဲ လမ်းနံဘေးရှိ မြက်ခင်းတစ်လျှောက် ဦးခေါင်းငုံ့ကာ လျှောက်သွားပြန်၏။ ထိုသို့သော အပြုအမူများကို မြင်ရသောအခါ ဤမျှလောက် အရေးကြီးနေသော ကိစ္စ၌ ဟိတ်ဟန်များလှချေတကားဟု ကျွန်တော် အောက်မေ့မိ၏။ မြက်ခင်းတစ်လျှောက် လျှောက်ကြည့်ရင်း ဦးစံရှားသည် နှစ်ကြိမ်မျှ ရပ်တန့်၍ ကျေနပ်သော မျက်နှာထားနှင့် ဦးခေါင်းညိတ်လေ၏။

ယမန်ညဥ့်က မိုးရွာသွန်းထားသည့်အတွက်ကြောင့် လမ်းကလေးပေါ်တွင် ခြေရာ အမြောက်အမြားရှိနေသော်လည်း ပုလိပ်များ၏ ခြေရာများလည်း ရောထွေး ရှုပ်ယှက်ရှိနေသဖြင့် ဦးစံရှားက မည်ကဲ့သို့ ပိုင်းခြားသိရှိနိုင်ဖို့ ရှိသည်ကို ကျွန်တော် မစဉ်းစားနိုင်အောင်ဖြစ်၏။ သို့ရာတွင် ဦးစံရှား၏ မျက်စိစူးခြင်း၊ မျက်စိလျင်ခြင်းအကြောင်းကို အတော်အတန် သက်သေခံ ရရှိပြီးဖြစ်သော ကျွန်တော်မှာ ကျွန်တော် မမြင်နိုင်သော အခြင်းအရာများစွာတို့ကို ဦးစံရှား တွေ့မြင်နိုင်လိမ့်မည်ဟူ၍ကား ယုံကြည်မိ၏။

အိမ်တံခါးဝသို့ ရောက်သောအခါ ကိုယ်လုံးနှင့် မလိုက်အောင် ဖျတ်လတ် သွက်လက်လှသော လူတစ်ယောက်သည် အိမ်ပေါ်မှ ပြေးဆင်းလာ၍ ဦးစံရှား၏ လက်ကို ကိုင်ဖမ်းလှုပ်ခါလျက်–

"ဆရာကိုယ်တိုင်လာတာ ကျေးဇူးပါပဲဆရာ။ ဆရာ့သဘောသိလို့ ဘယ်ဟာမှ ခြေရာလက်ရာ မပျက်စေရအောင် ကျွန်တော် စီမံထားပါတယ်"

ရှား။ ။ "ဒီပြင်ဟာတော့ ဟုတ်ပါရဲ့၊ ဟောဟိုဟာက ဆိုးတယ်ဗျာ။ နွားအုပ်ကြီးတစ်အုပ် မောင်းသွင်းထားတာတောင် ဒီထက်ပိုပြီး ရှုပ်ထွေးနိုင်ဖို့

mgyoe.com

မရှိဘူးမှတ်တယ်။ နို့ပေမဲ့ ဒီလိုဖြစ်စေဖို့ ခွင့်မပြုခင် ခင်ဗျားတော့ တော်တော် တန်တန် တွေးတောမိပြီး ထင်ပါရဲ့ ကိုသန်းတင်"

**တင်။** ။ "ကျွန်တော်က အိမ်တွင်းမှာ ကြည့်စီမံနေလေတော့ အိမ်ပြင်မှာ ကိုအုန်းဖေ ကြည့်လုပ်လိမ့်မယ်လို့ ထင်မိတာ ခွကျကုန်တာပဲ ဆရာ"

**ရှား။** ။ (ပြုံးစိစိမျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်လျက်) "ခင်ဗျားနဲ့ ကိုအုန်းဖေနဲ့ နှစ်ယောက်တောင် ဆောင်ရွက်နေမှဖြင့် ကျုပ် ကူညီပေမဲ့ အပိုလို ဖြစ်နေတော့မှာပေါ့ ကိုသန်းတင်"

**တင်။** ။ (ကိုယ့်ကိုယ်ကို ကျေနပ်ဟန်ဖြင့် ဦးခေါင်းထောင်လျက်) "ကျွန်တော်တို့တော့ လိုလေသေးမရှိရအောင် စေ့စေ့စပ်စပ် စီမံထားတာပဲ ဆရာ။ ဒါပေမဲ့ အမှုက ခပ်ဆန်းဆန်းမို့လို့ ဆရာ့အာသာကို ရိပ်မိတာနဲ့ ခေါ်ရတာပါ ဆရာ"

**ရှား။** ။ "ဒါထက် ခင်ဗျားတို့လာတုန်းက မြင်းရထားနဲ့ လာတာမဟုတ်ဘူးနော်"

**တင်။** ။ "မဟုတ်ပါဘူး ဆရာ"

**ရှား။** ။ "ကိုအုန်းဖေ လာတော့ကော"

**တင်။** ။ "သူလည်း မြင်းရထားနဲ့ မလာပါဘူး ဆရာ"

**ရှား။** ။ "ကိုင်း ဒါဖြင့် လာကြဗျာ။ အိမ်ထဲမှာ တစ်ဆိတ် ဝင်ကြည့်လိုက်ကြဦးစို့"

ကျွန်တော်တို့သည် အိမ်တွင်းသို့ ဝင်ကြသောအခါ အလောင်းရှိသည့်အဖြစ်ဂို အားလုံးကပင် သတိရသဖြင့် မရဏသဘောကို စဉ်းစားမိကြဟန်နှင့် ဦးခေါင်း ခပ်လျှိုးလျှိုးဖြင့် ဝင်လာကြလေ၏။ ထိုတိုက်အိမ်ကြီးမှာ ဥရောပတိုက်သား အရာရှိကြီးများ အငှားနေလေ့ရှိသော အိမ်ကြီးမျိုးဖြစ်သဖြင့် အတော်ပင် ကျယ်ဝန်းပေရာ ရှေ့၌ရှိသော ဧည့်ခန်းကြီးမှာ အိမ်ထောင်ပစ္စည်းမှစ၍ အခင်း အကျင်း အလျဉ်းမရှိသည့်အတွက်ကြောင့် ကျယ်ဝန်းသည်ထက် ကျယ်ဝန်းဟန် ရှိပေ၏။ အိမ်ငှားနေသူ မရှိသည်မှာ အတန်ကြာသည့် လက္ခဏာဖြင့် ကြမ်းပြင်၊ နံရံ၊ ပြတင်းပေါက် စသည်တို့တွင် မြူမှုန်အလိပ်လိပ် ထပ်လျက်ရှိရာ တစ်ခု သော မှန်ပြတင်းပေါက်ခုံပေါ်၌ကား လက်နှစ်သစ်ခန့်ရှိသည့် ဖယောင်းတိုင်တို ကလေးတစ်ခု စိုက်ထောင်လျက်ရှိ၏။

ဧည့်ခန်း၏အလယ်ဗဟို၌ကား အသက် ၄၀ ကျော်အရွယ်ခန့်ရှိသည့် ကုလားလူမျိုးတစ်ယောက်၏ အလောင်းသည် ကြမ်းပေါ်တွင် ပက်လက်လန်ကာ ပြူးတူးကြောင်တောင်ရှိသော မျက်လုံးများဖြင့် မျက်နှာကြက်ဆီသို့ စိုက်ငေးဟန် ဖြင့် ရှိနေ၏။ လူလုံးမကြီးမသေး အရပ် မနိမ့်မမြင့်၊ အသားခပ်လတ်လတ်၊

mgyoe.com

mgyoe.com

ဆံပင်ကောက်ကောက်ကို အလယ်မှခွဲလျက် တွိသက္ကလတ်ဆန်းဝတ်စုံဖြင့် ဝတ်ဆင်ထားသော အလောင်းကို မြင်ရခြင်းအားဖြင့် အထက်တန်းကျသော လူစားမျိုးထဲကဖြစ်ကြောင်း သိသာနိုင်စေ၏။ ဦးထုပ်ခပ်သစ်သစ်တစ်လုံးသည်လည်း အလောင်းအနီးတွင် မှောက်လျက်ကျနေ၏။

အလောင်းသည် လက်နှစ်ဖက်လုံးကို စိစိပါအောင် ဆုပ်ညှစ်လျက် လက်ယာဘက်လက်သည် ကြည့်နေသူများအား လက်သီးနှင့်ရွယ်ထားဟန် ရှေ့သို့ ခပ်ဆန့်ဆန့်ရှိသည့်ပြင် ခြေနှစ်ဖက်တို့မှာလည်း မချိမဆံ့ အသက်ထွက်ရသည့် လက္ခဏာဖြင့် တစ်ဖက်ကိုတစ်ဖက် ချိတ်လိမ်ကာ ရှိနေလေ၏။ အလောင်း၏ အနေအထားမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း ခြိမ်းခြောက်နေသော ဟန်အမူအရာရှိသည့်ပြင် လှိုက်လှိုက်လှဲလှဲ တူးတူးခါးခါး မုန်းတီးခြင်း၊ စက်ဆုပ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့သည် နောက်ဆုံး ဇောခုနစ်ကြိမ်စောသည့် တစ်ခဏအတွင်း၌ တစ်ပြိုင်နက် တစ်ချက်တည်း ဝိထိကျသွားဟန်ရှိလေရကား ထိုသူ၏မျက်နှာထားမှာ မမြင်မရှုဝံ့လောက်အောင် မျက်မာန်အားကြီး၍ ခက်ထန်ကြမ်းကြုတ်လှပေ၏။

ယင်းကဲ့သို့ မျက်နှာထား ဆိုးရွားလှသည့်အတွင်း နဖူးမောက်ခြင်း၊ နှာရောင်ကောက်ခြင်း၊ နှာသီးဖျား ပုတိုတိုရှိခြင်း စသည့် အဆင်မပြေသော ရုပ်လက္ခဏာဖြင့် တွန့်လိမ်ကောက်ကွေးနေသော ကိုယ်အင်္ဂါ ခြေလက်အနေအထားတို့ကို စုပေါင်း ထည့်သွင်းလိုက်သည်ရှိသော် ကျွန်တော့်မှာ ဤမျှလောက် အမြင်ဆိုးသော အလောင်းတစ်လောင်းကို မြင်လည်းမမြင်ဖူး၊ နောင်ကိုလည်း မမြင်မတွေ့ပါရစေနှင့်ဟု ဆုတောင်းမိသေး၏။

မျက်နှာစုတ်ချွန်းချွန်းနှင့် ကိုအုန်းဖေသည် ကျွန်တော်တို့ဝင်လာသည်ကို မြင်သောအခါ ပုလိပ်သားတစ်ယောက်အား အမိန့်ပေးနေရာမှ ထွက်လာ၍–

**ဖေ**။ ။ "ဒီအမှုက တစ်မြို့လုံး တုန်သွားမယ့်အမှု ဆရာရေ့၊ ကျွန်တော်လည်း ဆရာသိတဲ့အတိုင်း အမှုပေါင်း တော်တော်စုံခဲ့ပါပြီ။ ဒီဟာမျိုး တစ်ခါမှ မကြုံဖူးပေါင်ဆရာ"

**တင်**။ ။ "သဲလွန်စများ ဘာထပ်တွေ့သေးသလဲ ကိုအုန်းဖေ"

**ဖေ**။ ။ (ရှုံ့မဲ့လျက်) "ဘာမှ မတွေ့ဘူးဗျ"

ဦးစံရှားသည် အလောင်းအနီးသို့ ချဉ်းကပ်၍ ဒူးထောက်ပြီးလျှင် အတန်ကြာအောင် စိုက်၍ကြည့်လေ၏။ ထို့နောက် ကြမ်းပေါ်၌ စွန်းပေနေသော သွေးကွက်များကို လက်ညှိုးညွှန်ပြလျက်–

**ရှား**။ ။ "အလောင်းမှာ ဒဏ်ရာတစ်ခုမှ မရှိဘူးဆိုတာ သေချာရဲ့လား ခင်ဗျ"

mgyoe.com

mgyoe.com

**နှစ်ယောက်စလုံး။** ။ "သေချာပါတယ်ဆရာ"

**ရှား။** ။ "ဒီလိုဆိုရင် ဒီသွေးကွက်တွေဟာ ဒို့ပြင်လူတစ်ယောက်ရဲ့ သွေးဖြစ်ရမှာပေါ့။ လူသတ်မှုဆိုရင်လည်း သတ်တဲ့လူရဲ့သွေး ဖြစ်ချင် ဖြစ်နိုင်တာပေါ့။ ဒီအမှုမြင်ရတော့ တမြန်နှစ်က ပုသိမ်မြို့ ရဲဗိုလ်တပ်မှာ ကိုကျော်ကလုံးဆိုတဲ့သူ သေဖူးတဲ့အမှုကို သွားပြီး သတိရမိသေးတယ်။ ခင်ဗျားတို့ မှတ်မိကြသေးလား"

**နှစ်ယောက်စလုံး။** ။ "မမှတ်မိဘူး ဆရာ"

**ရှား။** ။ "ပြန်ဖတ်ကြည့်ရင် ကောင်းတယ်။ လောကမှာ အသစ်အဆန်းရယ်လို့ တယ်မရှိလှပါဘူး။ ဘယ်လောက် ထူးဆန်းပါတယ်ဆိုပေမဲ့ ရှေးကဖြစ်ဖူးတဲ့ အမှုမျိုးချင်းလိုလိုပါပဲ"

ယင်းသို့ပြောလျက်ရှိစဉ် ဦးစံရှား၏လက်ချောင်းများသည် အလောင်း၏ကိုယ်တစ်ခုလုံးကို ထိုမှ ဤမှ အနှံ့အပြား ဖိလိုက် နှိပ်လိုက် လှန်လိုက်လှောလိုက် စမ်းလိုက် သပ်လိုက် ပြုလုပ်လျက်ရှိလေ၏။ ဦးစံရှား၏ လက်ချောင်းများသည် အလွန်လျင်မြန်စွာ ဤနေရာမှ ထိုနေရာသို့ ကူးပြောင်းစမ်းသပ်လျက်ရှိသောကြောင့် သာမန်အားဖြင့် ကြည့်ရှုသော် စေ့စပ်သေချာသည်ဟူ၍ပင်မထင်ရချေ။ နောက်ဆုံး၌ ဦးစံရှားသည် ကြမ်းပေါ်တွင် ဒူးထောက်ကာ အလောင်း၏ နှုတ်ခမ်းများကို ငုံ့၍ နမ်းရှုပ်ပြီးနောက် အလောင်း၏ ခြေမှ သားရေပြောင်ဖိနပ်၏ အောက်ခံသားရေကို သေချာစွာ ကြည့်ရှုလေ၏။

**ရှား။** ။ "အလောင်းကို ခင်ဗျားတို့ ရွှေ့လား ပြောင်းလား မလုပ်ဘူးပါ့တစ်"

**တင်။** ။ "စုံစမ်းလို့ ဖြစ်နိုင်ရုံလောက်ထက် ပိုပြီး ကျွန်တော်တို့ မရွှေ့ပါဘူးဆရာ"

**ရှား။** ။ "ကိုင်း တော်လောက်ပါပြီ။ ရင်ခွဲရုံ ပို့ချင် ပို့လိုက်ပါတော့"

ကိုသန်းတင်သည် အဆင်သင့်ပြင်ဆင်ထားသော ထမ်းစင်ပေါ်သို့ အလောင်းကို ပွေ့ချီတင်စေရာတွင် လက်စွပ်ကလေးတစ်ကွင်းသည် အလောင်း၏ကိုယ်တွင်းမှ ကြမ်းပေါ်သို့ ထွက်ကျလာလေ၏။ ကိုအုန်းဖေသည် လက်စွပ်ကလေးကိုကောက်ယူထားလိုက်၍ ထမ်းစင်သမားများလည်း အလောင်းကို အပြင်သို့ထုတ်သွားကြလေရာ အလောင်းနှင့် နီးနီးကပ်ကပ် မနေဖူးသော ကျွန်တော်မှာ ထိုအခါမှ အသက်ရှူချောင်သွားလေတော့၏။

ကိုအုန်းဖေသည် လက်စွပ်ကို သေချာစွာကြည့်ရင်း–

"လက်စွပ်ကတော့ လက်ထပ်လက်စွပ်ပဲ ဆရာရေ့။ ကေ့နွ မနဲ့ ပတ်သက်တဲ့ အမှုနဲ့တူတယ်"

mgyoe.com

mgyoe.com

ကျွန်တော်တို့အားလုံးသည် အခန်းပြင်သို့ထွက်ပြီးလျှင် လက်စွပ်ကို တစ်လှည့်စီ ကိုင်တွယ်ကြည့်ရှု၍ လက်သန်းတွင် အသီးသီးစွပ်ကြည့်ကြရာ မည်သူ၏ လက်နှင့်မျှ မတော်ကြောင်း တွေ့ရလေ၏။ သေးငယ်ခြင်းအားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း ထောက်သော် ထိုလက်စွပ်မှာ သတို့သမီး တစ်ဦးတစ်ယောက်၏ လက်စွပ်ဖြစ်ကြောင်း ထင်ရှားပေ၏။

တင်။ ။ "ဒီလိုဆိုရင် သာပြီး ရှုပ်ထွေးဖို့ ဖြစ်ပြန်ရောပေါ့ဗျာ။ အမှုက ရှုပ်ရတဲ့အထဲမှာ ကြာလေ ရှုပ်လေ ဖြစ်နေပြီကော ဆရာ"

ရှား။ ။ "သဲလွန်စရတယ်လို့ မဆိုနိုင်ပေဘူးလားဗျာ။ ကိုင်း သို့သော် ရှုပ်တာ ရှင်းတာ အသာထားပြီး သူ့အိတ်ထဲက တွေ့တဲ့ပစ္စည်းတွေ ပြကြစမ်းဗျာ"

တင်။ ။ (အင်္ကျီအိတ်တွင်းမှ လက်ကိုင်ပဝါထုပ်ကလေးကို ဖြေလျက်) "ဟောဒါ တစ်စုံပါပဲ ဆရာ။ ကြည့်ပါတော့"ဟု ပြော၍ ဦးစံရှားသို့ ပေးအပ်လေ၏။

ပစ္စည်းများမှာ ၇ ရတီခန့်ရှိသော စိန်လက်စွပ်တစ်ကွင်း၊ စိန်ကြိုးနှင့် ရွှေလက်ပတ်နာရီတစ်လုံး၊ တစ်ဆယ်ကျယ်တန် စက္ကူငါးချပ်ပါသည့် သားရေအိတ်ကလေးတစ်လုံး၊ မူးစေ့မတ်စေ့ ၁၃ ပဲ။ 'ဝေဿက' ဟူသော အမည်ပါသည့် ကားချပ်ကလေး သုံးချပ်၊ စာနှစ်စောင်၊ တစ်စောင်မှာ ရန်ကုန်စာတိုက်ကြီးမှ ကျေးဇူးပြု၍ မစ္စတာဝေဿကသို့ပေးရန်ဟူ၍လည်းကောင်း၊ ဒုတိယစာတစ်စောင်မှာ ရန်ကုန်စာတိုက်ကြီးမှ ကျေးဇူးပြု၍ မစ္စတာဟိန္ဒကသို့ပေးရန် ဟူ၍ လည်းကောင်း လိပ်တပ်ထား၏။ ထိုစာနှစ်စောင်လုံးမှာ သောမတ်စ်ကွတ်ဘဏ်တိုက်မှ ကာလကတ္တားမြို့ထွက် သင်္ဘောအကြောင်း နို့တစ်ပေးသောစာများ ဖြစ်လေသည်။ ပထမစာကို ထောက်ခြင်းအားဖြင့် သေဆုံးသူသည် ကာလကတ္တားမြို့သို့ ထွက်မည့် 'အာရန်ကိုလာ' သင်္ဘောနှင့် လိုက်ရန် ကြံရွယ်ထားဟန်တူပေ၏။

ရှား။ ။ "မစ္စတာ ဟိန္ဒကဆိုတဲ့လူအကြောင်းကို ခင်ဗျား စုံစမ်းကြည့်ပြီးပြီလား"

တင်။ ။ "ချက်ချင်းပ ဆရာ၊ အင်္ဂလိပ်သတင်းစာတွေ အာလုံးမှာ ကြော်ငြာတွေ ထည့်တယ်။ ရန်ကုန်စာတိုက်ကြီးကိုလည်း လူလွှတ်ပြီး စုံစမ်းခိုင်းထားတယ်။ သို့သော် စုံစမ်းသွားတဲ့လူတော့ ပြန်မလာသေးဘူး ဆရာ"

ရှား။ ။ "ရာဇပုတ္တနနယ်က ပါတလိပုတ္တရမြို့ကိုကော စုံစမ်းပြီးပြီလား"

တင်။ ။ "ဒီကနေ့ မနက်ပဲ ကြေးနန်းရိုက်ပြီးပြီ ဆရာ"

ရှား။ ။ "ဘယ်ပုံ ခင်ဗျား မေးထားသလဲဗျ"

mgyoe.com

mgyoe.com

**တင်**။ ။ "အဖြစ်အပျက်ကို ဖော်ပြပြီး အထောက်အပံ့ဖြစ်မယ့် သတင်းမျိုး ပို့နိုင်ရင် ပို့ပါလို့ ကြေးနန်းရိုက်ထားတာပဲ ဆရာ"

**ရှား**။ ။ "ခင်ဗျားစိတ်ထဲမှာ အရေးကြီးတယ်ထင်တဲ့ အချက်တစ်ခုခုကို ဝကွက်ပြီး မစုံစမ်းလိုက်ဘူးလား"

**တင်**။ ။ "ဟိန္ဒကဆိုတဲ့ လူအကြောင်း မေးထားတာပဲဆရာ"

**ရှား**။ ။ "ဒီ့ပြင် ဘာမှမမေးလိုက်ဘူးလား။ ဒီအမှုမှာ ဘယ်အချက်ဟာ အရေးကြီးတယ်လို့ ခင်ဗျားစိတ်ထဲမှာ ဆုံးဖြတ်ထားတာ မရှိဘူးလား။ နောက်ထပ်ပြီး ကြေးနန်း မရိုက်တော့ဘူးလား"

**တင်**။ ။ (စိတ်တိုလာသောအမူအရာဖြင့်) "ကျွန်တော် ဆောင်ရွက်ထားသမျှ ပြောပြီးပြီကော ဆရာရယ်"

ဦးစံရှားသည် အတွင်းပြုံး ပြုံးသော မျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်၍ တစ်စုံတစ်ခု ပြောတော့မည်အပြုတွင် ကိုအုန်းဖေသည် အလွန်နှစ်သိမ့်ကျေနပ်လာဟန်နှင့် ကျွန်တော်တို့ရှိရာသို့ သုတ်သီးသုတ်ပျာ လျှောက်လာ၍ "ခင်ဗျားတို့က ဒီမှာ စကားကောင်းပြီး နေကြတုန်း ကျုပ်က အရေးကြီးတဲ့ အချက်ကြီးတစ်ခု တွေ့လာခဲ့ပြီ" ဟု အားရရွှင်ပျစွာနှင့် ပြောလေ၏။

**ရှား**။ ။ (မျက်ခုံးချီလျက်) "ဟုတ်ရဲ့လား၊ တော်ပါပေ့ဗျာ။ ဘာများလဲ ပြောစမ်းပါဦးဗျ"

**ဖေ**။ ။ "လာကြ၊ လာကြ၊ ကြည့်လှည့်ကြစမ်း"ဟု ပြော၍ ဟန်ကြီးပန်ကြီး ခြေလှမ်းမျိုးဖြင့် ဧည့်ခန်းသို့ ရှေ့မှ ဝင်သွားလေရာ ကျွန်တော်တို့လည်း နောက်မှလိုက်သွားကြလေ၏။ ဧည့်ခန်း၏ တစ်ဖက်သောနံရံသို့ ချဉ်းကပ်မိကြသောအခါ ကိုအုန်းဖေသည် မီးခြစ်ဆံတစ်ဆံကို ခြစ်ကာ နံရံနှင့်ကပ်လျက်ကိုင်ထား၍ "ကိုင်း ကြည့်ကြစမ်း၊ ဒီဟာ ဘာလဲ"ဟု အတန်းပြဆရာက တပည့်များအား ပြဟန်ဖြင့် လက်ညှိုးညွှန်ပြလေ၏။ ကျွန်တော်တို့သည် ကိုအုန်းဖေ၏ လက်ညှိုးညွှန်ရာ နေရာကို ကြည့်ကြသည်တွင် ဖြူဖွေးသောနံရံ၌ ရဲရဲနီသော အင်္ဂလိပ်အက္ခရာသုံးလုံးကို တွေ့မြင်ကြရလေ၏။ ယင်းတို့မှာ 'ဗွီ၊ ဒီ၊ တီ' ဟူသော စာလုံးများ ဖြစ်လေသည်။

**ဖေ**။ ။ (အံ့မခန်း အခြင်းအရာတစ်ခုကို တပည့်များအား ပြသနေသော ဆရာတစ်ဦး၏ အမူအရာဖြင့် လက်ပိုက်ကာ ရင်ကိုကော့လျက်) "ဘယ့်နှယ်ရှိစ ဆရာကြီးတို့၊ ဒီလောက် ကုတ်ကုတ်ကတ်ကတ် လိုက်ရှာဖို့ ခင်ဗျားတို့လိုဖြင့် ဘယ်တော့သွားပြီး သတိရမလဲ။ စေ့စပ်တဲ့နေရာမှာတော့ နံပါတ်ဝမ်း ထားလိုက်ပါဗျ"ဟု ပြောရင်း မိမိ၏ရင်ကို ပုတ်၍ပြလေ၏။

mgyoe.com

mgyoe.com


ရှား။ ။ (ဝမ်းထဲက ပြုံးသော်လည်း အပြင်၌ ဣန္ဒြေကြီးနှင့်) "တော်ပါပေ့ဗျာ။ ဒါထက် ခင်ဗျား ဘယ်အဓိပ္ပာယ်ကောက်သလဲ"

ဖေ။ ။ "သတ်တဲ့လူဟာ သူ့သွေးနဲ့ သူ ဒီစာလုံးတွေကို ရေးခြင်း အမှန်ပဲဗျ။ ဒီနေရာမှာ စီးကျထားပုံ ကြည့်စမ်း။ ဟုတ်စ။ အဲဒီတော့ သေသူဟာ သူ့ကိုယ်သူ သတ်သေတာမဟုတ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားတယ်လို့ ဆိုရလိမ့်မယ်။ ဒီစာလုံးကို ဘာကြောင့် ဒီနေရာမှာ ရေးခဲ့သလဲ၊ သိကြရဲ့လား။ ကြည့်ကြ။ ကျုပ်ရှင်းပြမယ်။ ဟောဟိုမှာ ဖယောင်းတိုင် မြင်လား။ ဖယောင်းတိုင် အဲဟိုမှာ ထွန်းထားရင် ဒီနေရာဟာ အလင်းဆုံးနေတာပဲဗျ။ ဒါကြောင့် ဒီနေရာမှာ သူ စာရေးတယ်။ မရှင်းလားဗျာ"

တင်။ ။ (ကိုအုန်းဖေ၏ ဟန်ကြီးခြင်းကို ရွံ့ဟန်လက္ခဏာဖြင့်) "ဒီတော့ ဘာဖြစ်သေးလဲဗျ။ ဒါနဲ့ ဘယ်လောက်များများ ထူးသွားလို့လဲ"

ဖေ။ ။ "ထူးပြီလား ကိုသန်းတင်။ ဒီစာသုံးလုံးဟာ အရမ်းမဲ့ လျှောက်ပြီး ရေးတဲ့စာလုံးတွေ မဟုတ်နိုင်ဘူးဗျ။ သူ့နာမည်ကို သူ အတိုကောက် ရေးထားတာဖြစ်ရမယ်။ ဒီတော့ ကျုပ်တို့ ဒီစာသုံးလုံးကို ဖော်နိုင်ရင် သတ်တဲ့လူကို ဖော်နိုင်တာနဲ့ အတူပဲ။ ကိုင်း ဒါ မထူးဘူးလားဗျာ"

တင်။ ။ (နှာခေါင်းရှုပ်လျက်) "ဒါဖြင့် ခင်ဗျား ဖော်စမ်းပါဦးဗျာ"

ဖေ။ ။ " 'ဗွိ' က ဗလင်တိုင်၊ 'ဒီ'က ဒေးဗစ်၊ 'တီ'က တင်နီဆင်။ ဒီတော့ ဗလင်တိုင်း ဒေးဗစ် တင်နီဆင်ဆိုတဲ့ လူတစ်ယောက် ဖြစ်နိုင်တယ်။ နောက်ဆုံး ဘယ်နည်းနဲ့မဆို အမှန်ကို မတွေးနိုင်ဦးတော့၊ နောက်နောင် သဲလွန်စ ရလို့ လိုက်ကြတဲ့အခါမှာ ဒီနာမည်နဲ့ ကိုက်မကိုက် ချိန်ထိုးပြီး ကြည့်နိုင်တယ် မဟုတ်ဘူးလားဗျ"

တင်။ ။ "ခင်ဗျားဟာက တိုက်ရိုက်နည်းလည်း မဟုတ်၊ သွယ်ဝိုက်တဲ့ နည်းကြီးကိုးဗျ"

ထိုအတောအတွင်း ဦးစံရှားမှာ နံဘေးနှစ်ဖက်ကို နှိပ်ကာ ပြင်းထန်စွာ ရယ်မောလျက်ရှိရာ ကိုအုန်းဖေက မခံချင်သောအမူအရာဖြင့် ဖျတ်ခနဲလှည့်၍-

ဖေ။ ။ "ဘာလဲဆရာ၊ ဆရာက ကျွန်တော်တို့ကို လှောင်နေတာလား"

ရှား။ ။ (ရုတ်တရက် ဣန္ဒြေဆည်လျက်) "မဟုတ်ပါဗျာ၊ ဒီစာလုံးတွေ တွေ့ခြင်းဟာ ခင်ဗျား မျက်စိစူးရှာခြင်းရဲ့ အကျိုးအာနိသင်ဖြစ်ကြောင်း ဝန်ခံဖို့ အသင့်ရှိပါတယ်။ ပြီးတော့ ဒီစာလုံးများကို ဒီအမှုနဲ့ ပတ်သက်တဲ့ လူတစ်ဦး တစ်ယောက် ရေးခဲ့တယ်ဆိုတဲ့အကြောင်းဟာလည်း အများကြီး ယုတ္တိရှိပါပေ့

mgyoe.com

mgyoe.com

တယ်။ သို့သော် ဒီအခန်းကို ကျုပ်ကိုယ်တိုင် ဘာမှမကြည့်ရ မရှုရသေးတဲ့အတွက် ကြည့်ပါရစေဦးဗျာ။ တစ်ဆိတ် ခွင့်ပြုကြပါဦး"

ထိုကဲ့သို့ ပြောပြောဆိုဆိုနှင့် ဦးစံရှားသည် ပေကြိုးတစ်ချောင်းနှင့် မှန်ဘီလူးကလေး တစ်ခုကို အိတ်ထဲမှထုတ်ပြီးနောက် စေ့စပ်စွာကြည့်ရှုစပြုလာ၏။ ဦးစံရှားသည် အခန်းတစ်လျှောက်လုံး ထိုမှ ဤမှ လူးလာ တုံ့ပြန် လျှောက်သွားလျက် တစ်နေရာ၌ ဒူးထောက်လျက်လည်းကောင်း၊ တစ်နေရာ၌ ဝမ်းလျားမှောက်လျက်လည်းကောင်း၊ ပါးစပ်မှလည်း တီးတိုးတွတ်တွတ် ရေရွတ်ချည်တစ်ခါ၊ ဖြည်းညင်းစွာ လေချွန်ချည် တစ်လှည့်ဖြင့် အဖန်တလဲလဲ ကုန်းလိုက်၊ ကွလိုက်၊ မှောက်လိုက်၊ လှန်လိုက် လုပ်နေလေ၏။

ထိုသူ၏အမူအရာကို မြင်ရသောအခါ ကျွန်တော်မှာ ငယ်စဉ် ရွှေဘိုနယ်တွင် ယုန်လိုက်ခဲ့ဖူးစဉ်က ယုန်နံ့ခံသော ခွေးသမင်များ၏ အမူအရာကို သတိရမိသေး၏။ ယင်းကဲ့သို့ အနည်းနည်းအဖုံဖုံ စုံစမ်းကြည့်ရှု၍ ရုံဖန်ရံခါ ကြမ်းပြင်ကို ပေကြိုးနှင့် တိုင်းထွားခြင်း၊ နံရံကို ထိုနည်းအတူ တိုင်းထွာခြင်း၊ တစ်နေရာ၌ တွေ့သော မြူမှုန်ကလေးများကို ခြစ်ယူ၍ စာအိတ်တစ်လုံးတွင် ထည့်ထားခြင်း၊ နံရံမှ စာလုံးများကို မှန်ဘီလူးနှင့် တစ်လုံးစီ သေချာစွာ ကြည့်ရှုခြင်း စသည်ဖြင့် မိနစ် ၂၀ ခန့်ကြာအောင် အလုပ်လုပ်လျက်ရှိ၏။ ထိုအတောအတွင်း၌ ဦးစံရှားသည် မိမိ၏အလုပ်တွင် စိတ်ပါဝင်စားခြင်း အားကြီးလှသောကြောင့် ကျွန်တော်တို့သုံးယောက် ရှိနေခြင်းကို အလျဉ်းပင် သတိရတော့ဟန်မရှိချေ။ နောက်ဆုံး၌ ဦးစံရှားသည် ကျေနပ်ဟန်ရှိသော မျက်နှာထားဖြင့် ကုန်းရာမှထ၍ ပေကြိုးနှင့် မှန်ဘီလူးတို့ကို အင်္ကျီအိတ်ငွင်းသို့ ထည့်ထားလိုက်လေ၏။

**ရှား**။ ။ " 'သည်းညည်းခံ နိဗ္ဗာန်ရ' ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကျုပ်တို့စုံထောက်အလုပ်ဟာလည်း သည်းညည်းခံရ စိတ်ရှည်ရလွန်းလို့ ဒီဘက်က ပါရမီဖြည့်တာရောက်မလား မဆိုနိုင်ဘူး"

ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာ ဦးစံရှား၏ စုံစမ်းပုံများကို စိတ်ထဲက လှောင်ချင်ပြောင်ချင်ဟန်ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် မကြာခဏ လှမ်း၍ကြည့်ကြ၏။ ကျွန်တော်မှာမူ ထိုသူပြုသမျှသော အခြင်းအရာတို့မှာ အချည်းနှီး အလဟဿမဟုတ်ဘဲ ရည်ရွယ်ချက် တစ်စုံတစ်ခုရှိရမည်ဟု တွေးမိ၏။ မည်သို့သော ရည်ရွယ်ချက်မျိုးဖြစ်သည်ကိုမူ မရိပ်မိနိုင်ပေ။

**တင်**။ ။ "ဆရာသဘော ဘယ်လိုရသလဲ ဆရာ"

**ဖေ**။ ။ "ဟုတ်ပ့ါ ဆရာ၊ လင်းစမ်းဦးမှပေါ့ ဆရာကလည်း"

**ရှား**။ ။ "ခင်ဗျားတို့ဟာနဲ့ ခင်ဗျားတို့ နေရာကျနေပါရက်နဲ့ ကျုပ်

mgyoe.com

mgyoe.com

ဝင်ပြီးရှုပ်လို့ အပိုလိုဖြစ်နေမှာပေါ့ဗျာ။ ခင်ဗျားတို့ စုံစမ်းလို့ ဘယ်အခြေအနေ ရောက်နေပြီဆိုတာ ကျုပ်ကိုလာပြောပြရင် ကူညီသင့်တဲ့နေရာက ကျုပ် ကူညီ ပေးမယ်ပေါ့။ ဒီအတောအတွင်းမှာ အလောင်းကိုတွေ့တဲ့ပုလိပ်နဲ့ ကျုပ် တွေ့စမ်း ချင်ပါတယ်။ ဘယ်ဌာနကတဲ့လဲဗျို့"

**ဖေ**။ ။ (မှတ်စုစာအုပ်ကို ကြည့်၍) "ဗဟန်းဌာနက ဘတန်းဆင်တဲ့ ဆရာ"

ဦးစံရှားသည် မှတ်စုစာအုပ်တွင် ရေးမှတ်လေ၏။ ထို့နောက်–

**ရှား**။ ။ "ကိုင်း လာဗျာ ကိုသိန်းမောင်၊ ဘတန်းဆင်ကို သွားကြည့်စမ်း ကြရအောင်။ သြော် ဒါထက် ခင်ဗျားတို့နှစ်ယောက်ကို အထောက်အပံ့ရစေ မယ့် အချက်ကလေး တစ်ချက်နှစ်ချက်တော့ ပြောပြခဲ့မယ်။ ဒီအမှုဟာ လူသတ် မှု အမှန်ပဲဗျ။ သတ်တဲ့လူဟာ ယောက်ျားပဲ။ သူ့အရပ်ဟာ ၆ ပေထက် မနိမ့် ဘူး။ အရွယ်က သန်တုန်းမြန်တုန်း။ သူ့ခြေထောက်မှာ ဟိုညက ကုလားဖိနပ် ကြီး စီးထားတယ်။ သူ့အရပ်နဲ့စာရင် ခြေထောက်သေးတယ်။ သောက်တော့ ဘီဒီဆေးလိပ်သောက်တယ်။ ဒီအိမ်ကို သူတို့ မြင်းရထားနဲ့လာတယ်။ မြင်းမှာ သံခွာသုံးဖက်က အဟောင်း။ လက်ယာဘက်လက်က သံခွာက အသစ်ဖြစ်ရမယ်။ သတ်တဲ့လူရဲ့မျက်နှာက ခပ်နီနီရှိတတ်တဲ့အပြင် သူ့လက်သည်းများလည်း မဖြတ် တာကြာလို့ တော်တော်ရှည်နေတဲ့ လက္ခဏာရှိတယ်။ ကိုင်း–ဒီလောက်ဆိုရင် ခင်ဗျားတို့ တော်တော်တန်တန် ခြေရာခံနိုင်လောက်ပြီကောဗျ"

ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာ ထိုစကားကို ကြားရသောအခါတွင် မယုံကြည်နိုင်သော မျက်နှာထားနှင့် တစ်ယောက်ကို တစ်ယောက် လှမ်း၍ ကြည့်နေကြလေ၏။

**ဖေ**။ ။ "သတ်တယ်ဆိုရင် ဘယ်ပုံဘယ်နည်းနဲ့ သတ်သလဲဆရာ"

**ရှား**။ ။ "အဆိပ်ပေါ့ဗျာ"ဟု ခပ်တိုတိုပြော၍ ထွက်သွားပြီးမှ တစ်ဖန် လှည့်၍ "သြော်...ဒါထက် ကိုအုန်းဖေ၊ နံရံမှာရေးထားတဲ့ စာသုံးလုံးဟာ လူ နာမည် အတိုကောက် မဟုတ်ဘူးဗျ။ ဗန်ဒက်တား (Vendetta)ဆိုတဲ့ အီတာလျံ က လာတဲ့ အင်္ဂလိပ်စကားဗျာ။ အဓိပ္ပာယ်က 'လက်စားချေခြင်း' တဲ့။ လူနာမည် လျှောက်တွေးနေလို့ အလကား အချိန်ကုန်နေမယ်"ဟု ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်မှ ဆင်းသွား၍ ကျွန်တော်က နောက်မှလိုက်သွားလေရာ စုံထောက် နှစ်ယောက်တို့မှ ပါးစပ်ဟကာ ငေးမော ကျန်နေရစ်ကြလေ၏။

---

mgyoe.com

mgyoe.com

# ၂

## ဘတန်းဆင်နှင့် တွေ့ဆုံပုံ

ကျွန်တော်တို့သည် 'ကိုးဇိုးဗိလာ' အိမ်မှ ဆင်းလာကြသောအခါ နာရီပြန်တစ်ချက် ထိုးပြီးခဲ့လေပြီ။ ဘောင်ဒရီလမ်းတစ်လျှောက် အရှေ့ဘက်သို့ လျှောက်လာကြစဉ် လမ်းခရီးတွင်–

**ရှား။** ။ "ကျုပ်စိတ်ထဲမှာတော့ ဒီအမှုနဲ့ပတ်သက်လို့ သေချာသလောက် သေချာနေပါပြီဗျာ။ သို့သော် တတ်နိုင်သမျှ စုံလင်အောင် ထောက်လှမ်းခြင်းဟာ တော့ လွန်တယ်လို့ မရှိနိုင်ဘူးပေါ့ဗျာ"

**ကျွန်တော်။** ။ "နေပါဦး ဦးစံရှားရယ်၊ ခင်ဗျား ခုနက ပြောခဲ့တာတွေဟာ တကယ် အတည်ပြောနေတာတွေလားဗျ"

**ရှား။** ။ "ဟာ အတည်ပြောတာပေါ့ဗျ။ လူသတ်မှုပါဆိုမှ ဘယ်မှာ သရော်ပျက်ချော် ပြောလို့ ဖြစ်နိုင်ပါ့မလဲဗျာ"

**ကျွန်တော်။** ။ "တစ်ဆိတ်လောက် နားလည်အောင် ရှင်းလင်းစမ်းပါဦးဗျာ"

**ရှား။** ။ "ဝင်းထဲ ဝင်သွားသွားချင်း ဘာသတိပြုမိသလဲဆိုတော့ ရထား ဘီးကြောင်း နှစ်ခုကို ကျုပ် မြင်မိတယ်။ မိုးမရွာတာ လေးငါးခြောက်ရက်ရှိပြီ။ မနေ့ညကမှ ရွာတယ်။ ဟုတ်စ။ ဒီတော့ကာ ဒီဘီးကြောင်းရာတွေဟာ မနေ့ညက မိုးရွာပြီးနောက်မှ ဖြစ်ပေါ်လာကြောင်း ထင်ရှားတယ်။ ဟုတ်စ။ မြင်းခွာရာ လေးဖက်အနက် သုံးဖက်က ခပ်မှိန်မှိန်။ တစ်ဖက်ဟာက သိပ်ပြီး ထင်းနေ တယ်။ ဒါကြောင့် သံခွာတစ်ဖက် အသစ်လို့ ကျုပ်ဆိုတယ်။ ကိုအုန်းဖေနဲ့ ကိုသန်းတင်တို့လည်း မြင်းရထားနဲ့ မလာကြဘူးလို့ဆိုတာ သိရလေတော့ ဒီဘီးရာတွေဟာ မနေ့ညက ဟိုလူနှစ်ယောက် စီးလာတဲ့ ရထားဘီးရာတွေဖြစ် ကြောင်း ထင်ရှားတယ်။ ဟုတ်စ"

**ကျွန်တော်။** ။ "ဒါကတော့ ရှင်းပါပြီဗျာ။ နို့ ဒါထက် ဟိုလူ့ရဲ့ အရပ် အမောင်းကို ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိနိုင်သလဲ"

**ရှား။** ။ "လူတစ်ယောက်ရဲ့ ခြေလှမ်းကို ကြည့်ပြီး သူ့အရပ်ကို တွက်ယူ ရင် ၁၀ ယောက်မှာ ၉ ယောက် မှန်ရမယ်ဗျ။ အရပ် မြင့်ရင် ခြေလှမ်းကျယ် တယ်။ နိမ့်ရင် ခြေလှမ်းစိပ်တယ်။ ဟုတ်ကဲ့မဟုတ်လား။ ဒီလူရဲ့ခြေရာတွေကို အိမ်ပြင်က ရွှံ့ထဲမှာလည်း ကျုပ် တွေ့ရတယ်။ အခန်းထဲက မြူမှုန်တွေထဲမှာ လည်း ကျုပ် တွေ့နိုင်တယ်။ ဒီ့ပြင်လည်း တွက်နည်းတစ်နည်း ရှိသေးတယ်။

mgyoe.com

ဒီလိုဗျ။ ဘယ်သူမဆို နံရံမှာ စာရေးမယ်လို့ဆိုရင် ကိုယ့်မျက်လုံးနဲ့ တည့်တည့် လောက်မှာ ရေးတတ်မြဲ ထုံးစံရှိတယ်။ နံရံမှာတွေ့တဲ့စာလုံးတွေဟာ ကျုပ် မျက်လုံးထက် နှစ်လက်မလောက် မြင့်တယ်။ ကျုပ်အရပ်ဟာ ၅ ပေ ၁၀ လက်မ ရှိတယ်။ ဒါကြောင့် သူ့အရပ်ကို ၆ ပေလို့ ကျုပ် မှန်းတယ်။ ဘယ့်နှယ်လဲ"

**ကျွန်တော်**။ ။ "သန်တုန်းမြန်တုန်းအရွယ် ဆိုတာကကောဗျာ"

**ရှား**။ ။ "လေးပေခွဲရှိတဲ့ ရွံ့ကွက်ကို ခွန်အားမစိုက်ဘဲ အသာကလေး လှမ်းကျော်နိုင်တဲ့လူဟာ သန်တုန်းမြန်တုန်းအရွယ်လို့ ဆိုရမှာပေါ့ဗျာ။ ဝင်းထဲက ခြေရာတွေ ကျုပ်ကြည့်တော့ ရွံ့ကွက်ဆီအရောက်မှာ ကုလားဖိနပ်ရှင်က လှမ်းကျော်သွားတယ်။ သားရေပြောင်ဖိနပ်ရှင်က ကွင်းပြီး လျှောက်သွားတာ ကျုပ် တွေ့တယ်"

**ကျွန်တော်**။ ။ "လက်သည်းရှည် ထားတာကကောဗျာ"

**ရှား**။ ။ "နံရံက စာလုံးတွေဟာ သွေးကို လက်ချောင်းနဲ့တို့ပြီး ရေးထားတဲ့ စာလုံးတွေဗျ။ မှန်ဘီလူးနဲ့ ကျုပ်က သေသေချာချာကြည့်တော့ စာလုံးတွေမှာ လက်သည်းရာကလေးတွေ ကျုပ် တွေ့ရတယ်။ လက်သည်း တော်တော် ရှည်နေတဲ့လက်မို့လို့ ဒီလိုလက်သည်းရာ ထင်နေတာပေါ့ဗျ"

**ကျွန်တော်**။ ။ "ဘီဒီဆေးလိပ် သောက်တာကကောဗျာ"

**ရှား**။ ။ "ကြမ်းပေါ်မှာတွေ့တဲ့ ဆေးလိပ်ပြာကို စာအိတ်နဲ့ ကျုပ် ထည့်ယူခဲ့တာ မြင်တယ်မဟုတ်လား။ အဲဒါ ဟိုလူသောက်တဲ့ ဆေးလိပ်ပြာပဲ။ ကျုပ်က ဆေးလိပ်ပြာကိုကြည့်လိုက်ရင် ဆေးပြင်းလိပ်လား၊ ဆေးပေါ့လိပ်လား စီးကရက်လား၊ ဆေးတံလား၊ ခွဲခြားသိနိုင်တဲ့အပြင် စီးကရက်မျိုးထဲကတောင် ပိုလိုလား၊ ကတ်ကြေးလား၊ နေဗီကပ်လား၊ အပေါစားလား၊ အကောင်းစားလား ခွဲခြားပြီး ကျုပ် ပြောနိုင်တယ်ဗျ။ ဆေးလိပ်ပြာအကြောင်းနဲ့ ပတ်သက်တဲ့ စာ တစ်အုပ်တောင် ရေးဦးမယ်လို့ ကျုပ် ကြံစည်နေတုန်းပဲ"

**ကျွန်တော်**။ ။ "မျက်နှာ ခပ်နီနီဆိုတာကကောဗျာ"

**ရှား**။ ။ "ဟာ...အဲဒါတစ်ချက်တော့ အတွေးသဘောမျိုးနဲ့ ကျိတ်လိုက် တာပဲဗျို့။ သို့သော် အတွေးချော်လှမယ်လို့တော့ ကျုပ် မထင်ပါဘူး။ ခုအတော အတွင်းတော့ ဒီဟာတစ်ချက် ကျုပ်ကို မမေးနဲ့ဦးဗျာ"

ဦးစံရှား၏ ရှင်းလင်းချက်များကို ကြားရသောအခါ ကျွန်တော့်မှာ ကျေနပ် ပင် ကျေနပ်သော်လည်း သူ့ဉာဏ်ကို မီအောင် မလိုက်နိုင်သည့်အတွက်ကြောင့် ဦးခေါင်းကို မကြာခဏ ကုတ်မိလေ၏။ နောက်ဆုံး–

**ကျွန်တော်**။ ။ "ကျွန်တော်ဖြင့် ခေါင်းရှုပ်လှပါပြီဗျာ၊ စဉ်းစားလေလေ

mgyoe.com

mgyoe.com

နက်နဲလေလေ ဖြစ်နေတော့တာပဲ။ ဒီလူနှစ်ယောက်က လူမနေတဲ့ အိမ်လွတ်ကြီးထဲကို ဘယ်နည်းဘယ်ပုံ ရောက်နေတယ်။ သူတို့စီးလာတဲ့ မြင်းရထားသမားက ဘယ်ရောက်သွားတယ်၊ လူတစ်ယောက် တစ်ယောက်ချင်း အဆိပ်ကို ဘယ်နည်းနဲ့ အတင်းတိုက်နိုင်တယ်၊ သွေးတွေက ဘယ်နည်းနဲ့ထွက်တယ်၊ ပစ္စည်းရလိုမှုလည်း မဟုတ်ဘဲနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ သတ်တယ်၊ မိန်းမလက်စွပ်က ဘယ်နည်းနဲ့ ရောက်နေတယ်ဆိုတာတွေကို ကျွန်တော်ဖြင့် တွေးလည်း မတွေးတတ်ဘူး။ တစ်ခုနဲ့တစ်ခု ဆက်စပ်လို့လည်း မရပါဘူးဗျာ"

ရှား။ ။ (ကျွန်တော်၏ ရှုပ်ထွေးခြင်းကို ကျေနပ်ဟန်နှင့် ပြုံးလျက်) "ဒီအမှုနဲ့ပတ်သက်တဲ့ အခက်အခဲတွေကို အကျဉ်းချုံးပြီး ခင်ဗျား ပြောလိုက်ပုံ နေရာကျပေ့ဗျာ။ အင်း...မရှင်းလင်းသေးတဲ့ အချက်တွေလောက်တော့ ကျုပ်စိတ်ထဲမှာ ဆုံးဖြတ်တန်သလောက် ဆုံးဖြတ်ပြီးပါပြီ။ အင်း...သို့သော် ခုအခြေမှာ ဒီထက်ပိုပြီး ခင်ဗျားကို ရှင်းပြဖို့ မတော်သေးဘူးမှတ်တယ်။ ဘာကြောင့်လဲဆိုတော့ မျက်လှည့်ဆရာက သူ့နည်းကို ရှင်းပြလိုက်ပြီဆိုမှဖြင့် 'ရှော်'သွားတတ်တာမျိုးကိုးဗျ။ ကျုပ် စဉ်းစားဆင်ခြင်ပုံတွေကို ခင်ဗျား အကုန်ရှင်းပြောမှဖြင့်လည်း ခင်ဗျားက ကျုပ်ကို 'သူလိုငါလိုထဲကပဲကိုး' လို့ ထင်သွားမှာ စိုးရိမ်ရသေးတယ်"

ကျွန်တော်။ ။ "စိတ်ချပါဗျာ၊ ဘယ်တော့မှ ကျွန်တော် ဒီလို မထင်ဝံ့ပါဘူး။ စုံထောက်တဲ့အတတ်ကို အကျိုးအကြောင်း ဆင်ခြင်တဲ့ပညာနဲ့ တွဲပြီး တကယ့်ပညာကြီးတစ်ခုဖြစ်အောင် လေ့လာထားတဲ့လူရယ်လို့ ကျွန်တော်ဖြင့် ကြားလည်း မကြားဖူးဘူး။ တွေ့လည်း မတွေ့သေးပါဘူးဗျာ"

ဦးစံရှားသည် ကျွန်တော်၏ လှိုက်လှိုက်လှဲလှဲ အားပါးတရ ချီးကျူးပြောဆိုချက်များကို ကြားရသောအခါ အလွန်တရာ ကြည်ရွှင်နှစ်သိမ့်ဟန် လက္ခဏာရှိ၏။ ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမတစ်ယောက်သည် သူ၏ ချောမောလှပကြောင်းကို ချီးမွမ်းခြင်းခံရသောအခါ ကြည်ရွှင်ချမ်းမြေ့ခြင်း ဖြစ်သည့်နည်းတူ ဦးစံရှားမှာလည်း သူ၏ပညာနှင့် ပတ်သက်၍ ချီးမြှောက်ပြောဆိုသံ ကြားရတိုင်း နှစ်သိမ့်ရွှင်လန်းခြင်း ဖြစ်တတ်ကြောင်းကို ကျွန်တော် သတိပြုမိ၏။

ရှား။ ။ "သို့သော် ဒီပြင်တစ်ချက်တော့ ကျုပ် ပြောပြဦးမယ်။ သားရေပြောင် ဖိနပ်သမားနဲ့ ကုလားဖိနပ်သမားဟာ မြင်းရထားပေါ်က ဆင်းလာစဉ် တစ်ယောက်နဲ့တစ်ယောက် အင်မတန် သင့်မြတ်ကျေနပ်နေကြတဲ့ လက္ခဏာရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် လက်များတောင် တွဲပြီး လျှောက်လာကြသလား မဆိုနိုင်ဘူး။ အခန်းထဲရောက်တော့ သားရေပြောင်ဖိနပ်သမားက မတ်တတ်ကြီး ရပ်နေပြီး ကုလားဖိနပ်သမားက ထိုမှ ဤမှ စကြံလျှောက်နေတဲ့

mgyoe.com

mgyoe.com

လက္ခဏာရှိတယ်။ လျှောက်ရင်း လျှောက်ရင်းမှာ ကုလားဖိနပ်သမားက တစ်ဆိတ်ထက် တစ်ဆိတ် တဖြည်းဖြည်း ဒေါပွလာတဲ့ လက္ခဏာရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ခြေလှမ်းတွေဟာ တစ်လှမ်းချင်း ကျယ်သည်ထက် ကျယ်လာတာကို ကြမ်းပေါ်က မြူမှုန်တွေထဲမှာ အထင်အရှားကြီး ကျုပ် တွေ့ရတာ ကိုးဗျ။ စကြံလျှောက်ရင်း စကားပြောနေပြီး ပြောရင်း ပြောရင်းပဲ ဒေါသထွက်သည်ထက် ထွက်လာဟန်ရှိပါရဲ့။ အဲဒီနောက်မှ လူသတ်မှု ဖြစ်ဟန်တူတယ်။ ကိုင်း ကျုပ် သိသမျှတော့ အကုန်ပြောပြီးပြီဗျာ။ ဒို့ပြင်တော့ တပ်အပ်သေချာရယ်လို့ မပြောနိုင်ဘူး။ အမှန်းအဆလောက်ပဲ ရှိတော့တယ်။ သို့သော်လည်း ဒီလောက် သိရရင် ခြေရာကောက်ဖို့ တော်တော်လွယ်သွားပြီကောဗျာ။ ကိုင်း စကားတပြောပြောနဲ့ စာတိုက်ရောက်လာကြပြီ။ ခဏနေဦးဗျာ ကိုသိန်းမောင်”

ဦးစံရှားသည် ချာချီလမ်း စာတိုက်ထဲသို့ ဝင်သွား၍ ကြေးနန်းရှည်ကြီးတစ်စောင် ရိုက်ခဲ့လေ၏။ ထို့နောက် မြင်းရထားတစ်စီး အဆင်သင့်တွေ့သည်နှင့် ကျွန်တော်တို့သည် ဗဟန်းဌာနသို့ မြင်းရထားဖြင့် သွားကြလေ၏။

ဌာနသို့ရောက်သောအခါ ဘတန်းဆင်သည် အိပ်ချင်မူးတူးနှင့် အိပ်ရာမှထလာ၍ မပြောချင့်ပြောချင် အမူအရာနှင့် ငိုက်မျဉ်းလျက်ရှိရာ ဦးစံရှားက ငါးကျပ်တန်စက္ကူတစ်ချပ်ကို အိတ်ထဲမှထုတ်၍ ဖြန့်ချည်ခေါက်ချည် လုပ်နေသည်တွင်မှ မျက်လုံးကျယ်လာဟန်ရှိ၏။ ကျွန်တော်တို့ စကားပြောလျက်ရှိသောနေရာမှာ ဌာနအတွင်းမဟုတ်။ ဝင်းထောင့်ရှိ သရက်ပင်ကြီးအောက်တွင် ဖြစ်လေသည်။

**ရှား**။ ။ (ဟိန္ဒူစတန်နီဘာသာဖြင့်) “ညက အဖြစ်အပျက်ကို မင်းသိသလို ခပ်တိုတို ပြောစမ်း”

**ဆင်**။ ။ (ငါးကျပ်တန်စက္ကူကို လှမ်းကြည့်လျက်) “အစက ပြောရမလား ဆပ်”

**ရှား**။ ။ “အစက စပြောစမ်း”

**ဆပ်**။ ။ “ညက ကျွန်တော်နဲ့ နာတားဆင်နဲ့ နှစ်ယောက်တွဲပြီး ဘောင်ဒရီလမ်းဘက်မှာ ပတ္တရောင်လှည့်ရတယ်။ ဒီအိမ်မှာ ဘယ်သူမှမနေဘူး။ ကျွန်တော်တို့ သိတယ်။ ည ၂ နာရီအချိန်မှာ အိမ်ထဲက မီးမြင်တယ်။ ကျွန်တော်က နာတားဆင်ကို ပြတယ်။ နာတားဆင်က ကူလီကူမာလား၊ ‘ရှိုင်တန်’လား မသိဘူး။ ကြောက်တယ်။ ဘာကြောင့် ကြောက်သလဲဆိုရင် ဟိုအရင်က ဒီအိမ်မှာ အဘိုးကြီး ကြီးကြီးတစ်ယောက် နေတယ်။ နောက်မှ အားကြီး ဖျားပြီး မာလကား သွားတယ်။ မီးကိုမြင်တော့ ကျွန်တော်က ဝင်ကြည့်မယ် ပြောတယ်။

mgyoe.com

mgyoe.com

နာတားဆင်က မလိုက်ချင်ဘူးပြောတယ်။ နောက်မှ နာတားဆင်က ဝင်းတံခါး နားမှာ ရပ်နေတယ်။ ကျွန်တော် တစ်ယောက်တည်း ဝင်သွားတယ်"

ရှား။ ။ "အိမ်ပေါ်ရောက်တော့ မင်း ပြန်ထွက်လာတယ်"

ဆင်။ ။ (ဦးစံရှား၏မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လျက်) "ဟရေး... ဆပ် ဘယ့်နှယ် သိသလဲ"

ရှား။ ။ (ပြုံးလျက်) "ပြောသာ ပြောပါ"

ဆင်။ ။ "ဝင်းတံခါးက ဝင်လာတုန်းက ကျွန်တော် ဒီလောက် မကြောက် ဘူး။ အိမ်ပေါက်ရောက်မှ ကျောထဲက အေးတယ်။ ဒါကြောင့် ကျွန်တော်က နာတားဆင်ကို ခေါ်ဖို့ ပြန်လာတယ်။

ရှား။ ။ "သူက မလိုက်ဘူးပြောလို့ မင်းတစ်ယောက်တည်း နောက် တစ်ခါ ဝင်သွားတယ်။ ဟုတ်စ"

ဆင်။ ။ "ဟုတ်ပါတယ် ဆပ်။ အိမ်ပေါက်က အသာကလေး ကျွန်တော် ဝင်သွားပြီး ကြည့်လိုက်တော့ အောင်မယ်လေး"

ရှား။ ။ "အေးလေ၊ အလောင်းကြီးကို မင်း တွေ့တယ်ဆိုပါတော့။ ဒါထက် အလောင်းနားမှာ ဒူးထောက်ပြီး မင်း ဘာလုပ်တာလဲ"

ဆင်။ ။ "ဆပ် ဘယ်ကနေပြီး ကြည့်နေသလဲ"ဟု ပြောလျက် မသင်္ကာ သော မျက်နှာထားဖြင့် ဦးစံရှားအား ကြည့်နေလေ၏။

ရှား။ ။ (ရယ်မောလျက်) "ကိစ္စမရှိပါဘူး ဘတန်းဆင်၊ ငါ လူဆိုး မဟုတ်ပါဘူး။ ငါလည်း စုံထောက်ပါပဲ။ မင်းတို့ဌာနာအုပ်လည်း သိပါတယ်။ ကိုင်း...ကိုင်း၊ ပြောပါဦး"

ဆင်။ ။ (မယုံ့တယုံ မျက်နှာထားမျိုးဖြင့်) "ကျွန်တော်က နာတားဆင်ဆီ ကို သွားပြောပြီး နှစ်ယောက်စလုံး ဝိစိမှုတ်ကြတယ်"

ရှား။ ။ "ဒီတုန်းက လမ်းပေါ်မှာ ဘယ်သူမှ မရှိဘူးလား"

ဆင်။ ။ "လူကောင်းသူကောင်း တစ်ယောက်မှ မရှိဘူး ဆပ်"

ရှား။ ။ "ဟေ၊ လူကောင်းမရှိရင် လူဆိုးများကော ရှိသလား"

ဆင်။ ။ "လူတစ်ယောက် အားကြီး အရက်မူးနေတယ် ဆပ်။ ဟိုမှာ ယိုင်သွားတယ်၊ ဒီမှာ ယိုင်သွားတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး ဆပ်"

ရှား။ ။ (စိတ်အားထက်သန်သော မျက်နှာထားဖြင့်) "ဟေ ဘယ်လိုလူ မျိုးလဲဟ။ ပြောစမ်း"

ဆင်။ ။ "အရပ်မြင့်မြင့်၊ မျက်နှာနီနီ၊ ကုလားလူမျိုး ဆပ်"

mgyoe.com

mgyoe.com


ရှား။ ။ "အဲဒီလူ ဘယ်ရောက်သွားသလဲ ပြောစမ်း"

ဆင်။ ။ "မြောင်းထဲ ထိုးလဲမယ်လုပ်လို့ ကျွန်တော်နဲ့ နာတာဆင်းနဲ့ တွဲပြီး နည်းနည်း လိုက်ပို့လိုက်ရတယ် ဆပ်"

ရှား။ ။ "သူ့လက်ထဲမှာ ကြာပွတ်တစ်ချောင်း မပါဘူးလား"

ဆင်။ ။ "ဘာမှမပါဘူး ဆပ်"

ရှား။ ။ "ဒီနောက် မြင်းရထားတစ်စီးမှ မလာဘူးလား"

ဆင်။ ။ "မလာဘူး ဆပ်"

ရှား။ ။ "ဪ...ဘတန်းဆင်၊ ဘတန်းဆင်၊ မင်းတော့ တစ်သက်လုံး ပုလိပ်က တက်မယ့်လူ မဟုတ်ပါဘူး။ အရစ် တစ်ရစ် တိုးဖို့ အခွင့်ကြုံလျက် သားနဲ့ ဖြစ်မှဖြစ်ရလေကွယ်။ ညက မင်းတို့ တွဲပို့လိုက်ရတဲ့လူဟာ ဒီအမှုမှာ အရေးအကြီးဆုံးလူပဲကွယ့်။ သူ့ကို တွေ့အောင် ငါတို့ အခု လိုက်ရှာနေတာပဲ။ သို့သော်လည်း မင်း လွဲပြီဟာ မတတ်နိုင်ဘူးပေါ့ကွယ်။ ကိုင်း ကိုင်း ရော့။ မင်းတော့ ဒါလောက်နဲ့ တန်တဲ့လူပဲ"ဟု ပြော၍ လက်ထဲက ငါးကျပ်တန်စက္ကူကို ပေးလိုက်လေ၏။ ထို့နောက် ကျွန်တော်တို့သည် မြင်းရထားပေါ်သို့ တက်သွားကြလေရာ ဘတန်းဆင်မှာ ငွေစက္ကူကလေးကို ကိုင်လျက် ငေးမောလျက် ကျန်ရစ်လေ၏။ မြင်းရထားပေါ်သို့ ရောက်ကြသောအခါ–

ရှား။ ။ "တယ်မိုက်တဲ့ အကောင်ဗျာ၊ မုတ်ဆိတ်လာပြီး ပျားစွဲရက်သားနဲ့ စားရကံ မကြုံတဲ့အကောင် တစ်ယောက်ပဲကိုး"

ကျွန်တော်။ ။ "ကျွန်တော် ကောင်းကောင်းမရှင်းသေးပါဘူးဗျာ။ လူပုံလူပန်းကတော့ ခင်ဗျားပြောတာနဲ့ ကိုက်တော့ ကိုက်ပါရဲ့။ နို့ပေမဲ့ ဘာကြောင့် ဒီလူက ဒီအိမ်ကို တစ်ခေါက်ပြန်လာရတာတဲ့လဲဗျာ။ ပြစ်ချက်ရှိတဲ့လူမျိုးဟာ ဒီလို လုပ်ရိုးထုံးစံမရှိပါဘူး"

ရှား။ ။ "လက်စွပ် ကိုသိန်းမောင်ရဲ့၊ လက်စွပ်ကြောင့်ဗျ။ ဒါ လိုချင်လို့ သူပြန်လာတာပဗျာ။ ဒီလူကို ဒို့ပြင်နည်းနဲ့ မိအောင် မဖမ်းနိုင်ရင် ဒီလက်စွပ်နဲ့ ထောင်ဖမ်းရမှာပဲ။ တစ်နေ့တော့ မိရမှာပဗျာ။ နှစ်ရာနဲ့ တစ်ရာ လောင်းဝံ့ပါသေးရဲ့၊ ဒါထက် ခင်ဗျားကို ကျုပ် ကျေးဇူးတင်ရပေမယ်ဗျာ။ ခင်ဗျားကြောင့်သာ ကျုပ်ကိုယ်တိုင် လိုက်မိပေတယ်။ နို့မို့များဖြင့် တော်တော်ဆန်းတယ်၊ ကောင်းတယ်လို့ ခေါ်လောက်တဲ့ အမှုတစ်ခု ကျုပ် လက်လွတ်သွားကောင်းသွားမလား မဆိုနိုင်ဘူး။ ဪ...ဒါထက် ဒီကနေ့ည ဂျူဗလီဟောမှာ ဒေဝဏ္ဏနှာ မောင်မောင်ကြီးနဲ့ အဆိုတော်တစ်စုတို့ တေးကြီးဘွဲ့ကြီးတွေ အသုံးတော်ခံမယ် ဆိုပါကလား။ 'ဘုံပျံနေနန်း' ပတ်ပျိုးဟာ အလယ်နားက အတောကလေးတစ်ခု

mgyoe.com

ကျုပ် မေ့နေတယ်။ ငွေကျပ်တစ်ဆယ်လောက် ဆုချပြီး ဒီပတ်ပျိုးကို ဒေဝဣန္ဒာကို အတီး ခိုင်းရဦးမယ်ဗျို့။ ခင်ဗျား လိုက်ဦးမလား ကိုသိန်းမောင်”

**ကျွန်တော်**။ ။ “သွားပါတော့ဗျာ”

ထို့နောက် ဦးစံရှားသည် အမှုထဲ၌ အလျဉ်းပင် စိတ်အာရုံစိုက်ဟန်မရှိတော့ဘဲ သူ၏အချစ်တော်ဖြစ်သော ပတ်ပျိုးများကို တီးတိုးညည်းညူသီဆိုရင်း လိုက် ပါလာလေရာ ကျွန်တော်မှာမူ လူသတ်မှုကို အာရုံမပျောက်နိုင်ဘဲ စိတ်ထဲ၌ တစ်တွေးတည်း တွေးကာ လိုက်လာလေ၏။

---

# ၃

## ကျော်ကြားအရဲ ရောက်လာသူ

ထိုညဉ့်၌ ဦးစံရှားသည် ဝါသနာအိုးဖြစ်သည့်အလျောက် ဂျူဗလီဟောရုံကြီးသို့ တေးကြီးဘွဲ့ကြီးများ နားထောင်ရန် ထွက်သွားလေရာ ကျွန်တော်မှာ သူရိယ မဂ္ဂဇင်းအတွက် ဝန်ခံထားသော ဝတ္ထုကလေးတစ်ပုဒ်ကို စီကုံး ရေးသားနေရစ်လေ၏။ သို့ပါသော်လည်း ကျွန်တော့်မှာ ဝတ္ထုဇာတ်ကြောင်းကို စိတ်အာရုံစူးစိုက်ရန် မဖြစ်နိုင်ဘဲ ‘ကိုးဒီးဗိလာ’ အိမ် ဧည့်ခန်းထဲတွင် ပက်လက်ကြီးလန်လျက် ရှိသော အလောင်းကြီးကိုသာလျှင် မျက်စိထဲတွင် တစ်ပေါ်တည်း ပေါ်လျက်ရှိရကား နောက်ဆုံး၌ လက်မှ ကလောင်တံကို ချထားလိုက်ပြီးလျှင် ကုလားထိုင်ပေါ်တွင် အားရပါးရ စိတ်ကူးနေလေ၏။

ထိုအလောင်းသည် နဂိုအားဖြင့် အရုပ်ဆိုးရုံမျှမက ရက်စက်ကြမ်းကြုတ်ခြင်း၊ ယုတ်မာညစ်ညမ်းခြင်း၊ ဆိုးဝါးရမ်းကားခြင်း စသော အခြင်းအရာတို့မှာ ယင်း၏မျက်နှာတွင် ထင်ရှားစွာ တွေ့မြင်နိုင်ရကား ကျွန်တော့်မှာ ထိုသူ၏အဖြစ်ကို သနားကရုဏာ မဖြစ်မိသည့်ပြင် ထိုသူမျိုးတစ်ယောက် မရှိသည့်အတွက် ကမ္ဘာလောက၌ ဝန်ပေါ့၍သွားသေးသည်ဟူ၍ပင် မထင်စကောင်း ထင်မှတ်မိ၏။ ဤသို့ဆိုရာ၌ ကျွန်တော်သည် သနားကရုဏာကင်းတတ်သော သဘောရှိသောကြောင့် မဟုတ်ချေ။ လူကိုမဆိုထားဘိ၊ တိရစ္ဆာန်တစ်ကောင် ဝေဒနာခံရခြင်းကိုပင် မကြည့်ရက်နိုင်သဖြင့် ကျွန်တော်တတ်နိုင်သလောက် ကယ်မစောင့်ရှောက်ခဲ့ဖူးပါ၏။ ထိုအလောင်းမှာ သူ မသေမီက ယင်းနှင့် ဆက်ဆံသမျှသော သတ္တဝါအပေါင်းတို့အား ကောင်းကျိုးချမ်းသာမပေးဘဲ နိုင်ရာနည်းနှင့် ညှဉ်းပန်း

mgyoe.com

mgyoe.com

နိုပ်စက်ခဲ့လိမ့်မည်ဟု ယင်း၏မျက်နှာက ထင်ရှားစွာ ပြလျက်ရှိသောကြောင့် ဖြစ်ပေသည်။

ကျွန်တော်သည် ယင်းအမှုနှင့်ပတ်သက်၍ ဦးစံရှား၏ တွေးဆချက်များကို ပြန်လှန်စဉ်းစားရာတွင် အဆိပ်ကြောင့် သေသည်ဟူသောစကားကို ကျေနပ်ဖို့ အလွန်ခဲယဉ်းလှ၏။ ဦးစံရှားသည် အလောင်း၏နှုတ်ခမ်းကို နမ်းရှုပ်ကြည့်ခြင်း အားဖြင့် 'အဆိပ်' ဟူ၍ကား စွပ်စွဲကြောင်း ရိပ်မိ၏။ သို့ရာတွင် လူတစ်ယောက် သည် အခြားလူတစ်ယောက်အား အဆိပ်ကို မည်သည့်နည်းနှင့် အတင်း တိုက် နိုင်ပါသနည်း။

အကယ်၍ အဆိပ်မဟုတ်ဘဲ အခြားနည်းနှင့် သတ်သည်ဆိုပြန်ပါလျှင် လည်း သေလောက်သော ဒဏ်ရာဒဏ်ချက် တစ်စုံတစ်ရာ မတွေ့ရှိရခြင်းမှာ အသို့နည်း။ ကြမ်းပေါ်တွင်တွေ့ရသော သွေးကွက်များမှာ မည်သူ၏သွေး ဖြစ် လေသနည်း။ သေသူက သတ်သူအား ဒဏ်ရာရအောင် ပြုသည်ဆိုပါလျှင် လက်နက် အဘယ်မှာနည်းဟူသော မေးခွန်းများကို ကျွန်တော့်ကိုယ် ကျွန်တော် အကြိမ်ကြိမ်ထုတ်ခဲ့ရာ ကျေနပ်လောက်သောအဖြေကိုမူကား တွေးတော၍မရချေ။

သို့ရာတွင် ဦးစံရှားမူကား ထိုမေးခွန်းများကို ကိုယ့်ကိုယ်ကို မေး၍ ကျေနပ်အောင် ဖြေနိုင်ပြီးဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိ၏။

ထိုည၌ ဦးစံရှားပြန်လာသောအခါ ကျွန်တော့်မှာ အမှုအကြောင်းနှင့် ပတ် သက်၍ ထပ်မံ ကြားသိလိုသေးသည်ဖြစ်သောကြောင့် နေမထိထိုင်မထိ ဖြစ်နေ လေ၏။ ဦးစံရှားသည် ကျွန်တော်၏ အမူအရာကို မြင်သဖြင့် ရိပ်မိဟန်နှင့်–

**ရှား**။ ။ "ခင်ဗျားကြည့်ရတာ ဖင် ဂနာမငြိမ်လိုက်တာဗျာ။ ဘာကြောင့် ဒီလောက်တောင် ရိုးတိုးရွတဖြစ်နေတာလဲ"

**ကျွန်တော်**။ ။ "ကျွန်တော်ဖြင့် ခင်ဗျားသွားကတည်းက စာတစ်မျက်နှာမှ ဖြောင့်ဖြောင့် မရေးနိုင်ဘူးဗျာ။ တော်တော်ကြာရင်း တွေးမိရင်း ဖြစ်နေတာပဲ။ ခက်များ ခက်ရချေရဲ့ဗျာ"

**ရှား**။ ။ "ဒါထက် ညနေပိုင်းထုတ်တဲ့ ရန်ကုန်တိုင်းသတင်းစာကို ခင်ဗျား မြင်ပြီးပြီ လားဗျို့"

**ကျွန်တော်**။ ။ "မမြင်ရသေးပေါင်ဗျာ"

**ရှား**။ ။ "ဘောင်ဒရီလမ်း လူသတ်မှုအကြောင်း စုံနေတာပဲဗျာ။ သို့သော် အလောင်းကို ရွှေ့ရာမှ လက်စွပ်တစ်ကွင်း တွေ့တယ်ဆိုတဲ့အကြောင်းတော့ ပါမလာဘူး။ မပါတာလည်း ခပ်ကောင်းကောင်းပဲဗျို့"

**ကျွန်တော်**။ ။ "မပါတာ ဘာကြောင့် ကောင်းတာလဲဗျာ"

mgyoe.com

mgyoe.com


**ရှား**။ ။ "ဟောဒီကြော်ငြာ ကြည့်စမ်း။ အမှုအကြောင်း ကြားကြားချင်း အင်္ဂလိပ်သတင်းစာတိုင်း ကျုပ် ကြော်ငြာတစ်ခုစီ ပို့လိုက်တယ်"

ဦးစံရှားသည် ရန်ကုန်တိုင်း သတင်းစာကို ကျွန်တော့်အား လှမ်းပေးသဖြင့် သူ လက်ညှိုးညွှန်ရာ ကော်လံကို ကြည့်လိုက်ရာတွင် အောက်ပါကြော်ငြာကို တွေ့မြင်ရလေ၏။

'ဘောင်ဒရီလမ်းပေါ်တွင် လက်ထပ်လက်စွပ်တစ်ကွင်း ကောက်ရကြောင်း၊ ဥစ္စာရှင်သည် လမ်း ၄၀၊ တိုက်နံပါတ် ၂၂၁၊ ဒုတိယထပ်နေ ကိုသိန်းမောင်ထံသို့ ညဦး ၉ နာရီနှင့် ၁၀ မိနစ်အတွင်း လာရောက်တောင်း ယူနိုင်ကြောင်း။'

**ရှား**။ ။ "ခင်ဗျားနာမည် ထည့်ကြော်ငြာခြင်းကို သည်းခံဗျာ ကိုသိန်းမောင်။ ကျုပ်နာမည်နဲ့ ကြော်ငြာလိုက်ရင် တချို့လူရှုပ်တွေက ရိပ်မိသွားမှာ စိုးရတယ်ဗျ"

**ကျွန်တော်**။ ။ "ကိစ္စမရှိပါဘူးလေ။ ခင်ဗျား အကျိုးရှိမယ်ဆိုရင် ကျွန်တော့်နာမည်တင် မကပါဘူး၊ အလိုရှိတာကို သုံးနိုင်ပါတယ်"

စင်စစ်မှာ ကျွန်တော်သည် ဦးစံရှားနှင့်အတူ နေထိုင်ရသည့် ရက်အနည်းငယ်အတွင်းတွင် ထိုသူ၏ စိတ်ချယုံကြည်လောက်သောအဖြစ်ကို ကောင်းစွာ ကျေနပ်ပြီးဖြစ်၏။ ထိုသူ၏ထူးခြားသော အခြင်းအရာတစ်ခုမှာ သူနှင့် ဆက်ဆံရသူဟူသမျှသည် သူ၏မျက်နှာကို မြင်ကာမျှနှင့်ပင် ဤသူကား မဟုတ်မတရားသောအမှုကို ဘယ်နည်းနှင့်မျှ ပြုမည့်သူမဟုတ်ဟူ၍ ယုံကြည်စိတ်ချကြရသည်သာလျှင် ဖြစ်လေသည်။

**ကျွန်တော်**။ ။ "နေပါဦးဗျာ၊ ဒါထက် တကယ်လို့များ တစ်ယောက်ယောက်က လာပြီး တောင်းခဲ့လို့ရှိရင် ကျွန်တော့်မှာ လက်စွပ်ပေးစရာမရှိလို့ အခက်မကျပေဘူးလား"

**ရှား**။ ။ "စိတ်ချပါ ကိုသိန်းမောင်၊ ဒီအတွက် ကျုပ် စီမံခဲ့ပါတယ်။ ရော့၊ ကြည့်စမ်း၊ ဒီဟာ ဘယ့်နှယ်နေပါ့မလဲ"

ဦးစံရှားသည် ကျွန်တော့်အား ရွှေလက်စွပ်တစ်ကွင်းကို ပေးအပ်လေရာ ယခင်ကမြင်ခဲ့ရသော လက်စွပ်နှင့် အလွန်တရာ အသွင်တူကြောင်း တွေ့ရလေ၏။

**ကျွန်တော်**။ ။ "ဒီဟာကို ဘယ်သူ လာပြီး ယူလိမ့်မယ်လို့ ခင်ဗျား ထင်သလဲ"

mgyoe.com

mgyoe.com

ရှား။ ။ "မျက်နှာနီနဲ့ ကုလားငနဲ လာမှာပေါ့ဗျ။ သူကိုယ်တိုင် မလာလို့ ရှိရင်လည်း သူ့ကိုယ်စားလှယ် လာရမယ်ဗျာ"

ကျွန်တော်။ ။ "လာမှ လာဝံ့ပါ့မလားဗျာ၊ ဘေးရန်မကင်းဘူးလို့ မထင် ပေဘူးလား"

ရှား။ ။ "ကျုပ်တွက်ကိန်း မှန်ခဲ့လို့ရှိရင် ဒီလူဟာ ဒီလက်စွပ်ကို ပြန်ရဖို့ အတွက် ဘာမဆို လုပ်ဝံ့လိမ့်မယ်လို့ ကျုပ်ထင်တယ်။ ကျုပ် ထင်ချက်ကတော့ ဒီလူဟာ ဝေသာကရဲ့အလောင်းကို ငုံ့ကြည့်တုန်း ဒီလက်စွပ်ကျနေရစ်ပြီး ပျောက် ဆုံးကြောင်း သိသိချင်း ကပျာကယာ ပြန်လာရာမှာ ဘတန်းဆင်တို့လူစုနဲ့ တွေ့နေလို့ အရက်မူးချင်ယောင် ဆောင်ရတယ်လို့ ကျုပ်ထင်တယ်။ သူ့နေရာမှာ ခင်ဗျား ဝင်ကြည့်စမ်းတော့လေ။ လူသတ်မှုဖြစ်ပြီးတဲ့နောက် သတင်းစာတွေက ဘယ်လိုများ ရေးကြသားကြသလဲလို့ ခင်ဗျားကော မသိချင်ပေဘူးလား။ သိချင် တဲ့အလျောက် ညနေ သတင်းစာကို ဝယ်ဖတ်မယ်။ ဖတ်ရင် ဒီကြော်ငြာကို မြင်မယ်။ ပြီးတော့လည်း ဒီလက်စွပ်နဲ့ လူသတ်မှုနဲ့ ဘာဆိုင်သလဲလို့ဆိုပြီး ခင်ဗျား လာမယ်မဟုတ်ဘူးလားဗျ"

ကျွန်တော်။ ။ "ဟုတ်ကဲ့၊ ဒီလက်စွပ်ဟာ ကျွန်တော့်မှာ တကယ် အရေး ကြီးရင်တော့ လာရမှာပေါ့လေ"

ရှား။ ။ "ကေန္တ သူ့မှာ အရေးကြီးပါတယ်ဗျ။ စိတ်သာချပါ။ အရေး မကြီးရင် ဟိုညကတည်းက သူ ဘာကြောင့် တစ်ခေါက်ပြန်လာလိမ့်မှာလဲဗျာ။ စိတ်ချပါ ကိုသိန်းမောင်၊ ကျုပ်တို့လူ လာမှာ ကေန္တပါ။ ဒါထက် ခင်ဗျားမှာ ဘာလက်နက်များရှိသလဲ"

ကျွန်တော်။ ။ "တုတ်လောက် ဘာလောက် ရှိတာပဗျာ"

ရှား။ ။ "မဖြစ်ဘူး။ ဒီလောက်နဲ့ မလုံလောက်ဘူး။ ကျုပ်တို့လူက တကယ့်အရေးဆိုရင် ဘာမှ ရှောင်မယ့်လူမဟုတ်ဘူးဗျ။ ခင်ဗျား ခြောက်လုံးပြူး ကိုင်တတ်ရဲ့လား"

ကျွန်တော်။ ။ "ကိုင်တတ်ပါတယ်"

ရှား။ ။ "နေရာကျပြီ။ ရော့ ကျုပ် ခြောက်လုံးပြူးကို ခင်ဗျား ယူထား။ သို့သော် ခြောက်ရုံ ခြောက်ဖို့ဗျနော်။ ကိုယ့်အသက်ကို ကာကွယ်ရေးကလွဲလို့ အသုံးပြုဖို့ မဟုတ်ဘူးဗျနော်"

ကျွန်တော်။ ။ "နားလည်ပါတယ်"

ရှား။ ။ "ကျုပ်တော့ မျက်စိလျင်ခြင်းနဲ့ လက်မြန်ခြင်းလောက်ကိုသာ အားကိုးပြီး ဒီတုတ်လောက်ဆိုရင် လုံလောက်ပါပြီ"

mgyoe.com

mgyoe.com

ဦးစံရှားသည် ယမ်းတောင့် အပြည့်ထိုးထားသော သူ၏ခြောက်လုံးပြူး သေနတ်တစ်လက်ကို ကျွန်တော့်အား ပေးထား၍ သူကိုယ်တိုင်မှာမူ ရှားနှစ်တုတ်တစ်ချောင်းကို ကုလားထိုင်အနီးတွင် ထောင်ထားခြင်းအားဖြင့်သာလျှင် ကာကွယ်ထားလေ၏။

ရှား။ ။(နာရီကို မော့ကြည့်လျက်) "၉ နာရီတော့ ထိုးနေပြီဗျို့။ ကျုပ်ကြော်ငြာကို မြင်ရင်တော့ ကျုပ်တို့လူ လာမယ့်အချိန် နီးနေပြီ။ လက်ငြိမ်ရဲ့နော် ကိုသိန်းမောင်"

ကျွန်တော်။ ။"ငြိမ်ပါတယ်"

ရှား။ ။"အပေါ်အင်္ကျီဝတ်ထားပြီး သေနတ်ကို အိတ်ထဲမှာ ထည့်၊ လက်နှိုက်၊ အဲဒီလိုကိုင်ပြီး ချိန်ထား။ အဲ ဟုတ်ပြီ။ ဟော လှေကားက ခြေသံကြားတယ်ဗျို့။ ကျုပ်တို့လူ လာပြီထင်တယ်"

ထိုခဏ၌ ကျွန်တော်တို့သည် ကုလားထိုင်တွင် အသီးသီးထိုင်နေကြရာမှ လှေကားတစ်လျှောက် တက်လာသော ခြေသံများ ကြားကြရလေရာ ကျွန်တော်မှာ ရင်ထဲတွင် တဒုန်းဒုန်း တဒိန်းဒိန်း မြည်အောင် လှုပ်ခုန်လျက်ရှိလေ၏။ ဦးစံရှားမှာ ခြေသံကို နားစိုက်၍ထောင်နေရာမှ အံ့သြသောမျက်နှာထားမျိုး ဖြစ်ပေါ်လာခြင်းကို ကျွန်တော် တွေ့လိုက်ရ၏။ ခြေသံသည် လှေကားတစ်လျှောက် ခပ်ဖြည်းဖြည်း တက်လာရာ တံခါးဝသို့ရောက်လာသောအခါ ရပ်တန့်၍ တံခါးသည် ဖြည်းညင်းစွာ ပွင့်လာ၍ ဦးခေါင်းတစ်လုံး လျှိုသွင်းလိုက်သည်ကို မြင်သဖြင့် ကျွန်တော်မှာ ဆတ်ခနဲဖြစ်အောင် လန့်သွားမိ၏။ အကြောင်းဆိုသော် ကျွန်တော်တို့ မျှော်လင့်နေကြသည့် ထွားကျိုင်းသန်မာလှစွာသော ရာဇဝတ်ကောင်မျိုး မဟုတ်ဘဲ အရေများ တွန့်လိမ်လျက်ရှိသော ကုလားအမယ်အိုကြီး တစ်ယောက်၏ ဦးခေါင်း ဖြစ်နေသောကြောင့်ပေတည်း။

အမယ်အိုကြီးက ဟိန္ဒူစတန်နီဘာသာနှင့် "သိန်းမောင် ဆပ် ဟိုင်း" ဟု မေး၍ ကျွန်တော်က "ဟိုင်း ဟိုင်း"ဟု ပြန်ပြောရာတွင် အမယ်အိုကြီးသည် ဦးခေါင်းရော ကိုယ်ပါ အခန်းတွင်းသို့ ဝင်လာလေ၏။ အခန်းတွင်းသို့ ရောက်သောအခါ အမယ်အိုသည် မျက်လုံးများကို လက်တစ်ဖက်နှင့် ကာကွယ်လျက် တစ်ဖက်သောလက်နှင့် အင်္ကျီအိတ်ကို နှိုက်လေ၏။ ထို့နောက် သတင်းစာမှ ကြော်ငြာကော်လံ ဖြတ်ပိုင်းကလေးကို ထုတ်ပြရင်း ဟိန္ဒူစတန်နီဘာသာဖြင့် "မြေးကလေး အမိနာရဲ့လက်စွပ်ပါ မောင်ရယ်၊ သူ့ယောကျ်ားက သင်္ဘောမှာ အလုပ်လုပ်ပါတယ်။ သူ့ယောကျ်ား မန္တလေးသင်္ဘောနဲ့ ပြန်လာလို့ လက်စွပ်

mgyoe.com

မရရှိရင် အမိနာကို ရိုက်ပါလိမ့်မယ်။ မနှစ်က လက်ထပ်တုန်းက သူ ဝယ်ပေး ထားတဲ့ လက်စွပ်ပါ မောင်ရယ်။ ဂျိုးဇက်က အရက်က မူးမူး"

ကျွန်တော်။ ။ (လက်စွပ်ကို ထုတ်ပြလျက်) "ဒီလက်စွပ် ဟုတ်ကဲ့လား"

အမယ်ကြီး။ ။ "အများကြီး ဆလံပေးပါတယ် မောင်ရယ်၊ ဟုတ်ပါတယ်။ ဒီလက်စွပ်ပါပဲ"

ကျွန်တော်။ ။ (ခဲတံကို ကောက်ယူလျက်) "ခင်ဗျားနေတော့ ဘယ်မှာ နေသလဲ"

အမယ်ကြီး။ ။ (ဖျတ်ခနဲ လှည့်ကြည့်၍) "အမေကြီးနေတာက ထောင် ကြီးဘေးမှာ။ အမိနာက မြေနီကုန်းမှာ နေပါတယ်။ အမေကြီးဆီကအပြန် လမ်းမှာ သူ့လက်စွပ် ကျတ်ကျတယ် ထင်ပါတယ်"

ရှား။ ။ "အမေကြီးနာမည်ကို ဘယ့်နှယ်ခေါ်သလဲ"

အမယ်ကြီး။ ။ "မစွစ်ဆင်နရယ် ခေါ်ပါတယ်။ မြေးကလေးက မစွစ် အမိနာဂျိုးဇက် ခေါ်ပါတယ်။ ဂျိုးဇက်က မန္တလေးသင်္ဘောမှာ ဘဏ္ဍာစိုး လုပ် ပါတယ်။ လူကောင်းကလေးပါ မောင်ရယ်။ အလုပ်ကိုလည်း ကြိုးစားလုပ်ပါ တယ်။ နို့ပေမဲ့…"

ကျွန်တော်။ ။ (ဦးစံရှားက မျက်ရိပ်ပြလိုက်သဖြင့်) "ကိုင်း…ကိုင်း… အမေကြီး၊ အဝေးကြီး ပြန်ရဦးမယ်။ ပြန်ပါတော့။ ဥစ္စာရှင် အစစ်အမှန်ကို တွေ့တဲ့အတွက် ဝမ်းသာပါတယ်။ ကိုင်း…ကိုင်း…ပြန်ပေတော့"

အမယ်ကြီးသည် လက်စွပ်ကလေးကို ခါးထဲတွင်လိမ်၍ ထည့်ရင်း ကျေးဇူး တင်စကားများ ထပ်လောင်း ပြောကြားပြီးနောက် အိမ်ပေါ်မှဆင်းသွားလေ၏။ ဦးစံရှားသည် ထိုင်ရာမှ ရုတ်တရက် ထ၍ မိုးကာအင်္ကျီနှင့် ဦးထုပ်ကို ဝတ်ဆင် ပြီးလျှင် "ကိုင်း ကိုသိန်းမောင်၊ ခင်ဗျား စောင့်ရစ်ဦးဗျာ။ ကျုပ်တော့ အမယ် ကြီးနောက် လိုက်ကြည့်စမ်းမယ်။ ကေန္တ ကျုပ်တို့တွေ့ချင်တဲ့လူဆီကို ဒီအမယ် ကြီး သွားလိမ့်မယ်ထင်တယ်။ မအိပ်နဲ့ဦးနော်။ စောင့်ဦး။ ကြားလားဗျို့"

ကျွန်တော်သည် အိမ်ရှေ့ပြတင်းပေါက်မှ လမ်းပေါ်သို့ မျှော်ကြည့်လိုက် သောအခါ ကုပ်ကုပ် ကုပ်ကုပ်နှင့် သွားနေသော အမယ်ကြီးနှင့် မနီးမဝေး နောက်နားဆီမှ ဦးစံရှားက လိုက်ပါသွားသည်ကို တွေ့မြင်လိုက်လေ၏။ 'ဒီလူ အတွေးမှားရင်လည်း မှားရမယ်။ မမှားလို့ရှိရင်လည်း ဟိုငနဲကို ခြေရာခံမိတော့ မယ် ကေန္တပဲ' ဟု ကျွန်တော့်စိတ်ထဲ၌ အောက်မေ့မိသေး၏။ ကျွန်တော်မှာ ထိုအမှု၌ စိတ်ပါဝင်စားလျက် ရှိရကား ဦးစံရှားက အိပ်နှင့်ပါဟု ပြောစေကာမူ လည်း မအိပ်နိုင်သဖြင့် စောင့်နေမည်သာလျှင် ဖြစ်ချေ၏။

mgyoe.com

ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဝတ္ထုစာအုပ်ကို ဖတ်ရှုလျက်ရှိရာ နာရီကို မကြာခဏ မော့၍ကြည့်မိ၏။ ၁၀ နာရီထိုးသော်လည်း ဦးစံရှား မပေါ်လာ။ ၁၂ နာရီထိုးကာမှ လှေကားမှ တက်လာသော ဦးစံရှား၏ ခြေသံကို ကြားရ၏။ ကျွန်တော်သည် သူ၏မျက်နှာကို မော့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ကိစ္စနေရာမကျခဲ့ကြောင်း ရိပ်မိ၏။ ပထမဦး ဦးစံရှား၏ မျက်နှာတွင် စိတ်ပျက်ခြင်း၊ အခံခက်ခြင်းနှင့် ရယ်ချင်ခြင်းတို့သည် ရောထွေးလျက်ရှိရာ နောက်ဆုံး၌ သူသည် ကုလားထိုင်ပေါ်သို့ ပစ်သုံ့လျက် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

**ရှား**။ ။ "ဒီးခကြောင်းကို ကိုအုန်းဖေတို့လူစု ကြားသွားရင် လှောင်လို့ ပြောင်လို့ ဆုံးနိုင်တော့မှာ မဟုတ်ဘူးဗျို့။ ကျုပ်က ပြောင်ခဲ့ လှောင်ခဲ့သမျှ တွေကို ဘယ်လောက်များ အတိုးနဲ့ ပြန်လှောင်လိုက်ကြမလဲလို့၊ နေနှင့်ဦးပေါ့ ကွယ်၊ တစ်နေ့တော့ ငါ့လက်ထဲက မင်း ဘယ်မှ လွတ်အောင် ရှောင်ထွက်နိုင်မယ့်လူ မဟုတ်ပါဘူး"

**ကျွန်တော်**။ ။ "ဘယ်လိုဖြစ်ခဲ့တာလဲလို့ ပြောပြပါဦးတော့ဗျာ"

**ရှား**။ ။ "ခင်ဗျားတစ်ယောက်တော့ ကျုပ် ရှုံးခဲ့တဲ့အကြောင်း ပြောပြဖို့ ဝန်မလေးလှပါဘူးလေ။ ဒီလိုဗျ။ ခုနက သတ္တဝါက အိမ်ပေါ်ကဆင်းလို့ နည်းနည်းပါးပါး သွားမိရင်ပဲ ခြေနှာသလိုလို ဖြစ်လာပါရောဗျာ။ လမ်းထောင့် ရောက်တော့ မြင်းရထားတစ်စီး အခနဲ့သင့် တွေ့တာနဲ့ ရထားပေါ်တက်ပြီး 'ထောင်ကြီးဘေး မောင်းစမ်း'တဲ့။ အမိန့်ပေးပါရောဗျား။ ကျုပ်က ဒီ့ပြင် မြင်းရထားတစ်စီးနဲ့ လိုက်ဖို့ကြည့်တော့ မြင်းရထားအခနဲ့သင့် မတွေ့တာနဲ့ ကျုပ် ဘယ့်နှယ်လုပ်တယ်ထင်သလဲ"

**ကျွန်တော်**။ ။ "လန်ချားနဲ့ လိုက်ကရောလား"

**ရှား**။ ။ "ဘာ ဟုတ်လိမ့်မလဲဗျာ၊ မြင်းရထားနောက်မြီး ခိုလိုက်ရတာ ပေါ့။ ဟီး ဟီး။ ငယ်ငယ်တုန်းကအဖြစ် သွားသတိရမိသေးတယ်။ ကုလားက ကြာပွတ်နဲ့ရိုက်ချလို့ လမ်းဘေး ကျောက်ခဲပုံက ကျောက်ခဲနဲ့ ကောက်ပေါက် ပြေးခဲ့ရတာမျိုးတွေ ခင်ဗျားတို့ မလုပ်ဖူးဘူးလား မဆိုနိုင်ဘူး"

**ကျွန်တော်**။ ။ "မြို့ပေါ်က ကလေးတွေဆိုရင် ငါမျိုး ဘာကင်းမလဲဗျာ။ ဒါထက် ဆိုစမ်းပါဦး"

**ရှား**။ ။ "မြင်းရထားကလည်း မော်တင်လမ်းဘက်ကို ဆိုက်ဆိုက်မြိုက် မြိုက် မောင်းသွားတာပေါ့လေဗျာ။ ကော်မရှင်နာလမ်းနဲ့ မော်တင်လမ်းထောင့်

mgyoe.com

mgyoe.com

ကျတော့ မြင်းရထားက ဖြုတ်ဆို အရပ်လိုက်မှာ ကျုပ်က ဖြုတ်ဆို ရထားနောက် မြီးက ခုန်ဆင်းပြီး လမ်းဘေးက ခပ်အေးအေး ကြည့်နေတာကိုးဗျ။ ရထားကုလား က လက်ဦးတော့ သူ့နေရာက ငုံ့ပြီး ဘယ်ဘက်မောင်းရမလဲလို့ မေးသဗျ။ အထဲက ဘာမှပြန်မပြောဘူး။ ဒါနဲ့ ကုလားက ရထားပေါ်ကဆင်းပြီး ရထား တံခါး ဖွင့်ကြည့်ပါရောဗျာ။ ကြည့်တော့ အမယ်ကြီးနဲ့ တူလို့ ငါးခူငါးပိတောင် မတွေ့ဘူး။ ဟာ စူဝက်ရော၊ စူခွေးရော ဆဲလိုက် ဆိုလိုက်တာ ဘာပြောကောင်း မလဲဆို ခင်ဗျားနယ်"

**ကျွန်တော်**။ ။ "အလို၊ အမယ်ကြီးက ခင်ဗျားတို့မသိအောင် ရထားပေါ်က ခုန်ဆင်းချသွားတယ်ပေါ့လေ"

**ရှား**။ ။ "ဘယ်က အမယ်ကြီး ဟုတ်လိမ့်မှာလဲ ကိုသိန်းမောင်။ ခင်ဗျား တို့၊ ကျုပ်တို့ထက် မနည်းဖျတ်လတ်တဲ့ အရွယ်ကောင်း ယောကျ်ားတစ်ယောက် ပေါ့ဗျ။ ဖျတ်လတ်တာထက် ဟန်ဆောင်ကောင်းတာ ကျုပ် ချီးမွမ်းလှတယ်ဗျာ။ ကျုပ်လည်း ရုပ်ပြောင်းရုပ်လွှဲ တော်တော်ကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ချီးမွမ်းလာခဲ့တာ။ ဒီလူကျတော့ ဆလံပေးရမလိုလို ဖြစ်နေပြီကောဗျာ။ ပြောပုံ ဆိုပုံရော၊ မျက်နှာထားရော၊ ကိုယ်ဟန်အမူအရာရော ဘယ်လောက်နေရာကျတဲ့ လူတစ်ယောက်လဲဗျာ။ ဟင် ကိုသိန်းမောင်။ ကျုပ်တို့နှစ်ယောက်ကိုတော့ ကောင်း ကောင်း လိမ့်သွားတော့တာပဲ"

**ကျွန်တော်**။ ။ "နေပါဦးဗျာ၊ ခင်ဗျားနောက်က လိုက်လာတာကို သူ ရိပ်မိလို့ဟာလား"

**ရှား**။ ။ "ရိပ်မိလို့ ရှောင်ထွက်တာပေါ့ ကိုသိန်းမောင်ရဲ့၊ ကြိုက်တယ်ဗျာ။ ကျုပ် သိပ်ကြိုက်တယ်။ ဒီလိုလူမျိုးနဲ့ စခန်းသွားရမှ ကျုပ်မှာလည်း ဉာဏ်တိုး တာမျိုးဗျ။ ကိုင်း ကိုသိန်းမောင်၊ ခင်ဗျာ့ကြည့်ရတာ အိပ်ချင်ပုံပေါ်ပြီ။ အိပ်ချေ ပေတော့ဗျာ"

ကျွန်တော်သည် စင်စစ် အိပ်ချင်လှပြီဖြစ်သောကြောင့် အိပ်ခန်းသို့ဝင်၍ အိပ်လေရာ တစ်ရေးနိုးသဖြင့် လှမ်းကြည့်လိုက်သောအခါတွင်မူကား ဦးစံရှားမှာ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ တယော တကျိုကျို ထိုးရင်း စဉ်းစား စိတ်ကူးလျက်ပင် ရှိနေသေးကြောင်း တွေ့မြင်ရပေသတည်း။

---

mgyoe.com

mgyoe.com

# ၄

## ကိုသန်းတင်၏ ဉာဏ်စွမ်း

နောက်တစ်နေ့ နံနက်တွင် အင်္ဂလိပ်သတင်းစာများနှင့် မြန်မာသတင်းစာများသည် ဘောင်ဒရီလမ်း လူသတ်မှုအကြောင်းနှင့် ပတ်သက်၍ အထူးတလည် ချဲ့ထွင်ရေးသားလျက်ရှိကြ၏။ အဖြစ်အပျက်ကို ဖော်ပြပုံမှာ တစ်ခုနှင့်တစ်ခု ခြားနားခြင်း မရှိလှသော်လည်း ခေါင်းစဉ်တပ်ပုံများမှာမူ ဖတ်ရှုသူ၏စိတ်ကို ထိခိုက်တုန်လှုပ်စေခြင်းငှာ အယ်ဒီတာများက ဉာဏ်အမျိုးမျိုး ကွန့်လျက် အကြီးဆုံးသော စာလုံးကြီးများနှင့် ထင်ရှားအောင် ဖော်ပြကြ၏။

'မြန်မာပြည်အတွင်း ဖြစ်ပွားခဲ့ဖူးသော ရာဇဝတ်မှုများ၏ ရာဇဝင်တွင် ဤအမှုကဲ့သို့ ထူးဆန်းသောအမှုဟူ၍ တစ်ခါဖူးမျှ မကြုံဖူးခဲ့ရကြောင်း၊ သတ်သောသူက မိမိ၏နာမည်ကို အင်္ဂလိပ်လို အတိုကောက် ရေးသားထားခြင်း၊ မည်သည့်ရည်ရွယ်ချက်နှင့် သတ်ဖြတ်သည်ဟူ၍ မထင်ရှားခြင်းတို့ကို ထောက်သော် တိုင်းရေးပြည်ရေးနှင့် ပတ်သက်သော လူသတ်မှု တစ်ခုဟူဟု တွေးထင်ဖွယ်ရှိကြောင်း၊ အိန္ဒိယတိုင်းသားများသည် ရုရှလူမျိုးတို့၏ နဟီလစ် (Nihilist) ဝါဒကို အတုခိုး နည်းယူတတ်ကြကြောင်း ကြားကြရဖူးသဖြင့်လည်း အထက်ပါတွေးထင်ချက်မှာ သာ၍ပင် ယုတ္တိရှိကြောင်း'

စသည်ဖြင့် အင်္ဂလိပ်သတင်းစာတစ်စောင်က အယ်ဒီတာ၏ စိတ်ကူးစိတ်သန်းများကိုပါ ထုတ်ဖော်ရေးသားလိုက်သေး၏။

အခြားသတင်းစာတစ်စောင်ကမူကား–

'ကွယ်လွန်သူ မစ္စတာ ဝေသကမှာ မိတ်ဆွေ မစ္စတာဟိန္ဒကနှင့် အတူ အိန္ဒိယပြည် ရာဇပုတ္တနနယ်မှ ရန်ကုန်မြို့သို့ အလည်အပတ်လာ၍ ဘရုတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)၊ တိုက်နံပါတ် ၄၈၊ မုဆိုးမကြီး မစ္စစ်ဒေးဗစ်၏ နေအိမ်တွင် တည်းကိုနေထိုင်ခဲ့ကြောင်း၊ ထိုသူနှစ်ယောက်တို့မှာ လွန်ခဲ့သော အင်္ဂါနေ့တွင် ဟိုတယ်မှထွက်လာကြ၍ ရန်ကုန်ဘူတာကြီးသို့ သွားကြသည်ဆိုရာ စကြံပေါ်တွင် သူတို့နှစ်ယောက်တွဲ စကားပြောနေခြင်းကို မြင်လိုက် ရသူများရှိကြောင်း၊ ထိုအချိန်မှစ၍ သူတို့နှစ်ယောက်၏ သတင်းကို မကြားရတော့ဘဲ ဘောင်ဒရီလမ်း 'ကိုးဇီးဗီလာ' အိမ်၌ မစ္စတာဝေသက၏ အလောင်းကို တွေ့ရတော့သည်ဆိုကြောင်း၊ မစ္စတာ

mgyoe.com

mgyoe.com

စေသကသည် ထိုအိမ် သို့ ဘယ်နည်းဘယ်ပုံ ရောက်၍ ဘယ်နည်းဘယ်ပုံ အသတ်ခံရသည်ဟု မည်သူမျှ မပြောနိုင်ကြောင်း၊ မစ္စတာဟိန္ဒကမှာမူ ယခု သတင်းရေးသော အချိန်တိုင်အောင် ခြေရာခံ၍ မရသေးကြောင်း' စသည်ဖြင့် ရေးသားဖော်ပြလိုက်၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် အထက်ပါသတင်းများကို နံနက် ကော်ဖီသောက်ရင်း ဖတ်ရှုကြရလေရာ ဦးစံရှားမှာ ပြုံးပြုံးကြီး လုပ်နေသဖြင့်–

**ကျွန်တော်**။ ။ "ခင်ဗျားက ဘာပြုံးတာလဲဗျ"

**ရှား**။ ။ "သတင်းစာဆရာတွေ ဉာဏ်ကွန့်မြူးပုံကို ကျုပ်က တွေးမိလို့ပါ။ အထူးသဖြင့် အင်္ဂလိပ်သတင်းစာတွေက အိန္ဒိယနဲ့ ပတ်သက်လာပြီဆိုမှဖြင့် တိုင်းရေးပြည်ရေးချည်း သူတို့ တွေးတော့တာပဲ။ ရှုပြည်က နည်းရပြန်သတဲ့။ ဟား ဟား ဟား"

ထိုခဏ၌ လှေကားမှ ခြေသံ အမြောက်အမြား ကြားရသဖြင့်–

**ကျွန်တော်**။ ။ (အံ့ဩစွာဖြင့်) "ဘယ့်နှယ်ဟာတွေလဲဗျ၊ မျောက်တွေများ လာကြပြန်သလား"

**ရှား**။ ။ "မျောက် ဟုတ်ရိုးလားဗျာ၊ လမ်း ၄၀ စုံထောက်အဖွဲ့ဆိုတာ သူတို့လူစုပေါ့"

နောက်တစ်ခဏ၌ တံခါးပွင့်လာ၍ ညစ်ပတ်ပေရေလှစွာသော ကော်ရင်ဂျီကုလားကလေး ၆ ယောက်ခန့်တို့သည် အခန်းတွင်းသို့ တိုးဝှေ့ကာ ဝင်လာကြလေ၏။

"တန်းစီလိုက်စမ်း" ဟု ဦးစံရှားက ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကုလားလေးများသည် စစ်သားများသဖွယ် ဣန္ဒြေကြီးစွာဖြင့် စီတန်းကာ ရပ်နေကြလေရာ ကျွန်တော့်မှာ မပြုံးမရယ်ဘဲ မနေနိုင်အောင် ဖြစ်မိလေ၏။

**ရှား**။ ။ "နောက်တစ်ခါ ကိစ္စရှိရင် အာချီယားတစ်ယောက်တည်း တက်လာခဲ့၊ မင်းတို့က လမ်းပေါ်က စောင့်နေရစ်။ ကြားလား"

**အားလုံး**။ ။ "ကောင်းပါပြီ ဆပ်"

**ရှား**။ ။ "တွေ့ခဲ့ပြီလားဟေ့ အာချီယား"

**ရှေ့ဆုံးက ကော်ရင်ဂျီ**။ ။ "မတွေ့သေးဘူး ဆပ်"

**ရှား**။ ။ "အေး၊ ငါလည်း တွေ့ဦးမယ် မထင်သေးပါဘူး။ မတွေ့မချင်း မင်းတို့ လိုက်ရှာရမယ် ကြားလား။ ကိုင်း ကိုင်း၊ ရော့၊ မင်းတို့ နေ့တွက်။ ကဲ သွားကြပေတော့၊ နောက်တစ်ခေါက် နေရာကျအောင် ကြိုးစားခဲ့ကြနော်"

mgyoe.com